BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၈၅) ခရစ်နှစ်၊ ၂၀၀၇ ခုနှစ်၊ ဇွန်လ | မြန်မာသက္ကရာဇ် (၁၃၆၉) | ( ၁၅-၁-၉၉ ) ရက်နေ့တွင်စတင်တည်ထောင်သည်။

## အမျိုးသားကောင်စီ သဘာပတိအဖွဲ့နှင့် အတွင်းရေးမှူးအဖွဲ့ ပူးတွဲအစည်းအဝေး ၄ / ၂၀၀၇ အား ကျင်းပ



အမျိုးသားကောင်စီ သဘာပတိအဖွဲ့နှင့် အတွင်းရေးမှူးအဖွဲ့ ပူးတွဲအစည်းအဝေးကျင်းပနေစဉ်

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား ကောင်စီသဘာပတိအဖွဲ့နှင့် အတွင်းရေးမှူး အဖွဲ့ဝင်များ၏ ပူးတွဲအစည်းအဝေးကို ဇွန်လ (၁၄) ရက်နှင့် (၁၅) ရက်နေ့များ၌ ထိုင်း မြန်မာနယ်စပ်တနေရာ၌ကျင်းပခဲ့ရာ သဘာ ပတိအဖြစ် အဲန်စီယူဘီဥက္ကဋ္ဌကြီး ဗိုလ်ချုပ် ကြီး စောတာမလာဘောက တာဝန်ယူပြီး အခမ်းအနားမှူးများအဖြစ် အဲန်စီယူဘီ တွဲ ဘက် အထွေထွေအတွင်းရေးမှူး (၁) ဦးမြင့် သိန်းနှင့် တွဲဘက်အထွေထွေအတွင်းရေးမှူး (၂) ဦးမျိုးဝင်းတို့မှ တာဝန်ယူဆောင်ရွက် ခဲ့ကြောင်းသိရှိရသည်။

ယင်းအစည်းအဝေးသို့ လက်ရှိ သဘာ ပတိအဖွဲ့ဝင် (၇) ဦး၊ အတွင်းရေးမှူးအဖွဲ့ ဝင် (၈) ဦးတို့အပြင် အဲန်အယ်လ်ဒီအယ်လ်အေ အတွင်းရေးမှူး ဦးမြင့်စိုး၊ ဒီအေဘီ အထွေ ထွေအတွင်းရေးမှူး ဒေါက်တာကျော်ညွန့် နှင့် အဲန်စီယူဘီရေးရာကော်မီတီများ၏ အ ကြီးအကဲများ၊ ဒါရိုက်တာများ တက်ရောက် ၍ လုပ်ငန်းဆိုင်ရာအစီအရင်ခံစာများကို တင်ပြခဲ့ကြောင်းသိရှိရသည်။

အစည်းအဝေးတွင် နအဖ၏အတုအ ယောင်အမျိုးသားညီလာခံကျင်းပနေမှု၊ လမ်း ပြမြေပုံ (၇) ဆင့်အား အကောင်အထည် ဖော်ရန်အလားအလာ၊ ပြည်သူလူထု၏ လက်

● စာမျက်နှာ (၄) ကော်လံ (၁) သို့ ...

## ရွှေစ်ကြိမ်မြောက် မြန်မာနိုင်ငံအမျိုးသမီးများနေ့ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့၌ အဖွဲ့ချုပ်တွင် ကျင်းပ

နေအိမ်အကျယ်ချုပ်ကျခံနေရဆဲဖြစ် သော လူထုခေါင်းဆောင်ဒေါ်အောင်ဆန်း စုကြည်၏ (၆၂) နှစ်မြောက်မွေးနေ့ကို အ ထိမ်းအမှတ်ပြုထားသော မြန်မာနိုင်ငံအမျိုး သမီးများနေ့၏ (၈) ကြိမ်မြောက်အခမ်း အနားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဌာနချုပ်ရုံးတွင် ဇွန်လ (၁၉) ရက်နေ့ နံ နက် (၁၀) နာရီက ဗဟိုအမျိုးသမီးလုပ်ငန်း အဖွဲ့က ကြီးမှူးကျင်းပခဲ့ကြောင်း သိရှိရ သည်။

ယင်းအခမ်းအနားတွင် ဒေါ်အောင် ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအား လုံး လွတ်မြောက်စေရေးအတွက် ရည်ရွယ်၍ ခိုင်ဂှက်များကို ဘေးမဲ့လွှတ်ပေးခဲ့ပြီး အကျဉ်း ကျခံနေရသည့် နိုင်ငံရေးအကျဉ်းသား မိ သားစုဝင်ကလေးများအတွက် ပညာရေး ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်ဟု သတင်းရရှိသည်။

ဇွန်လ (၁၉) ရက်နေ့စွဲဖြင့် စာမျက်နှာ (၃) မျက်နှာပါ “ဒေါ်အောင်ဆန်းစုကြည်၏ (၆၂) နှစ်ပြည့် မြန်မာနိုင်ငံအမျိုးသမီးများ နေ့တွင် ထုတ်ပြန်သော ဗဟိုအမျိုးသမီးလုပ် ငန်းအဖွဲ့နှင့် စာတမ်း”ဟူသော စာတမ်းကို အဲန်အယ်လ်ဒီမှ ထုတ်ပြန်ခဲ့သည်။ ယင်းစာ တမ်းတွင် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုး သားပြန်လည်သင့်မြတ်ရေးစိတ်ဓာတ်ကို လည်းကောင်း၊ တွေ့ဆုံဆွေးနွေးအဖြေရှာ နိုင်ရေးအတွက် အာဃာတကင်းစင်မှုကိုလည်း ကောင်း၊ ပြည်သူလူထုကြီးမှ သူမအပေါ်ထား ရှိသောယုံကြည်ကိုးစားမှုနှင့် အုံ့မခန်းထောက် ခံမှုကိုလည်းကောင်း ဖော်ပြထားပြီး တပ်မ တော်အပေါ်ထားရှိသည့် မှန်ကန်တည့်မတ် သော သဘောထားကိုပါ အလေးအနက် ရေးသားထားသည်ကို တွေ့ရသည်။ စာတမ်း ၏ နိဂုံးပိုင်းတွင်မူ ဒေါ်အောင်ဆန်းစုကြည် နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး ခြွင်း ချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရေး၊ ဒေါ် အောင်ဆန်းစုကြည်နှင့် နအဖခေါင်းဆောင် တို့ တွေ့ဆုံဆွေးနွေးကြရန် တောင်းဆိုထား သည်။

ရန်ကုန်မြို့တွင်ကျင်းပခဲ့သော ယင်းအ ခမ်းအနားသို့ တက်ရောက်ရန် ရောက်လာ ကြသူများအား နအဖမှ နည်းမျိုးစုံဖြင့် ဟန့် တားပိတ်ပင်ခဲ့ကြောင်း၊ ဥပမာအားဖြင့် ကွမ်း ခြံကုန်း၊ ကော့မှူးနှင့် သံလျင်ဘက်မှလာ ကြသူများကို ပိတ်ပင်တားဆီးမှုများ ပြုလုပ် ကြောင်း၊ အထူးသဖြင့် လွှတ်တော်ကိုယ်စား လှယ်များ မလာရောက်နိုင်ရေးအတွက် မတ ရားတားဆီးကြောင်း၊ တချို့ကိုဖမ်းဆီးပြီး၊ အခမ်းအနားအပြီးတွင်မှ ပြန်လွှတ်ကြောင်း သိရှိရသည်။ အခမ်းအနားကျင်းပရာ အဖွဲ့ ချုပ်ရုံး မျက်စောင်းထိုးရှိ ရေတာရှည်လမ်း သစ်နှင့် ဘေးလမ်းများတွင် ကြံ့ခိုင်ဖွံ့ရေးနှင့် စွမ်းအားရှင်များက ကားအစီး (၃၀) ခန့်

● စာမျက်နှာ (၄) ကော်လံ (၁) သို့ ...

## ၂၀၀၇ ခုနှစ် မေ (၂၇) အဖွဲ့ချုပ် ကြေညာချက်ပါ အဓိကတောင်းဆိုချက်များ

၁။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အနေနဲ့ ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးပါရန် ကော်မရှင်၏ သီးသန့်အစီအရင်ခံစာကို လူသိရှင်ကြား အမြန်ဆုံးထုတ်ပြန်ပေးပါရန်။

၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ယခုအခါ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ထုတ်ပြန်ထားသော ဥပဒေတွေပေးထားတဲ့ ကတိကဝတ်များအရ ပြည်သူ့လွှတ်တော်ကို အမြန်ဆုံးခေါ်ယူဖွဲ့စည်းပေးရန်။

၃။ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကို ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်။

၄။ တိုင်းရင်းသားလူမျိုးများမပါဝင်ပဲ စစ်မှန်သော ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်ဆောက်နိုင်မှာ မဟုတ်ပါသောကြောင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်နှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များကို ပြစ်ဒဏ်ချမှတ်ထားခြင်းမှ အမြန်ဆုံးပြန်လွှတ်ပေးရန်။

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ကန့်သတ်ချက်များမရှိစေဘဲ အမြန်ဆုံး ပြန်လွှတ်ပေးရန်။

၆။ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရခဲ့ပြီး ဖျက်သိမ်းခြင်းခံနေရတဲ့ နိုင်ငံရေးပါတီများကို ပြန်လည်မှတ်ပုံတင်ခွင့်ပေး၍ လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့်ပေးရန်တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမြန်ဆုံးဆောင်ရွက်ပေးရန်။




အခမ်းအနားသို့ တက်ရောက်လာသော အဖွဲ့ချုပ်အဖွဲ့ဝင်များ

မင်းဆိုးကို မိုးကြိုး ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# လမ်းပြမြေပုံ (၇) ချက်ကို အဆင့်တိုင်းမှာ တိုက်ဖျက်ကြ

၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလတွင် ရပ်နားထားခဲ့သော ညောင်နှစ်ပင် အမျိုးသားညီလာခံကို လာမည့် ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ (၁၈) ရက်နေ့တွင် နောက်ဆုံးအကြိမ်အဖြစ် ပြန်လည်စတင်မည်ဖြစ်ကြောင်း ဇွန်လ (၅) ရက်နေ့တွင် နအဖမှ ကြေညာခဲ့သည်။

၁၉၉၃ ခုနှစ်မှစ၍ ကျင်းပခဲ့သည့် ကမ္ဘာ့အရှည်ကြာဆုံး ညီလာခံအဖြစ် သမိုင်းဝင်မည့် အတုအယောင်အမျိုးသားညီလာခံ၏ တရားဝင်မှုအခြေအနေမှာ ရယ်ပွဲဖွဲ့စရာဖြစ်သည်။ ၁၉၉၀ ပြည့် ရွေးကောက်ပွဲရလဒ်ဖြစ်၍သာ ပြည်သူ့လွှတ်တော်ခေါ်ယူပေးရေးကို လုံးဝလျစ်လျူရှုလျက် တရားမဲ့အမျိုးသားညီလာခံကိုကျင်းပရာ၌ ၎င်းတို့ထုတ်ပြန်သော အမိန့်ကြေညာချက် ၁/၉၀ ပါ "ရွေးကောက်ခံ ကိုယ်စားလှယ်များသည် အခြေခံဥပဒေကိုရေးဆွဲရန် တာဝန်ရှိသူများဖြစ်သည်" ဟူသော အချက်ကိုပါ အရှက်အကြောက်ကင်းမဲ့စွာ ပြောင်ဖုံးကွယ်ခဲ့သည်။ အဖွဲ့ချုပ်၏ ပျော့ပြောင်းညင်သာသော ချဉ်းကပ်မှုမျိုးစုံကို မျက်ကွယ်ပြုကာ ပြည်သူတရပ်လုံး၏ ဒီမိုကရေစီရေးမျှော်မှန်းချက်ကို ပယ်ချလျက် စစ်အာဏာရှင်စနစ်ကို တရားဝင်ထူထောင်ရေးကို တဖက်သတ်ကြိုးပမ်းလျက်ရှိသည်။ အချုပ်ဆိုရသော် ယခုကျင်းပနေသည့် အတုအယောင်အမျိုးသားညီလာခံအပါအဝင် နအဖ၏ လမ်းပြမြေပုံ (၇) ဆင့်သည် ပြည်သူလူထုတရပ်လုံးအား စစ်ကျွန်အဖြစ် သွတ်သွင်းမည့် မဟာဗျူဟာမြောက် စီမံကိန်းဖြစ်သည်။

မြန်မာပြည်လက်ရှိပဋိပက္ခ၏ အဓိက ဘက်နှစ်ဘက်ဖြစ်သော ပြည်သူလူထုတရပ်လုံးနှင့် စစ်အာဏာရှင်တစုတို့၏ စေ့စပ်ဖြေရှင်း၍မရသော တိုက်ပွဲ (Irreconcilability) သည် အဆုံးအဖြတ်တရပ်ဆီသို့ မလွဲမရှောင်သာ ဦးတည်နေပြီဖြစ်သည်။ စစ်အုပ်စုနှင့်ပူးပေါင်း၍ ကျွန်အဖြစ် သွတ်သွင်းသည်ကို လက်ခံမည်လော။ သို့တည်းမဟုတ် စစ်အုပ်စုအားဖြုတ်ချ၍ အနာဂတ်သားစဉ်မြေးဆက်တိုင် လွတ်လပ်သော လူမျိုးတမျိုးအဖြစ် ရပ်တည်မည်လောဆိုသည့် လမ်းနှစ်သွယ်အနက် လမ်းတသွယ်ကို လူတိုင်း၊ အဖွဲ့အစည်းတိုင်းက စိတ်ဆန္ဒအရမဟုတ်ပဲ ဘဝအရ ရွေးချယ်ရပေတော့မည်။

ခေတ်သစ်မြန်မာ့သမိုင်းကို ပြန်ပြောင်းသုံးသပ်ပါက ဖောက်ပြန်သောအုပ်ချုပ်ရေးစနစ်များကို အုပ်စိုးသူ အဆက်ဆက်က သူတို့အကျိုးစီးပွားအတွက် ချမှတ်လာလေတိုင်း၊ အဖိနှိပ်ခံပြည်သူတရပ်လုံးက ရဲရဲဝံ့ဝံ့ ပူးပေါင်းတော်လှန်တိုက်ပွဲဝင်ခဲ့ကြသည်ကို တွေ့ရသည်။ ဝံသာနုခေတ်၊ ၁၉၂၂ ခုနှစ် ဒိုင်အာခီအုပ်ချုပ်ရေးစနစ် ချလာသောအခါ၌လည်း တိုးတက်သော မျိုးချစ်ပြည်ချစ်တို့သည် ဟုမ်းမရူးကို တောင်းဆိုတိုက်ပွဲဝင်ခဲ့သည်။ ၁၉၃၆ ပထမကျောင်းသားသပိတ်၊ ၁၉၃၈ (၁၃၀၀) ပြည့်အရေးတော်ပုံတို့သည် (၉၁) ဌာနအုပ်ချုပ်ရေးကို ဆန့်ကျင်တိုက်ပွဲဝင်မှုများ၏ သင်္ကေတဖြစ်သည်။ ၁၉၄၂ ဂျပန်ခေတ် ဖွဲ့စည်းပုံကို ၁၉၄၅ တော်လှန်ရေးဖြင့် ဖျက်သိမ်းခဲ့သည်။ ၁၉၄၆ ကတ်စဘီအုပ်ချုပ်ရေး ဖျက်သိမ်းပြီး စက္ကူဖြူစာတမ်းကိုင်လာသော ဘုရင်ခံ ဆာဒေါ်မန်စမစ်အားလည်း လူတသိန်းကျော်တက်ရောက်သော နေသူရိန်အစည်းအဝေးနှင့် ပြည်လုံးကျွတ်အထွေထွေသပိတ်တို့ဖြင့် တိုက်ဖျက်ခဲ့ပြီး၊ ပြည်သူလူထုလိုလားသော အုပ်ချုပ်ရေး (၁၉၄၇) ကိုထူထောင်ခဲ့သည်။ ၁၉၇၄-၇၅-၇၆ ခုနှစ်ကာလ ပြင်းထန်သော လူထုတိုက်ပွဲဝင်မှုများသည် ၁၉၇၄ အခြေခံဥပဒေဆန့်ကျင်ရေး၊ နိုင်ငံရေး အဓိပ္ပါယ်ကို ဖော်ဆောင်နိုင်ခဲ့ကြသည်။ ၁၃၅၀ ပြည့်အရေးတော်ပုံကား ပြည်သူ့ကိုဖိနှိပ်သော ၁၉၇၄ အခြေခံဥပဒေကို အမြစ်မှတွန်းလှန်ဖယ်ရှားသော ပြည်လုံးကျွတ် လူထုလှုပ်ရှားမှုကြီးဖြစ်သည်။

ဆိုခဲ့ပါ သမိုင်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်တတ်သည့် အစဉ်အလာရှိသော မြန်မာလူမျိုးတို့သည် ဘိုးဘွားတို့၏ အစဉ်အလာအတိုင်း၊ ဖိနှိပ်သည့် ဥပဒေဖျက်သိမ်းရေးကို တိုက်ပွဲအားဖြင့် မဖြစ်မနေဆင်နွဲပြီး၊ ပိုမိုကောင်းမွန်ပေါ်လွင်သည့် ဒီမိုကရေစီလူ့ဘောင်တရပ်ကို အာမခံသော အခြေခံဥပဒေတရပ်ကို ဝိုင်းဝန်းတည်ဆောက်မည်ဆိုသည်မှာ ဗေဒင်မေး၊ ရတ်ရွေးစရာမလိုလောက်အောင် မှန်ကန်တိကျသည့် ကိစ္စဖြစ်သည်။ ဆိုပါ၍ ရှောင်လွဲရမရသော သမိုင်းတာဝန်ဖြစ်သည့် "နအဖ လမ်းပြမြေပုံ (၇) ချက်အား အဆင့်တိုင်းတွင် တိုက်ဖျက်ရန်" တည်းဟူသော လုပ်ငန်းတာဝန်အား ပြည်သူတရပ်လုံးမှ ပါဝင်ဆောင်ရွက်ကြရန် နှိုးဆော်ရပေသည်။ ❖

# ကျောင်းသားတပ်မတော်နှင့် အဲန်အယ်လ်ဒီ တာဝန်ရှိသူများတွေ့ဆုံ လုပ်ငန်းတူများကို အရှိန်မြှင့်ပူးပေါင်းဆောင်ရွက်ကြမည်



ကျောင်းသားတပ်မတော်နှင့် အဲန်အယ်လ်ဒီတာဝန်ရှိသူများ တွေ့ဆုံစဉ်

ဇွန်လ (၁) ရက်နေ့က မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) မှ ဥက္ကဋ္ဌ ကိုသံခဲနှင့် ဒုဥက္ကဋ္ဌ ကိုမျိုးဝင်းတို့ခေါင်းဆောင်သော အလုပ်အမှုဆောင်များနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဥက္ကဋ္ဌ ဦးတင်အောင်နှင့် အတွင်းရေးမှူး ဦးမြင့်စိုးတို့ခေါင်းဆောင်သော ဗဟိုကော်မတီဝင်များ အလွတ်သဘောညှိနှိုင်းဆွေးနွေးကြမည်ဟု သတင်းရရှိသည်။

ယင်းအစည်းအဝေးတွင် လက်ရှိအခြေအနေအရပ်ရပ်အပေါ် ကိုင်တွယ်လုပ်ဆောင်သင့်သောလုပ်ငန်းများကို အတူတကွ ပူးပေါင်းဆောင်ရွက်နေမှုများအား အရှိန်အဟုန်မြှင့်တိုးချဲ့ဆောင်ရွက်ရန် သဘောတူညီမှုများ ရရှိသည်။ ထို့အပြင် တပ်ပေါင်းစုရေးရာကိစ္စများကိုလည်း အမြင်ချင်းဖလှယ်ကြကြောင်း ဥက္ကဋ္ဌဦးတင်အောင်မှ မိုးကြိုးသို့ ထုတ်ဖော်ပြောကြားသည်။ ❖

# အပစ်ရပ်အဖွဲ့များသို့ ပန်ကြားချက် ဒီပီအဲန်အက်စ်မှ ထုတ်ပြန်

အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ပထမအဆင့် (အမျိုးသားညီလာခံ) နှင့်ပတ်သက်၍ ပြည်သူလူထုသို့ တင်ပြအစီရင်ခံကြရန်လိုအပ်ပြီး ရည်မှန်းချက်တူ အဖွဲ့အချင်းချင်း ညှိနှိုင်းပြင်ဆင်ကြရန် ဇွန်လ (၈) ရက်နေ့ကထုတ်ပြန်သော လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS) ၏ ထုတ်ပြန်ကြေညာချက်တွင် တွေ့ရှိရသည်။

ယနေ့အခြေအနေသည် စစ်အာဏာရှင်စနစ်လား၊ စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်လား ဟူသည်ကို ပြတ်ပြတ်သားသား ရွေးချယ်ရန်အခြေအနေသို့ ရောက်နေပြီဖြစ်ကြောင်း၊ နအဖညီလာခံက ချမှတ်နေသည့်အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများတွင် တိုင်းရင်းသားများ၏ လူမျိုးရေးနှင့် နိုင်ငံရေးအဆင့်နေရာကို တိတိကျကျအာမခံမည့် အချက်အလက်တစုံတရာ မတွေ့မြင်ရကြောင်း သုံးသပ်တင်ပြထားသည်။

ဇွန်လ (၁၃) ရက်နေ့ နေ့စွဲဖြင့် တိုင်းရင်းသားလူငယ်များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (မြန်မာပြည်) ကလည်း ညောင်နှစ်ပင် ထောက်ခံဆော်သြသူများဖြစ်သည့် ရှစ်ဆယ့်ရှစ်မျိုးဆက်ကျောင်းသား (ပြည်ထောင်စုမြန်မာနိုင်ငံ)၊ ဝံသာနုအဲန်အယ်လ်ဒီနှင့် အလံနီကွန်မြူနစ်ပါတီတို့မှ ဖောက်ပြန်ရေးဝါဒီများအား တောင်တန်းနယ်မြေများအား မလာရောက်ရန်၊ လာရောက်၍ သွေးထိုးလှုံ့ဆော်ပါက တောင်တန်းသားများမှ ကာကွယ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်။






# ၂၀၀၇ ခုနှစ် မေလ (၂၇) ရက်နေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ ၈၈ မျိုးဆက်ကျောင်းသားများ၊ ပြည်သူများ အဖွဲ့ချုပ်ရုံးရှေ့တွင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်ရေးအတွက်ဟောပြောပွဲနှင့် ဆုတောင်းပွဲတွင် ပြည်သူလူထု၏ သန္နိဋ္ဌာန်ချက်မှ ကောက်နှုတ်တင်ပြချက်အချို့



ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားအားလုံး ကြားပါစေသား …. သိပါစေသား ….။ အများအတွက် တိုင်းပြည်အတွက် …. ကိုယ်ကျိုးစွန့်၍ …. အနစ်နာခံ၍ …. နိုင်ငံရေးလုပ်၍ …. မိမိယုံကြည်ချက်အတွက် …. အကျဉ်းထောင်များ၌ …. နေအိမ်များ၌ …. မတရားဖမ်းဆီးခံနေရသော …. သူရဲကောင်းအပေါင်းအား …. ငါတို့ပြည်သူလူထုကြီးက …. ဦးညွှတ်လိုက်ပါတယ် ….ဂုဏ်ပြုလိုက်ပါတယ် ….။

သင်တို့ရဲ့စွန့်လွှတ်မှုများကို …. ငါတို့အတုယူရင်း …. သင်တို့ရဲ့လုပ်ဆောင်မှုများအတိုင်း …. ငါတို့လဲပေးဆပ်ဖို့ …. အဆင်သင့်ရှိနေပါပြီ …. မြင့်မြတ်တဲ့ …. တော်လှန်ရေးရဲဘော်အပေါင်းတို့ …. တို့တိုင်းတို့ပြည် …. ဒီမိုကရေစီရှိမှ …. လူ့အခွင့်အရေးရမှ …. ကမ္ဘာ့အလယ်မှာ …. ဂုဏ်သိက္ခာမြင့်မားသော …. လူမျိုးနဲ့တိုင်းပြည်အဖြစ် …. ရပ်တည်နိုင်မှာမို့ …. ဒီမိုကရေစီရသည်အထိ …. ငါတို့အားလုံး …. မဆုတ်မနစ် …. ဇွဲမလျှော့ဘဲ …. သတ္တိမွေး၍ …. သင်တို့ထုံးသို့နှလုံးမူကာ …. ဆက်လက်၍ …. အရေးတော်ပုံကြီးကို …. ဆင်နွှဲသွားမည်ဖြစ်ကြောင်း …. ကျနော်တို့ပြည်သူလူထုကြီးက …. အကျဉ်းကျခံရဲဘော်အပေါင်းအား …. ဤရွှေတိဂုံခြေတော်ရင်းမှ ….

အခိုင်အမာ …. ၊ သစ္စာဆိုပါတယ် …. ။
အခိုင်အမာ …. ၊ သစ္စာဆိုပါတယ် …. ။
အခိုင်အမာ …. ၊ သစ္စာဆိုပါတယ် …. ။

ကျောင်းသားခေါင်းဆောင် မင်းကိုနိုင် တိုင်တည်ပေးသည်။

● စာမျက်နှာ (၁၆) အင်တာဗျူးမှ …

တောင်းဆိုတိုက်ပွဲဝင် လှုပ်ရှားမှုတွေ အစဉ်ဆက်မပြတ်ဖော်ထုတ်နေဖို့ လိုပါတယ်။ ဘယ်သူ့ကိုမှ စောင့်နေစရာ၊ အားကိုးနေစရာ မလိုပါဘူး။ ဒီဆင်းရဲတွင်းထဲကနေ လွတ်မြောက်ဖို့ဆိုရင် ဘယ်ကယ်တင်ရှင်ကိုမှ ထိုင်စောင့်နေလို့ မရပါဘူး။ ကိုယ့်အခွင့်အရေးအတွက် ကိုယ်ကိုယ်တိုင် တောင်းဆိုတိုက်ပွဲဝင်မှပဲရမယ်။ ဘယ်နိုင်ငံကမှ လာပြီးတော့ ကူညီပေးမှာ မဟုတ်ဘူး။ ကယ်တင်ပေးမှာ မဟုတ်ဘူးဆိုတာ နှလုံးသွင်းပြီးတော့ အစဉ်ဆက်မပြတ်တိုက်ပွဲတွေ ဖော်နေဖို့လိုပါတယ်။ ထကြွလိုက်၊ ဖိနှိပ်ခံရလိုက်၊ ငြိမ်ကျသွားလိုက်၊ နောက်တဖန်ကာလတခုမှာ ပြန်ပြီးတော့ထကြွလိုက်၊ ပြန်ဖိနှိပ်ခံရလိုက်၊ ငြိမ်ကျသွားလိုက်ဆိုရင်တော့ ဒီသံသရာဝဋ်ဆင်းရဲကနေ ဘယ်တော့မှ လွတ်နိုင်မှာ မဟုတ်ပါဘူး။ ဒီအတွက် စဉ်ဆက်မပြတ် တိုက်ပွဲတွေဖော်နေဖို့ လိုအပ်ပါတယ်။

နံပါတ်လေးအချက်ကတော့ တယောက်အဖမ်းခံရရင် နှစ်ယောက်တိုးပြီးတော့ တိုက်ပွဲဝင်ဖို့ လိုပါတယ်။ တဆဖိနှိပ်ရင် နှစ်ဆတန်ပြန်လှုပ်ရှားဖို့ လိုပါတယ်။ အဓိကကတော့ ထိရောက်တဲ့၊ အကန့်အသတ်ရှိတဲ့ တန်ပြန်လှုပ်ရှားမှုတွေရှိနေဖို့ လိုပါတယ်။ ဥပမာ – ကျောင်းသားခေါင်းဆောင်တွေ အဖမ်းခံရတယ်ဆိုရင် အဖမ်းခံရတဲ့ဟာကို ငြိမ်မခံဘဲနဲ့ ကျန်ခဲ့တဲ့လူတွေက ဒီဟာကို ချက်ချင်းလွှတ်ပေးဖို့ တိကျတဲ့တောင်းဆိုမှုတွေနဲ့ တိုက်ပွဲဝင်ရပါမယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းထားတယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည် မလွတ်မြောက်မချင်း စဉ်ဆက်မပြတ် နေ့စဉ်နဲ့အမျှ တိုးပြီးတော့ တိုက်ပွဲဝင်နေဖို့လိုပါတယ်။ ဒီလို တန်ပြန်လှုပ်ရှားမှုမျိုး၊ တောင်းဆိုမှုမျိုး မရှိဘူးဆိုရင် အာဏာပိုင်တွေက လက်ရဲဇက်ရဲနဲ့ သူတို့လုပ်ချင်တာကို လုပ်နေကြဦးမှာပဲ။

နောက်ဆုံးပဉ္စမအချက်ကတော့ လူထုလိုက်ပါနိုင်စွမ်းရှိတဲ့၊ လူထုရဲ့ နေ့စဉ်ဘဝနဲ့နီးစပ်တဲ့၊ ဆက်စပ်မှုရှိတဲ့ အကြောင်းအရာနဲ့ တိုက်ပွဲနည်းနာပုံသဏ္ဌာန်တွေကို စဉ်ဆက်မပြတ် ရှာဖွေဖော်ထုတ်နေရမှာပဲ ဖြစ်ပါတယ်။ ဥပမာ – လျှပ်စစ်မီး မှန်မှန်မလာတဲ့ကိစ္စ၊ ရေမလာတဲ့ကိစ္စ၊ သွားရေးလာရေးခက်ခဲ့တဲ့ကိစ္စ၊ ကုန်ဈေးနှုန်းကျဆင်းရေးကိစ္စ၊ လူ့အခွင့်အရေး ချိုးဖောက်ခံနေရတဲ့ကိစ္စ၊ တရားဥပဒေစိုးမိုးမှုမရှိတဲ့ကိစ္စ အစရှိသဖြင့် ဒါတွေအတွက်၊ ဒါတွေကို တောင်းဆိုတိုက်ပွဲဝင်တဲ့ တိုက်ပွဲပုံသဏ္ဌာန်တွေ ရှာဖွေဖော်ထုတ်နေဖို့ လိုပါတယ်။ ဥပမာအားဖြင့် လျှပ်စစ်မီးမလာတာကို ဆန္ဒပြဖို့ဆိုရင် ည (၈) နာရီသတင်းလာတဲ့အချိန်မှာ အားလုံး မီးလာနေတဲ့အိမ်တွေအကုန်လုံးက (၅) မိနစ်၊ (၁၀) မိနစ်လောက် အမှောင်ချပစ်လိုက်တာမျိုး၊ ဒါကို နေ့စဉ်မပြတ် လှုပ်ရှားမှုပြုလာတယ်ဆိုရင် တပြည်လုံးအတိုင်းအတာနဲ့ ဆောင်ရွက်လာတယ်ဆိုရင် ထိရောက်တဲ့လှုပ်ရှားမှု Campaign အသွင်သဏ္ဌာန် တရပ်ဆောင်လာမှာပဲဖြစ်ပါတယ်။ သွားရေးလာရေးအတွက် ခက်ခဲတယ်၊ ဘတ်စ်ကားတွေ အလုံအလောက်မရှိဘူးဆိုရင် ဥပမာ စနေနေ့လိုနေ့မျိုး၊ တနင်္ဂနွေနေ့လိုနေ့မျိုးမှာ လမ်းမပေါ်မထွက်ရေး Campaign တွေ ဖော်ဖို့လိုပါတယ်။ တနေ့လုံး မထွက်လို့ မရဘူး။ မထွက်မဖြစ်ထွက်ရမယ်ဆိုရင်လည်း မနက်ဆယ်နာရီမတိုင်ခင် သွားရမယ့်နေရာ၊ ထွက်ရမယ့်နေရာကို သွားပြီးတော့ ဆယ်နာရီကနေ ညနေသုံးနာရီမတိုင်မချင်း လမ်းပေါ်မှာ မထွက်ဘူး။ သုံးနာရီကျော်မှပဲ ရောက်တဲ့နေရာကနေ ကိုယ့်အိမ်ကိုပြန်လာကြမယ် အစရှိသဖြင့်ပေါ့ နာရီအပိုင်းအခြားနဲ့၊ ရက်အကန့်အသတ်နဲ့ ဒါမျိုး Campaign တွေ ကြံဆလုပ်လို့လဲ ရနိုင်ပါတယ်။ ကုန်ဈေးနှုန်းတွေ ကျဆင်းရေး၊ ငွေစက္ကူဖောင်းပွတဲ့ဟာကိုလည်း ဆန္ဒပြချင်တယ်ဆိုရင် ငွေစက္ကူပေါ်မှာ အမှန်အမှတ်အသားလေးတွေ ခြစ်ပေးကြမယ်ဆိုရင် ပိုက်ဆံတိုင်းပေါ်မှာသာ၊ ငွေစက္ကူတိုင်းပေါ်မှာသာ အမှန်အမှတ်အသားတွေ လူတိုင်းက ခြစ်ကြမယ်ဆိုရင် ဒါအားလုံးက တပြည်လုံးမှာ ဒီအရေးအတွက် တောင်းဆိုလှုပ်ရှားမှုတွေ ဘယ်လောက်ရှိနေတယ်ဆိုတာ အာဏာပိုင်တွေအနေနဲ့ သိလာနိုင်ပါတယ်။ ကိုယ့်အချင်းချင်းလည်း ဒီငွေစက္ကူတွေကြည့်ပြီးတော့ အားရှိလာနိုင်ပါတယ်။ နအဖအနေနဲ့လည်း တပြည်လုံးမှာရှိသမျှ ငွေစက္ကူတွေအပေါ်မှာသာ အမှန်အမှတ်အသားတွေရှိနေတယ်ဆိုရင် ငွေစက္ကူဖျက်သိမ်းရေးတို့ ဘာတို့ လုပ်ရဲမှာ မဟုတ်တော့ပါဘူး။ နောက် နအဖ လိမ်ညာဝါဒဖြန့်တာတွေကို ဆန့်ကျင်တဲ့အနေနဲ့ မြန်မာ့အလင်း မဖတ်ဘူး၊ ကြေးမုံမယူဘူး၊ စစ်အစိုးရအလိုကျရေးထားတဲ့ စာစောင်တွေ၊ ဂျာနယ်တွေ မဝယ်ဘူး၊ MRTV သတင်းလာရင် မီးမှိတ်နေမယ်၊ ကိုရီးယားကားလာတယ်ဆိုရင်တော့ ကြည့်မယ်ပေါ့လေ။ နောက်ဆုံး ရပ်ထဲရွာထဲမှာ ကျောင်းထဲမှာ တဦးနဲ့တဦး အချင်းချင်း ညာပြောနေတယ်၊ လိမ်ပြောနေတယ်ဆိုရင် စစ်အစိုးရ ဝါဒဖြန့်ချီရေးတွေကို ဆောင်ရွက်ပေးနေတဲ့၊ ကိုယ်စားပြုပြီး ပြောပေးနေတဲ့ ဦးကျော်ဆန်းကို လှောင်ပြောင်တဲ့အနေနဲ့ တယောက်ယောက်က လိမ်နေတယ် ညာနေတယ်ဆိုရင် *"တော်စမ်းပါ ကျော်ဆန်းရာ"* လို့ ဘန်းစကားထွင်ပြီးတော့ နောက်ပြောင်မယ် အစရှိသဖြင့်ပေါ့လေ။ ဒါက နမူနာအနေနဲ့ ကျနော်တင်ပြခြင်းဖြစ်ပါတယ်။ လူထုမှာ ဒီလို မကုန်ဆုံးနိုင်တဲ့ မကုန်ခမ်းနိုင်တဲ့နည်းနာတွေ အများကြီးရှိတယ်လို့ ကျနော် ယုံကြည်ပါတယ်။ အဲသလိုမျိုး လူထုလိုက်ပါနိုင်စွမ်းရှိတဲ့၊ လူထုနေ့စဉ်နေထိုင်မှုဘဝနဲ့ နီးစပ်တဲ့ ဆက်စပ်တဲ့ တိုက်ပွဲသဏ္ဌာန်တွေ စဉ်ဆက်မပြတ် ဖော်ထုတ်ပေးနိုင်မယ်ဆိုရင်လည်း လူထုလှုပ်ရှားမှုတွေဟာ လှုပ်ရှားသက်ဝင်ထကြွလာမယ်လို့ ကျနော်တော့ ယုံကြည်ပါတယ်။

ဒါတွေကတော့ ကျနော်လက်လှမ်းမီသလောက်၊ စဉ်းစားမိသလောက် တင်ပြတာဖြစ်ပါတယ်။ အားလုံး ဝိုင်းဝန်းကြံဆတီထွင်ကြဖို့၊ ဒီထက်မကလည်း တီထွင်ဖန်တီးနိုင်စွမ်း လူထုမှာရှိတယ်ဆိုတာ ကျနော်ယုံကြည်ပါတယ်။ *"လူထုသည်သာ အခရာ"* အရာရာကို အဆုံးအဖြတ် ပေးနိုင်တယ်ဆိုတာ ယုံကြည်ပါတယ်။❖

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် (၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၇ ခုနှစ်၊ မေလ (၁၇) ရက်
၁၃၆၉ ခုနှစ်၊ နယုန်လဆန်း (၂) ရက်

## ကြေညာချက် – ၄ / ၀၅ / ၀၇

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် အာဏာပိုင်တို့နှင့် ကြိုတင်ညှိနှိုင်းသဘောတူညီချက်ရယူပြီး၊ မြန်မာပြည်အထက်ပိုင်းသို့ စည်းရုံးရေးခရီးစဉ်ကို အေးချမ်းတည်ငြိမ်စွာထွက်ခဲ့ပါသည်။ ထိုသို့ စည်းရုံးရေးခရီးထွက်နေစဉ် ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့၌ စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ ကျည်ရွာအနီးတွင် လူရမ်းကားအုပ်စုတစု၏ အကြမ်းဖက်တိုက်ခိုက်ခြင်းကို ခံခဲ့ကြရပါသည်။ ထို့နောက်တွင် *"နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေ"* ပုဒ်မ – ၁၀ (ခ) ဖြင့် ယနေ့ထိ လေးနှစ်နီးပါးခန့် နေအိမ်တွင် ထိန်းသိမ်းခြင်းခံနေရပါသည်။

ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်အချို့သည် ရန်ကုန်မြို့ရှိ ဘုရားပုထိုးစေတီအချို့တွင် ၎င်းတို့၏ လွတ်လပ်သောစိတ်ဆန္ဒအရ၊ ၎င်းတို့ ချစ်ခင်မြတ်နိုးလေးစားသောခေါင်းဆောင် ပြန်လည်လွတ်မြောက်ရေးအတွက် အေးချမ်းငြိမ်သက်စွာဖြင့် ဝတ်ပြုဆုတောင်းခြင်းများ ပြုလုပ်ကြပါသည်။ ဤကဲ့သို့ ဝတ်ပြုဆုတောင်းခြင်းသည် ဗုဒ္ဓဘာသာဝင်တို့၏ ထုံးတမ်းစဉ်လာနှင့်အညီ မြန်မာ့ယဉ်ကျေးမှုတရပ်ဖြစ်ပါသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် (၃) တွင် ….

"လူတိုင်း အသက်ရှင်ရန် လွတ်လပ်ခွင့်နှင့် လုံခြုံစိတ်ချခွင့်ရှိသည်။" ဟုလည်းကောင်း၊

အပိုဒ် (၁၀) ၌ ….

"လူတိုင်းတွင် လွတ်လပ်စွာ တွေးခေါ်ကြံဆနိုင်ခွင့်၊ လွတ်လပ်စွာ ခံယူရပ်တည်နိုင်ခွင့်နှင့် လွတ်လပ်စွာ သက်ဝင်ကိုးကွယ်နိုင်ခွင့်ရှိသည် …." ဟုလည်းကောင်း၊ ထုတ်ပြန်ချက်များကို မြန်မာနိုင်ငံအစိုးရက လိုက်နာပါမည်ဟု နှစ်ပေါင်းများစွာကပင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးလည်း ဖြစ်ပါသည်။

သို့သော် ယခုကဲ့သို့ဝတ်ပြုဆုတောင်းခဲ့ကြသော အဖွဲ့ချုပ်အဖွဲ့ဝင်များကို အာဏာပိုင်တို့က ကျောထောက်နောက်ခံပြုထားသော "ပြည်သူ့စွမ်းအားရှင်"ဟူသော အဖွဲ့က အင်အားသုံးရိုက်နှက်၍ အတင်းအကျပ် ဖမ်းဆီးခေါ်ဆောင်သွားကြပါသည်။ "ပြည်သူ့စွမ်းအားရှင်"ဟူသောအဖွဲ့မှာ ပြည်သူထဲမှအနည်းငယ်ကို အာဏာပိုင်တို့အလိုကျခိုင်းစေခြင်းခံရသူများဖြစ်ပါသည်။ ထိုအဖွဲ့မှာ ပြည်သူများကို ဖမ်းဆီးခေါ်ဆောင်ရန် လုပ်ပိုင်ခွင့်အာဏာရှိသော ပြည်သူ့ရဲလည်းမဟုတ်ပါ။ တပ်မတော်ထောက်လှမ်းရေးအဖွဲ့ဝင်များလည်း မဟုတ်ပါ။

ထို့ကြောင့် ယင်းအဖွဲ့၏ ဖမ်းဆီးခေါ်ဆောင်ခြင်းသည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ (၃၃၉) (မတရား တားဆီးကန့်ကွက်မှု) နှင့် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ (၃၄၀) (မတရားချုပ်နှောင်ထားမှု) တို့ကို ပြောင်ပြောင်တင်းတင်း ကျူးလွန်ခြင်းဖြစ်ပါသည်။

ပုဒ်မ (၃၃၉)တွင် ….

"တဦးတယောက်သောသူ သွားလာပိုင်ခွင့်ရှိသောအရပ်သို့ မသွားမလာရအောင် တားဆီးရန် မည်သူမဆို ထိုသူအား မိမိ အလိုအလျောက်ပိတ်ပင်လျှင် ထိုပိတ်ပင်သူသည် မတရားတားဆီးကန့်ကွက်သည် မည်၏"ဟုလည်းကောင်း ….၊

ပုဒ်မ (၃၄၀) တွင် ….

"မည်သူမဆို တဦးတယောက်သောသူကို ပိုင်းခြားသတ်မှတ်ထားသောနေရာမှ အခြားသို့ မသွားမလာရအောင် တားဆီးရန် မတရားတားဆီးကန့်ကွက်လျှင် တားဆီးကန့်ကွက်သူသည် ထိုသူကို မတရားချုပ်နှောင်ထားသည် မည်၏။"

ဟုလည်းကောင်း၊ တိကျရှင်းလင်းစွာ ပြဋ္ဌာန်းထားပါသည်။ ယခုကဲ့သို့ ဖမ်းဆီးခြင်းများသည် အာဏာပိုင်တို့၏ နေ့စဉ်ထုတ် သတင်းစာများတွင် ကြွေးကြော်နေသော "တရားဥပဒေစိုးမိုးရေး"ဟူသည်နှင့် ကွဲလွဲနေပါသည်။ ထို့အပြင် ကျင့်ဝတ်သိက္ခာနှင့်လည်း ညီညွတ်ခြင်း အလျဉ်းမရှိပါ။

သို့ပါ၍ မတရားဖမ်းဆီးချုပ်နှောင်ခြင်းခံနေကြရသော အဖွဲ့ချုပ်အဖွဲ့ဝင်များကို ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးပါရန် တောင်းဆိုလိုက်သည်။

၁၇ – ၅ – ၀၇ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ရန်ကုန်မြို့

❖

# နားစွင့်လိုက်ကြ ...ဟိုမှာသစ္စာဆိုသံတွေ



**ဇွန်မှိုင်း**

သူတို့မျက်ဝန်းတွေမှာ
သူတို့ယုံကြည်မှုအတွက်
ဘာကိုမဆို၊ ဘယ်လိုအန္တရာယ်ကိုမဆို
ရင်ဆိုင်ဖို့အသင့်ဖြစ်နေတဲ့
ရဲရင့်မှုတွေ
အထင်အရှားတွေ့ရတယ်။

(၁)

*"ဒေါ်အောင်ဆန်းစုကြည်"*
*"ချက်ချင်းလွှတ် .... ချက်ချင်းလွှတ်"*
*"ဒေါ်အောင်ဆန်းစုကြည်"*
*"ချက်ချင်းလွှတ် .... ချက်ချင်းလွှတ်"*
*"ဒေါ်အောင်ဆန်းစုကြည်"*
*"ချက်ချင်းလွှတ် .... ချက်ချင်းလွှတ်"*

ရင်ထဲကလှိုက်လှိုက်လှဲလှဲထွက်ပေါ်လာတဲ့ ကြွေးကြော်သံတွေဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဌာနချုပ်ရုံး) ရှေ့၊ မေလ (၂၇) ရက်နေ့ မနက်ခင်းရဲ့ကောင်းကင်ကြီးတခုလုံး ပဲ့တင်ထပ်ပြီး ဟိန်းဟိန်းထနေပါတယ်။

ဌာနချုပ်ရုံးထဲမှာ၊ ရုံးရှေ့မှာ ....

အဖွဲ့ချုပ်အဖွဲ့ဝင်တွေ၊ (၈၈) မျိုးဆက်ကျောင်းသားတွေ၊ အဖွဲ့ချုပ်ကို ဝန်းရံထောက်ခံသူတွေ ....

ဆယ်ကျော်သက်တွေ၊ သုံးဆယ်လေးဆယ်တန်းတွေ၊ ငါးဆယ်ခြောက်ဆယ်ခုနှစ်ဆယ်အရွယ်တွေ ....

အမျိုးသမီးတွေ၊ အမျိုးသားတွေ၊ ပြီးတော့ လူထုလူတန်းစား အလွှာစုံ ....

"Free Aung San Suu Kyi" ဆိုတဲ့စာတန်းနှင့် ဒေါ်အောင်ဆန်းစုကြည်ပုံ ရိုက်နှိပ်ထားတဲ့တီရှပ်တွေကို လူတိုင်းနီးပါးဝတ်ဆင်ထားကြတယ်။ ပင်နီအင်္ကျီဝတ်ထားကြသူတွေက သူတို့ရင်ဘတ်မှာ "Free Aung San Suu Kyi" ဆိုတဲ့ စတစ်ကာကို ကပ်လိုက်ကြတယ်။ လက်ထဲမှာအချို့က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံကိုကိုင်ထားကြပြီး တချို့က လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ဓာတ်ပုံတွေကို ကိုင်ထားကြတယ်။

အမျိုးသမီးအချို့က "*လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ချက်ချင်းလွှတ်*"လို့ ရေးထိုးထားတဲ့ ပေ (၂၀) ကျော်လောက်ရှိမယ့် နဖူးစည်းပိုစတာစာတမ်းကြီးကို တင်းနေအောင်ကိုင်ထားပြီး နောက်တယောက်ကတော့ ငြိမ်းချမ်းရေးဗိသုကာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းပုံ ဝေါလ်ရှီ (Wall Sheet) ကို ကိုင်မြှောက်ထားတယ်။

သူတို့ရဲ့မျက်ဝန်းတိုင်း၊ မျက်ဝန်းတိုင်းဟာ ယုံကြည်မှုတွေနဲ့ ရှန်းရှန်းလက်နေတယ်။

သူတို့မျက်ဝန်းမှာ စိုးရိမ်နေတာ၊ တုန်လှုပ်နေတာ၊ ကြောက်ရွံ့နေတာ၊ နောက်တွန့်နေတာ လုံးလုံးမတွေ့ရဘူး။

သူတို့မျက်ဝန်းတွေမှာ သူတို့ယုံကြည်မှုအတွက် ဘာကိုမဆို၊ ဘယ်လိုအန္တရာယ်ကိုမဆို ရင်ဆိုင်ဖို့အသင့်ဖြစ်နေတဲ့ ရဲရင့်မှုတွေ အထင်အရှားတွေ့ရတယ်။

သူတို့ဘာကြောင့် ဒီလောက်ရဲရင့်နေကြတာလဲ။

(၂)

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) (AAPP-B) က ၂၀၀၇ ခုနှစ် ဇွန်လ (၁) ရက်နေ့က အခုလို သတင်းထုတ်ပြန်ပါတယ်။

'မြန်မာစစ်အစိုးရသည် ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးလှုပ်ရှားသူများကို ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်း၊ ထောင်ချခြင်းများကို အစဉ်တစိုက်ပြုလုပ်ခဲ့သည်။ ယခုနှစ်တွင် လူမြင်ကွင်းလမ်းမပေါ်တွင် ရိုက်နှက်ခြင်း၊ အကြောင်းမဲ့ဖမ်းဆီးခြင်းများကို ပိုမို၍ပြုလုပ်လာခဲ့သည်။ ၂၀၀၇ ခုနှစ် မေလအတွင်းတွင် မြန်မာ့ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးလှုပ်ရှားသူ (၉၉) ဦးအား စစ်အုပ်စုမှ ဖမ်းဆီးခဲ့သည်။"

မေလတလထဲမှာကိုပဲ နအဖစစ်အစိုးရက ဖမ်းဆီးလိုက်တာ၊ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားတွေလွတ်မြောက်ဖို့၊ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရရှိဖို့ လှုပ်ရှားဆောင်ရွက်နေသူတွေကို ဖမ်းဆီးလိုက်တာ လူပေါင်း (၉၉) ယောက်ရှိသွားပြီတဲ့။

ငြိမ်းချမ်းစွာ ဘုရားဝတ်ပြုဆုတောင်းသူတွေကိုပဲ ကြောက်လန့်တကြား တောင်ကဆီး၊ မြောက်ကဆီး၊ အတင်းတားဆီး၊ အတင်းရိုက်နှက်၊ အတင်းဖမ်းဆီး၊ အတင်းထောင်ချ ဥပဒေမဲ့စွာ ရမ်းကားချင်တိုင်းရမ်းကားနေကြတယ်။

ပိုဆိုးတာက အဲဒီလို လာပြီးတားဆီး၊ လာပြီးရိုက်နှက် လာပြီးဖမ်းဆီးနေတဲ့သူတွေက သူတို့ကိုယ် သူတို့ "ပြည်သူ"လို့ အမည်ခံနေတဲ့ကိစ္စ။

လုံထိန်းပဲဖြစ်ဖြစ်၊ ရဲပဲဖြစ်ဖြစ်၊ စစ်ထောက်လှမ်းရေးပဲဖြစ်ဖြစ်၊ ကြံ့ဖွံ့ပဲဖြစ်ဖြစ် ကိုယ့်ယူနီဖောင်းနှင့်ကိုယ် ဖြောင့်မလုပ်ရဲတဲ့ကိစ္စ။

ပြည်သူအရေခြုံပြီး ပြည်သူကိုစော်ကားပြနေတဲ့ ဘယ်နိုင်ငံမှာမှ မပေါ်ပေါက်ဖူးသေးတဲ့၊ စစ်အုပ်စုရဲ့ ဥာဏ်နီဥာဏ်နက် အကုန်ထုတ်သုံးပြီး ကျူးလွန်နေတဲ့ ဒီလုပ်ရပ်တွေဟာ အတော့်ကိုအရုပ်ဆိုးအကျည်းတန်လွန်းလှပါတယ်။

(၃)

လူထုက ဒေါ်စုကို ချစ်တယ်။ ဒေါ်စုကို ယုံကြည်တယ်။

သူတို့ ခေါင်းဆောင်လို့ သူတို့ရင်ထဲမှာ စွဲမြဲတယ်။

စစ်အုပ်စုအမြင်မှာကျတော့ ဒေါ်စုဟာ ရန်ဖက်၊ သူတို့ရာဇပလ္လင်ကို ကိုင်လှုပ်သူ၊ သူတို့အာဏာတည်မြဲရေးကို စက္ကန့်နှင့်အမျှ ခြိမ်းခြောက်နေသူ။ သူမဟာ ဓမ္မန္တရာယ်။

ဒေါ်စုအပေါ်မှာ မြင်ပုံခြင်း၊ အကဲဖြတ်ပုံခြင်း၊ တန်ဖိုးသတ်မှတ်ပုံခြင်းက စစ်အုပ်စုနှင့် ကျနော်တို့ကြားမှာ ပြောင်းပြန်ပဲ။

ဒါနဲ့ပက်သက်ပြီး (၈၈) ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ရဲ့ မေလ (၁၆) ရက်နေ့က ပြောခဲ့တဲ့စကားကို ဒီလူတွေနည်းနည်းပဲဖြစ်ဖြစ် နှလုံးသွင်းကြည့်ဖို့ကောင်းတယ်။ ကိုမင်းကိုနိုင်က ဒီလိုထောက်ပြပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးဆိုတဲ့ကိစ္စဟာ အရေးပေါ်လိုအပ်ချက်ဖြစ်နေတယ်။ ဒေါ်အောင်ဆန်းစုကြည်က ကျနော်တို့ နိုင်ငံသူနိုင်ငံသားများရဲ့ထောက်ခံမှုကို အပြည့်အဝရထားတာပါ။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ တလျှောက်လုံး စည်းရုံးရေးခရီးစဉ်တွေကို ကြည့်ပါ။ ဒေသခံပြည်သူတွေဟာ လမ်းတွေပေါ်အပြည့်၊ မြို့အပြည့်၊ ရွာအပြည့်ထွက်ပြီးတော့ ကြိုဆိုထောက်ခံကြတာကို ပြပြီးဖြစ်တယ်။ ဒီကနေ့ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးမယ်ဆိုရင်လည်း အဲဒီလို ပြည်သူပြည်သားတွေရဲ့ထောက်ခံမှုကို ပြကြဖို့က အဆင်သင့်ပဲ။

တခါ ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံတကာရဲ့ ယုံကြည်ကိုးစားမှုကိုလဲ ရထားသူပါ။ အခုဆိုရင် ကမ္ဘာ့ခေါင်းဆောင်ပေါင်း (၅၉) ဦးရဲ့ ထောက်ခံချက်နဲ့ကို လွှတ်ပေးဖို့တောင်းဆိုထားတာကို ကျနော်တို့ တွေ့နေ ရတယ်။"

ဒေါ်အောင်ဆန်းစုကြည်မှာ အဲဒီအားသာချက်တွေရှိတယ်။

အဲဒီအားသာချက်တွေကို အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စမှာ ဘယ်လိုသုံးမလဲ။

ဒီမိုကရေစီခေတ်သစ်တရပ်တည်ဆောက်တဲ့နေရာမှာ ဘယ်လိုနေရာချထားမလဲ။

တိုင်းပြည်နဲ့ ပြည်သူတရပ်လုံး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘယ်လိုအရယူမလဲ။

စစ်အုပ်စုဟာ အဲဒီလိုတခါမှ မစဉ်းစားဘူး။ ဒါနဲ့ပတ်သက်လို့ ကိုမင်းကိုနိုင်က အခုလို ဆက်ပြီးထောက်ပြပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်ရဲ့ အားသာချက်တွေကို တိုင်းပြည် အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီနိုင်ငံထူထောင်ရေးအတွက်ကို သုံးရမှာပါ။ အဲတော့ သူ့ကို ဆွေးနွေးဖော် ဆွေးနွေးဘက်အဖြစ်မြင်ပြီးတော့ ဒီကနေ့ ဆုံးဖြတ်ဖို့အချိန်တန်နေပြီ။ သူ့ကို ပြိုင်ဘက်လို၊ ရန်ဘက်လို သဘောထားမယ့်အစား ဆွေးနွေးဖော်၊ ဆွေးနွေးဘက်အဖြစ် နှလုံးသွင်းနိုင်တဲ့နေ့ဟာ ကျနော်တို့တိုင်းပြည်မှာ အဲဒါ အရေးပေါ်ထွက်ပေါက်ရတဲ့နေ့၊ တမျိုးသားလုံးအတွက် အောင်ပွဲရမယ့်နေ့ပါပဲ။"

(၄)

ဘယ်လိုပဲထောက်ပြထောက်ပြ စစ်အုပ်စုဟာ သူ့အမြင်ကို လုံးလုံးမစွန့်လွှတ်ဘူး။

စစ်အုပ်စုဟာ ဒေါ်စုကို နေအိမ်အကျယ်ချုပ်သက်တမ်း တနှစ်ပြီးတနှစ် တိုးပြီး လူထုနဲ့ အဆက်အသွယ်ဖြတ်ဖို့ မီးကုန်ယမ်းကုန်ကြိုးစားနေတာကို ရပ်မပစ်ဘူး။

နိုင်ငံတကာက ဘယ်လိုပဲမေတ္တာရပ် ရပ်၊ ပြည်တွင်းပြည်ပ နိုင်ငံရေးအင်အားစုတွေက ဘယ်လိုပဲတောင်းဆိုတောင်းဆို၊ လူထုက ဘယ်လိုပဲ ပန်ကြားပန်ကြား၊ စစ်အုပ်စုကတော့ နည်းနည်းမှ အိမ်နွေ့မပျက်ဘူး။ မိုက်တွင်းနက်မြဲပဲ။

ဒေါ်စုကို ၁၉၈၉ ခုနှစ် ဇူလိုင်လ (၂၀) ရက်နေ့ကနေ ၁၉၉၅ ခုနှစ် ဇူလိုင်လ (၁၀) ရက်နေ့အထိ တကြိမ်။

၂၀၀၀ ခုနှစ် စက်တင်ဘာ (၂၃) ရက်နေ့ကနေ ၂၀၀၂ ခုနှစ် မေ (၆) ရက်နေ့အထိ နောက်တကြိမ်။

၂၀၀၃ ခုနှစ် မေလ (၃၀) ဒီပဲယင်းလူသတ်ပွဲနေ့ကနေ ဒီနေ့အထိ နောက်တကြိမ် စစ်အုပ်စုဟာ ဒေါ်စုအပေါ် အာဃာတကြီးစွာ၊ အညှိုးကြီးစွာ ရက်ရက်စက်စက်ကိုပဲ လူထုနှင့်အဆက်အသွယ်ဖြတ်ဖို့ ကြိုးပမ်းလုပ်ဆောင်ခဲ့ပါတယ်။ အခုဆို ဒေါ်စုကို သံတိုင်တွေနောက်ကိုပို့ပစ်ခဲ့တာ (၁၂) နှစ်နီးပါးတောင်ရှိခဲ့ပြီ။

(၅)

အဲဒီ မေလ (၂၇) ရက်နေ့ဟာ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ လူထုတွေအပြတ်အသတ်အောင်ပွဲရလိုက်တာ (၁၇) နှစ်ပြည့်တဲ့နေ့ပဲ။

ဒီနေ့ဟာ ဒီပဲယင်းလူသတ်ပွဲအပြီး ဒေါ်စုကို နေအိမ်အကျယ်ချုပ်အဖြစ် ထိန်းသိမ်းလိုက်တာ (၄) နှစ်ပြည့်တဲ့နေ့လည်း ဖြစ်တယ်။

ဒါ့ကြောင့်လည်း မေလတလလုံး "*ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး*" "*နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေး*" လှုပ်ရှားမှုတွေ တနိုင်ငံလုံးအတိုင်းအတာနဲ့ ပိုပြီးသည်းသန်လာကြတာဖြစ်တယ်။

လူထုရဲ့အရှိန်ကြီးလာလေ စစ်အုပ်စုရဲ့ဖိနှိပ်ဖြိုခွဲမှုက ပိုပြီးပက်စက်လာလေပဲ။

အဲဒီနေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဌာနချုပ်ရုံးမှာ ရွေးကောက်ပွဲနှစ်ပတ်လည်အခမ်းအနားကို တက်ရောက်တဲ့လူထုဟာ ရွှေတိဂုံဘုရားဆီကို ဝတ်ပြုဆုတောင်းဖို့ ချီတက်ခဲ့ကြတယ်။ ဒါကို ပြည်သူအရေခြုံ စစ်အုပ်စုဒေါက်တိုင်တွေက အလုံးအရင်းနဲ့ အကြမ်းပတမ်းပိတ်ဆို့ခဲ့တယ်။

ဘယ်လိုမှ ဘုရားပေါ်အတက်မခံဘူး။

ရွှေတိဂုံဘုရားကို အကျယ်ချုပ်ချလိုက်တဲ့ ....။

ရွှေတိဂုံဘုရားကို ဘုရားဖူးသူတွေနှင့် လုံးလုံးတွေ့ခွင့်မပေးတော့တဲ့ အနေအထားထိ ကန့်သတ်တယ်။

**စာမျက်နှာ (၇) ကော်လံ (၄) သို့**

## မြန်မာ့အရေးအပေါ် အပြုသဘောဆက်ဆံရေးမအောင်မြင် မလေးရှားအတိုက်အခံခေါင်းဆောင်က သုံးသပ်



မစ္စတာ လင်းကစ်ဆင်း

မလေးရှားနိုင်ငံ Democratic Action ပါတီခေါင်းဆောင် Mr. Limkit Siang က မြန်မာနိုင်ငံဒီမိုကရေစီတော်လှန်ရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား စစ်အစိုးရက နေအိမ်အကျယ်ချုပ်သက်တမ်း တိုးလိုက်ခြင်းသည် အာဆီယံနိုင်ငံများက ကျင့်သုံးနေသော အပြုသဘောဆက်ဆံရေးမူဝါဒ အောင်မြင်မှုမရှိကြောင်း ဖော်ပြလိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ မြန်မာပြည်၏ အာဆီယံနိုင်ငံများ အသင်းတွင် အဖွဲ့ဝင်ဖြစ်မှုကို အလေးအနက်ထား ပြန်လည်သုံးသပ်ရန် လိုအပ်ကြောင်းကိုလည်း Mr. Lim က ထပ်မံပြောဆိုခဲ့သည်။

အမေရိကန်သမတ၏ လုံခြုံရေးကောင်စီပြောရေးဆိုခွင့်ရှိသူ Mr. Gordon Johndroe ကလည်း စစ်အစိုးရ၏ ပြုမူဆောင်ရွက်မှုသည် တရားမျှတမှုမရှိဟု ထုတ်ဖော်ပြောကြားခဲ့သည်။

၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရခဲ့သော်လည်း ယခုတိုင် နအဖမှ အာဏာလွှဲပြောင်းပေးရန် ယခုတိုင်ငြင်းဆိုခံနေရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်သည် နှစ်ပေါင်း (၁၇) နှစ်အတွင်း စုစုပေါင်း (၁၁) နှစ်မျှ နေအိမ်တွင် အကျယ်ချုပ်ကျခံနေရသည်။

မြန်မာပြည်တွင် အကြောင်းအမျိုးမျိုးပြ၍ ဖမ်းဆီးချုပ်နှောင်ခံနေရသော နိုင်ငံရေးအကျဉ်းသားပေါင်း (၁,၂၀၀) ခန့်ရှိကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးကော်မီတီမှ ထုတ်ပြန်သောသတင်းများအရသိရှိရသည်။ ❖

● မျက်နှာဖုံး ရှစ်ကြိမ်မြောက် အမျိုးသမီးများနေ့သတင်းမှ ...

ဖြင့် နေရာယူထားပြီး၊ ယုဇနပဟော်တယ်တွင်လည်း ဒုတ်များကို ပေါ်ပေါ်ထင်ထင်ကိုင်ဆောင်ထားသော လူတရာခန့်ကို စောင့်ခိုင်းထားသည်ကို တွေ့ရကြောင်း အဖွဲ့ချုပ်ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဦးမြင့်သိန်း၏ ပြောကြားချက်များအရ သိရှိရသည်။

ဒေါ်အောင်ဆန်းစုကြည်၏မွေးနေ့ပွဲများအား သာယာဝတီ၊ မြင်းခြံ၊ မိတ္ထီလာ၊ တောင်ကြီး၊ မန္တလေး စသည့်မြို့ကြီးများ၌ အဲန်အယ်လ်ဒီပါတီဝင်များက ကျင်းပခဲ့ကြောင်း သတင်းများအရသိရှိရသည်။ ဘိုကလေးမြို့တွင်မူ မွေးနေ့ပွဲပြုလုပ်ရန် ဈေးသူဈေးသားများက စီစဉ်ထားသော်လည်း မယကမှ တားမြစ်သောကြောင့် မလုပ်ဖြစ်ခဲ့ကြောင်း၊ ဇွန်လ (၁၆) ရက်နေ့က ဘိုကလေးမြို့ စက်ကုန်းရပ်ရှိ ဘုန်းကြီးကျောင်းတွင် ဆွမ်းကပ်လှူဒါန်းခဲ့ကြောင်း၊ အောင်စကြာဘုရားတွင်မူ ဝတ်ပြုဆုတောင်းရန် သွားရောက်ခဲ့စဉ်က ဂေါပကအဖွဲ့မှ ဘုရားဝင်းတံခါးများကို ပိတ်ထားသဖြင့် အပြင်မှသာ ဝတ်ပြုဆုတောင်းခဲ့ရကြောင်း သတင်းများအရ သိရှိရသည်။ ❖

● မျက်နှာဖုံး
ပူးတွဲအစည်းအဝေးကျင်းပ သတင်းမှ ...

ရှိကြုံတွေ့နေရသော ဆင်းရဲဒုက္ခများနှင့်စပ်လျဉ်း၍ ဖြစ်နိုင်ချေများကို အကျယ်အပြန့်ဆွေးနွေးသုံးသပ်မှုများပြုလုပ်ကြသည့်အပြင် မြန်မာပြည်အပေါ်ထားရှိသော နိုင်ငံတကာသဘောထားများကိုလည်း စီစစ်သုံးသပ်ခဲ့ကြကြောင်း အတွင်းရေးမှူးအဖွဲ့ဝင်တဦး၏ ပြောကြားချက်အရ သိရှိရသည်။ အထူးသဖြင့် နအဖလမ်းပြမြေပုံ (၇) ဆင့်ကို အဆင့်တိုင်းတွင် ပြည်သူလူထုနှင့်အတူ ပူးပေါင်းတိုက်ဖျက်သွားရန် တက်ရောက်လာသော ခေါင်းဆောင်များက တညီတညွတ်တည်း သဘောထားခဲ့ကြကြောင်း၊ လုပ်ငန်းစဉ်အသေးစိတ်ကိုချမှတ် လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် အဲန်စီယူဘီတွင်ပါဝင်သော အဖွဲ့အစည်းများ ပိုမိုအားကောင်းလာစေရေး အတွက်လည်းကောင်း၊ အဲန်စီယူဘီတွင် မပါဝင်သေးသောအဖွဲ့အစည်းများနှင့်လည်း လုပ်ငန်းတူ ပူးပေါင်းလုပ်ဆောင်နိုင်ရေးအတွက်လည်းကောင်း အစီအစဉ်များချမှတ်လုပ်ဆောင်လျက်ရှိသည်။

အဲန်စီယူဘီကို ၁၉၉၂ စက်တင်ဘာလအတွင်းက မာနယ်ပလောတွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ၊ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု၊ ဒီမိုကရက်တစ် မဟာမိတ်များအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) တို့ဖြင့် ဖွဲ့စည်းခဲ့သည်။ ထိုင်း–မြန်မာနယ်စပ်တွင် အခြေစိုက်ထားသော ယင်းအဖွဲ့ကြီးသည် အကြီးမားဆုံးတပ်ပေါင်းစုအဖြစ် စတင်ဖွဲ့စည်းစဉ်ကစ၍ ယခုအချိန်ထိ ခိုင်မာစွာရပ်တည်နေဆဲဖြစ်ကြောင်း၊ အင်အားလျော့ပါးမှုများရှိလင့်ကစား၊ စစ်အုပ်စုအား အပြတ်သားဆုံး၊ အခိုင်မာဆုံးတိုက်ပွဲဝင်နေသော နိုင်ငံရေးအင်အားစုကြီးတရပ်အဖြစ် တည်ရှိနေဆဲဖြစ်ကြောင်း နိုင်ငံရေးသုတေသီတဦးက မိုးကြိုးသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

❖

## နအဖ၏ ညောင်နှစ်ပင်အတုအယောင်ညီလာခံ အပြီးသတ်တော့မည် ကျင်းပရေးကော်မရှင်အစည်းအဝေး ၂/၂၀၀၇ ကျင်းပ

ညောင်နှစ်ပင် အတုအယောင်အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေး အမှတ်စဉ် ၂/၂၀၀၇ အား ကြပ်ပြေးနေပြည်တော်၌ ဇွန်လ (၅) ရက်နေ့ကကျင်းပရာ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နအဖအတွင်းရေးမှူး (၁) ဗိုလ်သိန်းစိန်ကြီးမှူးသော ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ ယင်းအစည်းအဝေးတွင် ဗိုလ်သိန်းစိန်က နောက်တကြိမ် အမျိုးသားညီလာခံကို ၂၀၀၇ ခု ဇူလိုင်လ (၁၈) ရက်နေ့တွင် နောက်ဆုံးအကြိမ်အဖြစ် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ပြောကြားသွားသည်ဟု သိရှိရသည်။

''နောက်ဆုံးအကြိမ်ကျင်းပမည့် ညီလာခံဖြစ်သည့်အတွက် ကျန်ရှိနေသော အခန်း (၇) ခန်းကို အသေးစိတ်အခြေခံမူများအဖြစ် ချမှတ်ရှိသာမက ချမှတ်ပြီးဖြစ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့် မူများသည် အခြေခံဥပဒေရေးဆွဲရာတွင် ချို့ယွင်းချက်၊ အားနည်းချက်များ မရှိစေအောင် အသေးစိတ် ပြန်လည်ဆန်းစစ်ပြီး၊ တချို့အချက်အလက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်သွားကြရမှာဖြစ်ကြောင်း'' ပြောကြားသွားသည်။

၁၉၉၃ ခုနှစ်မှစတင်၍ ကျင်းပခဲ့သည့် နအဖအမျိုးသားညီလာခံသည် ၁၉၉၆ ခုနှစ်တွင် အဲန်အယ်လ်ဒီက နှုတ်ထွက်သွားချိန်မှစ၍ ရပ်နားထားခဲ့ရပြီး၊ ၂၀၀၄ ခုနှစ် မေလ (၁၇) ရက်နေ့တွင်မှ ပြန်လည်စတင်ခဲ့သည်။ ၂၀၀၄ ခုနှစ် မေလ (၁၇) ရက်မှ ဇူလိုင်လ (၉) ရက်အထိလည်းကောင်း၊ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ (၁၇) ရက်မှ မတ်လ (၃၀) ရက်နေ့အထိလည်းကောင်း၊ တတိယအကြိမ် အမျိုးသားညီလာခံကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာ (၅) ရက်နေ့မှ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ (၃၁) ရက်နေ့အထိလည်းကောင်း၊ ၂၀၀၆ ခုနှစ် အောက်တိုဘာ (၁၀) ရက်နေ့မှ ဒီဇင်ဘာ (၂၉) ရက်အထိလည်းကောင်း ကျင်းပခဲ့ရာ အခန်း (၈) ခန်းအနက် (၇) ခန်းသာ အသေးစိတ်အခြေခံမူအဖြစ် ယခုလာမည့်ညီလာခံတွင် အတည်ပြုရန်လိုတော့သည်ဟု သိရှိရသည်။

လေ့လာသူများအဆိုအရ နအဖမှ ညီလာခံကို အပြီးသတ်လျက် လမ်းပြမြေပုံ (၇) ဆင့်ကို အရှိန်မြှင့်ဆောင်ရွက်ရန် ယတိပြတ်ဆုံးဖြတ်ထားပုံရကြောင်း၊ သို့သော် အထူးသဖြင့် ညီလာခံတက်ရောက်နေသော အပစ်



ညောင်နှစ်ပင်ညီလာခံသို့တက်ရောက်လာသည့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ညီလာခံကိုယ်စားလှယ်များ

အခတ်ရပ်အဖွဲ့အချို့နှင့် ညီလာခံတွင် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်နိုင်ကြောင်း သတင်းများထွက်ပေါ်လာသည်။ ၂၀၀၄ မေလတွင်ကျင်းပသော ညီလာခံမစတင်မီ အပစ်ရပ်အဖွဲ့ (၆) ဖွဲ့ပေါင်းပြီး နအဖညီလာခံ ဦးတည်ချက်၊ အခြေခံမူ (၁၀၄) ချက်နှင့် လုပ်ထုံးလုပ်နည်းတွေ ပြန်လည်သုံးသပ် ပြုပြင်ပေးရန် အချက် (၇) ချက်ပါ တောင်းဆိုချက်ကို တင်သွင်းခဲ့သည်။ ထို့အပြင် ညီလာခံအတွင်း၌လည်း အပစ်ရပ်အဖွဲ့ (၁၃) ဖွဲ့က နအဖ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုများအပေါ် ၎င်းတို့၏ သဘောထားများကို စုပေါင်းတင်ပြခဲ့သည်။

၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ် စုစုပေါင်း၏ (၈၂) ရာခိုင်နှုန်းကျော် အနိုင်ရရှိထားသော အဲန်အယ်လ်ဒီကမူ နအဖညီလာခံသည် စစ်မှန်သောအမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးမတည်သည့်အပြင် စစ်မှန်သော ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ် မဖြစ်ထွန်းနိုင်ဟုယူဆလျက် နအဖအား ညီလာခံ၏ပုံစံကို ပြုပြင်ပြောင်းလဲပေးပါရန် တောင်းဆိုပြီး ၎င်း၏ကိုယ်စားလှယ်များစေလွှတ်မှုကို ဆိုင်းငံ့ထားခဲ့ရာ နအဖမှ အဲန်အယ်လ်ဒီ၏ညီလာခံကိုယ်စားလှယ်များကို ညီလာခံမှ ထုတ်ပယ်ခဲ့သည်။

ထိုင်း–မြန်မာနယ်စပ်အခြေစိုက် အမျိုးသားကောင်စီတပ်ပေါင်းစုကြီး၏ ပြောရေးဆိုခွင့်ရှိသူ တွဲဘက်အထွေထွေအတွင်းရေးမှူး (၁) ဦးမြင့်သိဏ်းကမူ နအဖညီလာခံ၏ ရလဒ်မှန်သမျှကိုပယ်ချပြီး နအဖ၏လမ်းပြမြေပုံ (၇) ဆင့်သည် တိုင်းပြည်အား ကျွန်ဇာတ်သွင်းသည့် စီမံချက်ဖြစ်သည့်အတွက် ယခုညီလာခံအပါအဝင် နအဖ၏ လမ်းပြမြေပုံ (၇) ဆင့်အား အဆင့်တိုင်းတွင် တိုက်ဖျက်သွားမည်ဟု ပြောကြားခဲ့သည်။ ❖





# ကျနော်သိသော ဦးသန့်အရေးအခင်း

“ဒီလိုလုပ်ပါလားဗျာ။ အခုအချိန်ဟာ ကုလသမဂ္ဂအထွေထွေညီလာခံ ကျင်းပနေတဲ့ အချိန်ဖြစ်နေလေတော့ ဗိုလ်ချုပ် (နေဝင်း) အနေနဲ့ အထွေထွေညီလာခံမှာ မိန့်ခွန်းနည်းနည်းတက်ပြောသွားရင်ကောင်းမယ်ထင်တယ်။ ခင်ဗျားရော ဘယ်လို ထင်သလဲ။ ကျ နော်က ဗိုလ်ချုပ် (နေဝင်း) ကို ဒီလိုအကြံပေးတင်ပြတယ်လို့ ပြောပေးပါဗျာ”

(၁)

ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်း၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ အုတ်ဂူဘေးတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏အုတ်ဂူရှိသည်။

ဦးသန့်၏အုတ်ဂူ ဤနေရာသို့ လွယ်လွယ်ကူကူ ရောက်ရှိလာသည်မဟုတ်ပေ။ အဆင်ပြေချောမွေ့စွာဖြင့် ရောက်ရှိလာခြင်းမဟုတ်ဘဲ အရေးအခင်းကြီးတခုကို ဖြတ်သန်းပြီးမှ ရောက်ရှိလာခြင်းဖြစ်သည်။

❑ ၁၉၇၄ ခုနှစ် ၊
ဒီဇင်ဘာလ (၁) ရက်နေ့ ....

ဤနေ့ ဤရက်သည် မြန်မာပြည်သူလူပ်ရှားမှုသမိုင်းတွင် ထင်ရှားသည့်မှတ်တိုင်တတိုင်ပေါ်ထွန်းရန် အစပျိုးလိုက်သောနေ့ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်းဦးသန့်၏ရုပ်အလောင်း မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာသောနေ့ ဖြစ်သောကြောင့်ပင်။

ထိုဦးသန့်အရေးအခင်းတွင် ကဏ္ဍအသီးသီး၊ ရှုဒေါင့်အဖုံဖုံမှ ပါဝင်လှုပ်ရှားခဲ့ကြသူများသည် ယနေ့ထက်တိုင် အသက်ထင်ရှားရှိနေကြသေးသည်။ ထိုသူများထဲတွင် ....

– ဦးစီးဦးဆောင်သည့်အပိုင်းမှ ပါဝင်ခဲ့ကြသူများ။

– ခေါင်းဆောင်များ၏ ပေးအပ်လာသောတာဝန်ကို တက်ကြွစွာ အကောင်အထည်ဖော်ခဲ့သူများ။

– မခံချင်စိတ်ဖြင့် ရောယောင်နောက်လိုက်ပါဝင်ခဲ့ကြသူများ။

– အစိုးရကို မကျေနပ်သည့်ခံတ်ခံစိတ်ကြောင့် အားပေးအားမြှောက် ပြုခဲ့ကြသူများ။

– ပွဲကြည့်ပရိသတ်များ

စသည်ဖြင့် အမျိုးမျိုး ရှိကြလေသည်။

ယင်းအမျိုးအစားများထဲတွင် စာရေးသူအနေဖြင့် မည်သည့်အမျိုးအစားတွင်မှ မပါဝင်ခဲ့ပေ။ ထိုပုဂ္ဂိုလ်များနှင့် ကျနော်သည် “ဦးသန့်အရေးအခင်း”အပေါ်တွင် သိတာ၊ မြင်တာချင်း တူညီမည်မထင်ပါ။ အတွေ့အကြုံ၊ အထိအတွေ့ခြင်းလည်း ခြားနားမည်မှာ အမှန်ပါ။ တနည်းအားဖြင့်ဆိုရလျှင် ကျနော်သိသော “ဦးသန့်အရေးအခင်း”သည် ကျနော်တဦးတည်းသာသိ၍ အခြားသူများ မသိနိုင်ဟုသာ ဆိုချင်ပါသည်။

ထို့ကြောင့် နောင်တနေ့ နောင်တချိန်တွင် “ဦးသန့်အရေးအခင်း”ကို ပြည့်ပြည့်စုံစုံမှတ်တမ်းတင်ကြမည်ဆိုလျှင် ကျနော်သိသောအစိတ်အပိုင်းကိုပါ ထည့်သွင်းမှသာ ပြည့်ပြည့်ဝဝ လေးလေးပင်ပင် ရှိပါလိမ့်မည်။

(၂)

အကြောင်းရင်းစစ်တော့ အမြစ်မြေကဟု ဆိုရလိမ့်မည်။

(၁၉၆၇) ခုနှစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းသည် အမေရိကန်ပြည်ထောင်စုသို့ အလည်အပတ်သွားရောက်ခဲ့သည်။ သမတဂျွန်ဆင်လက်ထက်ဖြစ်သည်။

အဘယ့်ကြောင့်သွားသနည်း။

အမေရိကန်အရင်းရှင်စနစ်နှင့် ဦးနေဝင်း၏ ဆိုရှယ်လစ်စနစ် အဆင်ပြေသွားလို့လား။ အကြောင်းကရှိသည်။

၁၉၆၇ ခုနှစ်တွင် မြန်မာနိုင်ငံ၌ တရုတ်ဗမာအရေးအခင်း ဖြစ်ခဲ့သည်မဟုတ်လား။ တရုတ်နှင့် မြန်မာဆက်ဆံရေးမှာ ဆိုးရွားစွာ ပျက်စီးသွားခဲ့လေပြီ။ “တစောင်းစေးနှင့်မျက်ချေး”ဖြစ်သွားသည်။ ဤလိုအချိန်တွင် အမေရိကန်သို့သွားလိုက်ခြင်းအားဖြင့် တရုတ်ကြီးကို မခံချိမခံသာဖြစ်အောင် ကလိလိုက်သလိုဖြစ်သွားမည်။ ဗိုလ်ချုပ်ကြီးနေဝင်းသည် ကွက်ကျော်မြင်တတ်သူဖြစ်သည်။ တရုတ်ကြီးကို အထင်ကြီး ကြောက်ရွံ့သူဖြစ်သော်လည်း တရုတ်ကြီးက သူ့ကိုလက်လွှတ်မခံနိုင်ကြောင်းကိုလည်း သူရိပ်မိသည်။

ထိုအချိန်က အမေရိကန်ပြည်ထောင်စုသည် “ဗီယက်နမ်စစ်ပွဲ”တည်းဟူသော ရွံ့နွံတွင်းမှ ရုန်းမထွက်နိုင်ပဲ အကြပ်အတည်းတွေ့နေချိန်ဖြစ်သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို မကြိုက်စေကာမူ ဗီယက်နမ်ပြဿနာတွင် မြန်မာတို့၏ရပ်တည်ချက်မှာ တကယ့်ကြားနေစစ်စစ်ဖြစ်သည်ကို အသိအမှတ်ပြုသည်။ ကန်လန့်ကာနောက်ကွယ်မှ စေ့စပ်ဆွေးနွေးပွဲမျိုးကို ရန်ကုန်မြို့လိုနေရာမျိုး၌ပြုလုပ်မှသာ အသင့်တော်ဆုံးဟု ယူဆထားသည်။

ထို့ပြင် မြန်မာနိုင်ငံသား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဦးသန့်သည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ လက်နက်လျှော့ပေါ့ရေး စသည်တို့ကို အားကြိုးမာန်တက်ဆောင်ရွက်နေသဖြင့် ငြိမ်းချမ်းရေးနိုဗယ်လ်ဆုပင် ရရှိတော့မလိုလို သတင်းတွေထွက်နေသည်။

ဗိုလ်ချုပ်ကြီးနေဝင်း ဝါရှင်တန်မြို့တော်သို့ ရောက်ရှိနေပါပြီ။ သမတကြီးဂျွန်ဆင်နှင့်ဆွေးနွေးပြီးပါပြီ။

တနေ့တွင် ဝါရှင်တန်မြို့ရှိ မြန်မာသံအမတ်ကြီးထံမှ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ထံသို့ တယ်လီဖုန်းဆက်လာသည်။ ဗိုလ်ချုပ်ကြီးနေဝင်း နယူးယောက်မြို့သို့ လာမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂဌာနချုပ်သို့လည်း သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သတင်းပါရှိလာသည်။

ကိုယ့်နိုင်ငံသားတယောက် ကမ္ဘာ့ကုလသမဂ္ဂလိုအဖွဲ့အစည်းကြီးတွင် အကြီးအကဲဖြစ်နေချိန်၌ နိုင်ငံအကြီးအကဲအဖြစ် လာရောက်လည်ပတ်ခြင်းအားဖြင့် မည်သူမျှ ဂုဏ်ငယ်စရာမရှိပါ။ နှစ်ဦးနှစ်ဖက် ဂုဏ်တက်စရာအကြောင်းသာ ရှိနိုင်ပါသည်။

“ဒီလိုလုပ်ပါလားဗျာ။ အခုအချိန်ဟာ ကုလသမဂ္ဂအထွေထွေညီလာခံကျင်းပနေတဲ့ အချိန်ဖြစ်နေလေတော့ ဗိုလ်ချုပ် (နေဝင်း) အနေနဲ့ အထွေထွေညီလာခံမှာ မိန့်ခွန်းနည်းနည်းတက်ပြောသွားရင်ကောင်းမယ်ထင်တယ်။ ခင်ဗျားရော ဘယ်လိုထင်သလဲ။ ကျနော်က ဗိုလ်ချုပ် (နေဝင်း) ကို ဒီလိုအကြံပေးတင်ပြတယ်လို့ ပြောပေးပါဗျာ”

အထက်ပါစကားမှာ ဦးသန့်က ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီးကို ပြောသောစကားဖြစ်ပါသည်။

ဦးသန့်၏ စေတနာအရင်းခံမှာ အလွန်ကောင်းပါသည်။ မှန်လည်း မှန်ကန်ပါသည်။ နယူးယောက်မြို့တွင် ကုလသမဂ္ဂအထွေထွေညီလာခံကျင်းပနေချိန်တွင် နိုင်ငံအကြီးအကဲများ (Head of State)၊ အစိုးရအဖွဲ့အကြီးအကဲများ (Head of Government) စသည်တို့သည် တမင်တကာ လာရောက်၍ဖြစ်စေ၊ ခရီးလမ်းကြုံကြိုက်၍ဖြစ်စေ ညီလာခံ၌ မိန့်ခွန်းပြောကြားလေ့ရှိပါသည်။ မိမိနိုင်ငံ၏ ရပ်တည်ချက်သဘောထားတို့ကို တင်ပြလေ့ရှိပါသည်။ ယခု ဗိုလ်ချုပ်ကြီးနေဝင်းသည် အမေရိကန်ပြည်ထောင်စုသို့ အလည်လာခိုက် ကုလသမဂ္ဂညီလာခံကြီးနှင့် တိုက်ဆိုင်ကြုံကြိုက်နေသဖြင့် မိန့်ခွန်းပြောသင့်လှပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်းသည် အမေရိကန်အလည်အပတ်ခရီးစဉ်ပြီးဆုံး၍ ဝါရှင်တန်မှ မြန်မာနိုင်ငံသို့လှည့်ပြန်သွားလျှင် အကြောင်းမဟုတ်။ သို့တည်းမဟုတ်၊ အထွေထွေညီလာခံကျင်းပချိန်မဟုတ်ဘဲ နယူးယောက်မြို့သို့လာလည်လျှင်လည်း အကြောင်းမဟုတ်။ သို့တည်းမဟုတ် နယူးယောက်မြို့ကိုသာ လှည့်လည်ကြည့်ရှုပြီး ကုလသမဂ္ဂဌာနချုပ်သို့ အလည်အပတ်မသွားရောက်လျှင်လည်း အကြောင်းမဟုတ်သေး။ အခုတော့ နယူးယောက်မြို့သို့လာမည်။ ကုလသမဂ္ဂဌာနချုပ်ကိုလည်း သွားမည်ဆိုလျှင် ဦးသန့်အကြံပေးသလို မိန့်ခွန်းပြောမှသင့်တော်မည်။ အသားလွတ်မသွားသင့်ပေ။ မိန့်ခွန်းစကား အနည်းငယ်ပြောကြားပြီးမှ အဆောက်အဦးအတွင်း လှည့်လည်ကြည့်ရှုလျှင် ပို၍သင့်လျော်ပေမည်။ ရိုးရိုးလှည့်လည်ကြည့်ရှုလျှင် အခြားသော ကမ္ဘာလှည့်ခရီးသည်များ (Tourists) နှင့် တတန်းတစားတည်းဖြစ်သွားပေမည်။ သာမန်ကမ္ဘာလှည့်ခရီးသည်များသည်လည်း ကုလသမဂ္ဂဌာနချုပ်သို့ လေ့လာရေးခရီးလာလေ့ရှိကြပါသည်။ အထွေထွေညီလာခံကြီးကျင်းပနေစဉ်၌ပင် လာရောက်လေ့လာနိုင်ပါသည်။ ထိုအခါတွင် ကုလသမဂ္ဂမှ အဆင့်နိမ့်ဝန်ထမ်းများက ဧည့်လမ်းညွှန် (Tourist Guide) သဖွယ် လိုက်လံရှင်းပြလေ့ရှိပါသည်။ ကုလသမဂ္ဂကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးရာခန်းမများနောက်မှ တိတ်ဆိတ်စွာ လိုက်လံလေ့လာကြခြင်းဖြစ်ပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်းသည် သာမန် ကမ္ဘာလှည့်ခရီးသည်တဦးမဟုတ်။ မြန်မာနိုင်ငံကို အုပ်စိုးနေသော တော်လှန်ရေးကောင်စီ၏ ဥက္ကဋ္ဌ (ဝါ) နိုင်ငံတော်အကြီးအကဲဖြစ်နေသည် မဟုတ်လော။ ယဉ်ကျေးသော မြန်မာနိုင်ငံသားတဦးအနေနှင့် ဦးသန့်သည် မိမိနိုင်ငံ၏အကြီးအကဲ ဗိုလ်ချုပ်ကြီးနေဝင်းကို ကိုယ်တိုင်ကိုယ်ကျ ဆီးကြိုနှုတ်ဆက်ချင်သည်။ ကုလသမဂ္ဂအဆောက်အဦးအတွင်း လိုက်လံပြသချင်သည်။ ဤကား အထွေထွေညီလာခံခန်းမကြီး၊ ဤကား လုံခြုံရေးကောင်စီစည်းဝေးရာခန်းမ၊ ဤကား ကော်မတီများ၏ အစည်းအဝေးခန်းမများ စသည်ဖြင့် စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြချင်သည်။

ဤသို့ပြုလုပ်သည်မှာ ကြွားဝါချင်၍မဟုတ်သလို မိမိလက်အောက်ငယ်သားများလုပ်ရသောအလုပ်မျိုးဖြစ်၍ သိမ်ငယ်စိတ်လည်းမဝင်၊ ပကတိဖြူစင်ရိုးသားသော နှလုံးသားဖြင့်သာ ဗိုလ်ချုပ်ကြီးနေဝင်းအား ကြိုဆိုလိုခြင်းသာဖြစ်သည်။ သို့ရာတွင် ဦးသန့်၏ စေတနာအရင်းခံဖြင့်အကြံပေးချက်ကို ဗိုလ်ချုပ်ကြီးနေဝင်းက မည်သို့သောသဘောထားဖြင့် တုန့်ပြန်သည်ကို ကွယ်လွန်ချိန်အထိ ဦးသန့်ခမျာ အမှန်အတိုင်းမသိသွားရှာပေ။

ဦးသန့်၏အကြံပြုချက်ကို နယူးယောက်မြို့မှ မြန်မာသံအမတ်ကြီးက ဝါရှင်တန်သို့ သတင်းပို့လိုက်သည်။ ဗိုလ်ချုပ်ကြီးနေဝင်းသည် လူတမျိုးဖြစ်သည်။ သူ့အကျင့်ဆိုးတခုမှာ မိမိလုပ်ချင်နေသောအလုပ်ကို သူများပြောလိုက်လျှင် မလုပ်တော့ပေ။ သူများပြော၍ လုပ်ရသည်ဆိုသည့်အဖြစ်ကို မခံချင်သောအကျင့်ပင်ဖြစ်သည်။ “လူညစ်၊ လူကပ်၊ လူရွဲ့”ဟု ဆိုနိုင်သည်။ ထော်လော်ကန့်လန့်လည်း လုပ်တတ်သည်။ မိမိကလွဲပြီး မည်သူ့ကိုမျှ အထင်ကြီးတတ်သူမဟုတ်ပေ။

● နောက်လ ဆက်လက်ဖော်ပြပါမည်။

အခန်းဆက် ဖော်ပြပါမည်။

# နအဖစစ်တပ်အတွင်း အရာရှိအများအပြား အပြောင်းအလဲပြုလုပ် ဆန္ဒခံယူပွဲနှင့်ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဟုခန့်မှန်း



တပ်မတော်နေ့အခမ်းအနားတွင်တွေ့ရသော စစ်ဗိုလ်ချုပ်ထိပ်တန်းခေါင်းဆောင်များ

၂၀၀၄ ခုနှစ်အတွင်း ဝန်ကြီးချုပ်တာဝန်နှင့် စစ်တပ်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ခင်ညွန့်အား ဖယ်ရှားပြီးနောက်ပိုင်း စစ်တပ်ပြုပြင်ပြောင်းလဲရေးကို နအဖမှ အရှိန်မြှင့်လုပ်ဆောင်လာရာ ယခုနှစ်ဆန်းပိုင်းမှစ၍ စစ်အရာရှိ (၃,၀၀၀) ကျော်ကို အရပ်ဖက်ဝန်ကြီးဌာနများ၊ စစ်တပ်ပိုင် စီးပွားရေးလုပ်ငန်းများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခဲ့ကြောင်းသိရသည်။

စစ်သံမှူးအချို့ကို စစ်တပ်မှ အနားပေးပြီး၊ လူသစ်များဖြင့် အစားထိုးခန့်အပ်ခဲ့သည်။ တရုတ်နိုင်ငံဆိုင်ရာ စစ်သံမှူးကြီး စိန်ဂျော့ကို အနားပေးလိုက်ပြီး၊ ၎င်းနေရာတွင် စကခ (၄) မှ ဗိုလ်မှူးကြီး တင်ဝေအား ခန့်အပ်ခဲ့သည်။ စကခ (၁၃) မှ ဗိုလ်ချုပ်သူရသက်ဦးမောင် အလယ်ပိုင်းတိုင်း စစ်ဌာချုပ်မှ ဗိုလ်မှူးကြီးသိန်းဦး၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးတင့်လွင်တို့အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခဲ့ကြောင်း ခိုင်လုံသောသတင်းများအရသိရှိရသည်။

အထူးသဖြင့် ဗိုလ်မှူးကြီးအဆင့်နှင့် ဗိုလ်မှူးအဆင့်ရှိ စစ်အရာရှိ (၁,၅၀၀) ခန့်ကို ပြည်ထဲရေးဝန်ကြီးအောက်ရှိ ရဲတပ်ဖွဲ့၊ ရဲတပ်ရင်းနှင့် အကျဉ်းဦးစီးဌာနများတွင် အဆင့်မြင့်ရာထူးများဖြင့် လွှဲပြောင်းတာဝန်ပေးအပ်ခဲ့သည်။ အထူးသဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ ပြည်ထဲရေးနှင့် အခြားအရေးပါသောဌာနများတွင် အရပ်သားများနေရာမရနိုင်ဘဲ၊ စစ်တပ်၏အမိန့်ကိုနာခံမည့် စစ်သားဟောင်းများဖြင့် အစားထိုးလျက်ရှိသည်ဟုဆိုသည်။ အထူးသဖြင့် စစ်တပ်ပိုင် ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့တွင် အဆင့်မြင့်ရာထူးများပေး၍ စစ်အာဏာကိုပိုမိုတိုးချဲ့ချုပ်ကိုင်ရေးအတွက် လုပ်ဆောင်လျက်ရှိသည်ဟု ရန်ကုန်မှလာသော သတင်းတရပ်တွင် ဖော်ပြထားသည်။

စစ်တပ်အတွင်း အပြောင်းအလဲများနှင့် စပ်လျဉ်း၍ စစ်တပ်ရေးရာ ကျွမ်းကျင်သူတဦးကို မေးမြန်းကြည့်ရာ "အထူးသဖြင့် အမျိုးသားညီလာခံပြီးရင် လူထုဆန္ဒခံယူပွဲနဲ့ ရွေးကောက်တင်မြှောက်ပွဲတွေလုပ်ဖို့ နအဖက စီစဉ်ထားတယ်။ အဲသည်လိုကာလမျိုးမှာ စစ်တပ်ထဲမှာသာမဟုတ် အရပ်ဖက်ဌာနဆိုင်ရာအသီးသီးမှာ သူ့ရဲ့ဩဇာအာဏာကို ဖြန့်ကျက်ထားတာပေါ့ဗျာ။ ဒါဟာ သူတို့ရဲ့ လမ်းပြမြေပုံ (၇) ဆင့် အောင်မြင်ရေးအတွက်ပဲ လုပ်နေတဲ့ မဟာဗျူဟာမြောက်အစီအစဉ်များရဲ့ အစိတ်အပိုင်းတခုပါ။ နောက်တချက်ကလည်း တပ်ထဲကလူဟောင်းတွေကိုဖယ်ပြီး သူတို့စိတ်ချယုံကြည်ရတဲ့ လူငယ်မျိုးဆက်သစ်တပ်မှူးတွေနဲ့ အစားထိုးတာဖြစ်လို့ တပ်ထဲမှာလဲ ရာထူးတိုးရေးကို တပ်မက်နေတဲ့ စစ်တပ်အရာရှိငယ်တွေ အလိုဖြစ်သွားတာမို့ အတိုင်းအတာတခုအထိတော့ ယာယီအားဖြင့် တပ်ထဲက မကျေနပ်ချက်တွေကိုလည်း ဖယ်ရှားနိုင်တာပေါ့ဗျာ"ဟု မိုးကြိုးသို့ ရှင်းပြခဲ့သည်။ ❖

# ကေအဲန်ယူနှင့် နအဖတပ်များ ကော့ကရိတ်မြို့နယ် မော်စီးရွာအနီးတိုက်ပွဲဖြစ်ပွား

နအဖ စစ်တပ်၏ အရှေ့တောင်တိုင်း စစ်ဌာနချုပ် စစ်ဆင်ရေးနယ်မြေအတွင်းရှိ စကခ (၁၂) လက်အောက်ခံ ခမရ (၅၄၅) နှင့် ဒီကေဘီအေ တပ်ရင်း (၉၀၇) တို့မှ တပ်ဖွဲ့တဖွဲ့နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် တပ်ရင်း (၂၀၁) တပ်ခွဲ (၃) တို့သည် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မော်စီးရွာအနီး၌ ဇွန်လ (၁၅) ရက်နေ့နံနက် (၅) နာရီကျော်အချိန်က ထိတွေ့မှုဖြစ်ပြီး တိုက်ပွဲအပြင်းအထန်ဖြစ်ပွားခဲ့သည်ဟု သတင်းများအရသိရှိရသည်။

ယင်းတိုက်ပွဲတွင် ကရင်အမျိုးသားတပ်မတော်မှ (၁) ဦး အသက်ပေးလှူခဲ့ရပြီး (၁) ဦး ဒဏ်ရာရခဲ့သည်။ နအဖစစ်တပ်မှ (၁၀) ဦး ကျဆုံး၍ သေနတ် (၅) လက်ရရှိခဲ့သည်ဟု ကေအဲန်ယူသတင်းနှင့် ပြန်ကြားရေးဌာနအတွင်းရေးမှူး ဗိုလ်မှူးစောလှငွေ၏ ထုတ်ဖော်ပြောကြားချက်အရ သိရှိခဲ့ရသည်။

ယင်းတိုက်ပွဲနှင့်စပ်လျဉ်း၍ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၌ နှစ်ပေါင်း (၄၀) ကျော်ကြာ စစ်မှုထမ်းခဲ့သူ ဝါရင့်တပ်မှူးတဦးအားမေးမြန်းခဲ့ရာ "နအဖက ကျနော်တို့ ကရင်အချင်းချင်းပြန်တိုက်တဲ့ ပွဲဖြစ်အောင် စီစဉ်နေတယ်။ အထူးသဖြင့် တိုက်ပွဲဖြစ်ရင် ဒီကေဘီအေကို ရှေ့ကနေ အသေခံတိုက်ခိုင်းတယ်။ ကျနော်တို့က ပြန်မတိုက်ချင်ပေမယ့် ကိုယ့်ကိုယ်ကို ကာကွယ်တဲ့အနေနဲ့ မလွှဲသာမရှောင်သာ ပြန်တိုက်ရတော့ ကျနော်တို့ အင်မတန်စိတ်မချမ်းမသာဖြစ်ရတယ်။ ဒါကြောင့် ဒီကေဘီအေကလူတွေကို နအဖခိုင်းတာမလုပ်ကြဖို့၊ အမျိုးသားရေးကိုပြန်ငဲ့ဖို့ ကျနော်တို့ ကျယ်ကျယ်ပြန့်ပြန့်စည်းရုံးနေရပါတယ်"ဟု မိုးကြိုးသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

❖

## ● နောက်ကျောဖုံး ... ရွေးကောက်ပွဲ နှစ်ပတ်လည်နေ့ကျင်းပသတင်းမှ ...

သတိပေးသည့်အတွက်ကြောင့် ကိုမင်းကိုနိုင်ခေါင်းဆောင်သော ရွှေတိဂုံသို့သွားရောက်ဝတ်ပြုမည့်အဖွဲ့သည် အဖွဲ့ချုပ်ရုံးသို့ပြန်လာပြီး အဖွဲ့ချုပ်ရုံးရှေ့တွင်ပင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက် ဆုတောင်းပွဲများကျင်းပပြီး မြန်မာပြည်လွတ်မြောက်ရေးအတွက် သစ္စာအဓိဋ္ဌာန်များ ချမှတ်ခဲ့သည်ဟု ဆိုသည်။

အလားတူရွေးကောက်ပွဲ နှစ်ပတ်လည်နေ့အခမ်းအနားများကို အာဏာပိုင်များကတားမြစ်ပိတ်ပင်ထားသည့်ကြားမှ အနယ်နယ်အရပ်ရပ်တွင် ကျင်းပခဲ့ကြကြောင်း သိရှိရသည်။ မန္တလေးမြို့ (၂၈) လမ်းတိုင်း ဆက်သွယ်ရေးရုံး၌ မန္တလေးတိုင်း ဒုဥက္ကဋ္ဌ ဦးသိန်းတန် သဘာပတိအဖြစ်ဆောင်ရွက်၍ နှစ်ပတ်လည်အခမ်းအနား၌ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး ကြွေးကြော်သံများတိုင်လျက် ဒေါ်စုပုံ ချိတ်ထားသောအဝါရောင် မိုးပျံပူဘောင်း (၆၂) လုံးလွှတ်တင်ခဲ့ကြောင်း သိရှိရသည်။ အင်အား (၂၀၀) ကျော်တက်ရောက်ခဲ့သော ယင်းအခမ်းအနားအပြီးတွင် ဆုတောင်းပြည့်ဘုရား၌လည်း ဆုတောင်းပွဲကျင်းပခဲ့သည်ဟု သိရှိရသည်။

ပဲခူးတိုင်းညောင်လေးပင်မြို့နယ် အဖွဲ့ချုပ်မှကြီးမှူး၍ နံက် (၈) နာရီ၌ ညောင်လေးပင်မြို့ မဟာတိလောကသယမ္ဘူဘုရား၌ ဆုတောင်းပွဲကျင်းပခဲ့သည်။ ထို့အပြင် ရှမ်းပြည်နယ်တောင်ကြီးမြို့၌လည်း အာဏာပိုင်များက အခမ်းအနားမကျင်းပရန် ဖိအားပေးမှုရှိခဲ့သော်လည်း မိမိအဖွဲ့အစည်းကိစ္စသက်သက်ဖြစ်သည့်အပြင် ငြိမ်းချမ်းစွာ ကျင်းပခြင်းဖြစ်၍ ခွင့်ပြုချက်မယူဘဲ ကျင်းပခဲ့ကြောင်း သိရှိရသည်။

❖

## စာမျက်နှာ (၄) ဇွန်မိုုင်းဆောင်းပါးမှ

မြှောက်ပင့်သွေးထိုးခံထားရတဲ့ စစ်အုပ်စုဒေါက်တိုင်တွေဟာ ရှေ့ဆက်သွားရင်၊ ဘုရားပေါ်တက်ရင် လူအုပ်နဲ့ဆီးပြီး အသေရိုက်သတ်ပစ်မယ်ဆိုတဲ့အထိ၊ နာမည်ခေါ်ပြီး ဆဲရေးစိန်ခေါ်တဲ့အထိ ရမ်းကားပြတယ်။

အခန့်မသင့်ရင် အချိန်မရွေး ရုန်းရင်းဆန်ခတ်တွေဖြစ်သွားနိုင်တယ်။ အဓိကရုဏ်းတွေဖြစ်သွားနိုင်တယ်။ ဒုတိယ ဒီပဲယင်းဖြစ်သွားနိုင်တယ်။

ဒါကို စစ်အုပ်စုက အသေအချာဖန်တီးနေတာဖြစ်တယ်။

အဲဒီထောင်ချောက်ထဲကနေ အမြော်အမြင်ကြီးတဲ့ ကျောင်းသားခေါင်းဆောင်တွေဟာ လူထုရဲ့ဒေါသကို အသာထိန်းပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဌာနချုပ်ရုံးဆီ ပြန်ချီတက်ခဲ့ကြတယ်။

(၆)

ရုံးရှေ့အရောက်မှာ (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ဟာ အစော်ကားခံရလို့ ဒေါသနဲ့ တကိုယ်လုံးတုန်နေတဲ့ လူထုကြီးကို ရဲရဲတောက်မိန့်ခွန်းနဲ့ အခုလို စတင်ပြောဆိုလိုက်ပါတယ်။

"အားလုံးကြွရောက်လာကြတဲ့၊ ဒီမိုကရေစီမြတ်နိုးတဲ့ ကျနော်တို့ရဲ့ ပြည်သူအပေါင်းတို့။ ဒီကနေ့ဟာဆိုရင် ကျနော်တို့ရဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အကျဉ်းချခံထားရတာ လေးနှစ်ပြည့်မြောက်တဲ့နေ့ ဖြစ်ပါတယ်။ အဲဒီ အကျဉ်းချခံထားရမှုဟာ တရားသလား၊ မတရားဘူးလား ဆိုတာ အားလုံးပြည်သူတွေသိပါတယ်။"

အခုလို အစချီလိုက်တယ်ဆိုရင်ပဲ လူထုရဲ့ထောက်ခံသံတွေ ဟိန်းထွက်လာတယ်။ ဒီမှာ ကိုမင်းကိုနိုင်က လူထုကို အခုလိုမေးခွန်းတွေမေးရင်း ဆက်ပြီးပြောပါတယ်။

"ကျနော်တို့တတွေ ဒီနေရာမှာ လက်နက်မပါပဲနဲ့ ငြိမ်းချမ်းစွာလာပြီး စုဝေးနေကြတယ်။ စုဝေးနေကြတယ်ဆိုတာ အမှန်တရားအတွက် မတရားရင် ခေါင်းငုံ့မခံဘူးဆိုတဲ့စိတ်ဓာတ်နဲ့ ဟုတ်တယ်မို့လား"

တောက်လျှောက်ပေးဆပ်ခဲ့ရတဲ့ ပြည်သူတွေရဲ့စွန့်လွှတ်စွန့်စားမှုတွေကို ဖော်ပြရင်း အခုလိုဆက်ပြီးထောက်ပြတယ်။

"ကျနော်တို့အားလုံး ဘဝများစွာ စတေးခဲ့ပြီးပြီ။ လမ်းတွေပေါ်မှာ အသက်ပါပေးခဲ့ပြီးပြီ၊ ကျနော်တို့ကို ဘယ်ခြိမ်းခြောက်မှုမျိုးနဲ့မှ ချုပ်ချယ်လို့ ကြောက်မယ့်လူလား"

"အဲဒါကို သက်ဆိုင်ရာအာဏာပိုင်တွေ သဘောပေါက်ပါ။ ပြည်သူလူထုအရေခြုံထားတဲ့ လူလိမ်လူညာတွေ နားလည်ပါ။ ကမ္ဘာ့နိုင်ငံက ကမ္ဘာ့ပြည်သူတွေအားလုံး အသိအမှတ်ပြုဖို့ ကျနော်တို့ သတ္တိရှိတယ်ဆိုတာကို ပြမယ်မဟုတ်လား"

မေးခွန်းတခုတိုင်း တခုတိုင်းအတွက် ထောက်ခံလိုက်တဲ့ လူထုအသံတွေက စစ်အာဏာရှင်တစုအတွက်တော့ နေစရာမရှိအောင် ကျောချမ်းသွားလောက်ပါတယ်။ အဲဒီနောက်မှာ ....

"သတ္တိရှိတယ်ဆိုတာဟာ ကျနော်တို့ သတ္တိရှိတယ်ဆိုတာကို ပြဖို့ဆိုရင် ဒီကနေ့ ကျနော်တို့ ငြိမ်းချမ်းစွာဝတ်ပြုဆုတောင်းမှုကို ဘယ်သူတွေ ခွင့်ပြုပြု၊ မပြုပြု၊ ဟောဒီနေရာကနေပြီးတော့ ရွှေတိဂုံဘုရားကို ဦးတည်ပြီးတော့ ဝတ်ပြုဆုတောင်းပွဲလုပ်မယ်။ သဘောတူလား"

အခုလို လူထုရဲ့သဘောထားကို ပြတ်ပြတ်သားသား မေးပြီးတဲ့နောက်မှာတော့ ....

"အဲဒီလို ဝတ်ပြုဆုတောင်းပွဲလုပ်ခြင်းအပေါ်မှာ မည်သို့သော အာဏာပိုင်အဖွဲ့အစည်းကဖြစ်စေ၊ မည်သည့် အရေခြုံအဖွဲ့အစည်းက ဖြစ်စေ၊ ကျနော်တို့အပေါ်မှာ ကြိုက်သလို ခြိမ်းခြောက်နိုင်တယ်။ ကြိုက်တဲ့အရေးယူမှုမျိုးကို လုပ်နိုင်တယ်။ ကျနော်တို့ တည်တည်ကြည်ကြည် သတ္တိရှိရှိ ရင်ဆိုင်ရဲတယ်မို့လား"

လူထုဟာ သူတို့ရင်ထဲက ဆုံးဖြတ်ချက်နဲ့ ခိုင်မာတဲ့ပိုင်းဖြတ်မှုကို ပြတ်ပြတ်သားသား ပဲပြသလိုက်ကြပါတယ်။

(၇)

နအဖစစ်အုပ်စု ....

ခင်ဗျား ဘာလုပ်မလဲ။

"ဖိရင်ကြွတယ်၊ ထိရင်ချတယ်" ဆိုတဲ့ တိုက်ပွဲထဲက ရတဲ့တရားကို ခင်ဗျားကြားဖူးရဲ့လား။

ဖိနှိပ်မှုတွေသိပ်ကြီးလာပြီဆိုရင် အဲဒီဖိနှိပ်မှုတွေကြားကပဲ ရုန်းကန်လှုပ်ရှား တိုက်ပွဲဝင်သွားတတ်တာ၊ အောင်ပွဲကို အရယူသွားတတ်တာ ခင်ဗျားကြားဖူးရဲ့လား။

အဲဒီလို မကုန်မခမ်းနိုင်တဲ့ စွမ်းပကားတွေ၊ သစ်လွင်ခမ်းနားတဲ့ တီထွင်မှုတွေ လူထုကြီးမှာ အထုလိုက် အထည်လိုက်ရှိတယ်ဆိုတာ ခင်ဗျား နည်းနည်းလေးမှ မရိပ်မိဘူးလား။

မကြာခင် .... ခင်ဗျားတွေ့ရပါလိမ့်မယ်။

အခု ခင်ဗျားကြားနေရပြီမဟုတ်လား။

ဟော့လူတွေ ခင်ဗျားတို့နားစွင့်လိုက်ကြ။ ဟိုမှာ .... လူထုတွေ သစ္စာဆိုနေပြီ။

"ကျနော်တို့ဟာ ငြိမ်းချမ်းတဲ့နည်းနဲ့ အကြမ်းမဖက်တဲ့နည်းနဲ့ တလျှောက်လုံးကျင့်သုံးခဲ့တာ အားလုံးအသိပါ။ ဒီကနေ့လည်း စည်းကမ်းရှိရှိနဲ့ ကျနော်တို့လုပ်ချင်တဲ့ အလုပ်၊ ကျနော်တို့ရဲ့တရားမျှတတဲ့ အလုပ်အတွက်၊ ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ နိုင်ငံရေးအကျဉ်းသားတွေအားလုံး လွတ်မြောက်ရေးအတွက် ဟောဒီရွှေဂုံတိုင်လမ်းက မြေပေါ်မှာ သစ္စာပြုပြီးတော့ သက်သေတည်ခဲ့မယ်"

"မြင့်မြတ်တဲ့ တော်လှန်ရေးရဲဘော်အပေါင်းတို့ .... ကိုယ့်တိုင်း ကိုယ့်ပြည် ဒီမိုကရေစီရှိမှ၊ လူ့အခွင့်အရေးရမှ ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာမြင့်မားသော လူမျိုးနှင့်တိုင်းပြည်အဖြစ် ရပ်တည်နိုင်မှာမို့ ဒီမိုကရေစီရသည်အထိ ငါတို့အားလုံး မဆုတ်မနစ်၊ ဇွဲမလျှော့ဘဲ သတ္တိမွေး၍ သင်တို့ထုံးကို နှလုံးမူကာ ဆက်လက်၍ အရေးတော်ပုံကြီးကို ဆင်နွှဲသွားမည်ဖြစ်ကြောင်း ငါတို့ပြည်သူလူထုကြီးက အကျဉ်းကျခံရဲဘော်အပေါင်းအား ဒီရွှေတိဂုံခြေတော်ရင်းမှာ ....

အခိုင်အမာ သစ္စာဆိုပါတယ်။

အခိုင်အမာ သစ္စာဆိုပါတယ်။

အခိုင်အမာ သစ္စာဆိုပါတယ်။"

ဇွန်မိုုင်း

ဇွန် (၆) ၂၀၀၇။

❖

# ပြည်သူသာလျှင် အနန္တစွမ်းအားရှင်

စောဝေ

(ခေတ္တ နို့ဖိုးဒုက္ခသည်စခန်း)



ဒေါ်သအမျက်ထောင်းထောင်းထွက်၊ လူသတ်လက်နက်စွဲကိုင်ပြီး ပြည်သူအတွက် မငဲ့ကွက်လုပ်နေတဲ့ စစ်အုပ်စုဟာ ယနေ့ အခါမှာ သူ့ကိုယ်သူ မာနငယ်ထိပ်ရောက်ပြီး စစ်ရေးရော၊ စီးပွားရေးရော ဘယ်သူမှ ငါတို့ကို ယှဉ်လို့မရဘူး။ လာရဲလာကြည့် စမ်း။ လှုပ်ရဲ လှုပ်ကြည့်စမ်း၊ ပုံစံမျိုးစုံနှင့် အတိုက်အခံများကိုရော၊ ၎င်းတို့ကိုရော မထောက်ခံတဲ့ပြည်သူများကိုပါ သေနတ် တပြပြနှင့် လုပ်ပြနေတာ အထင်အရှားတွေ့ နေရတယ်။ တချို့တချို့သောသူများကတော့ စစ်ဗိုလ်ချုပ်ကြီးတွေဘက်ကပါပြီးတော့ စွန့်တာကြွဲတာလေးတွေကိုစားပြီး အဆိပ် ပင်ရေလောင်းလုပ်နေကြတာလဲ တွေ့ရပါ တယ်။ သူတို့လူတွေလည်း ရှိဦးမှပေါ့လေ။ လောကကြီးမှာ လူကောင်းတွေချည်းပဲရှိနေ လို့က မဖြစ်ဘူးလေ။ သူတို့လို တဘဝစံ၊ တခါစား လူဆိုးလူမိုက်တွေလည်း ရှိဦးမှလို့ ယူဆမိပါတယ်။ မသူတော်ချင်း သတင်း လွှေ့လွှေ့၊ အမတေရှိရာ အမတေစု၊ နအဖ ရှိရာ လူဆိုးလူမိုက်တွေ စုဝေးရောက်ရှိသွား ရတာတော့ မဆန်းပါဘူး။ ဒါကလောကကြီး ရဲ့ ပုံသေနည်းတခုပါဘဲ။ ဘယ်သူတွေ ဘာ ဘဲပြောပြော မြန်မာ့စစ်အုပ်စု ပိုရှိအား ကောင်းလာတယ်။ ခိုင်မာလာတယ်။ ဘာကြီး ပဲ ဘယ်လောက်ပြောပြော ကျနော်ကတော့ မယုံကြည်ပါဘူး။ လက်ခံနိုင်စရာလည်း တစက်ကလေးမှ မရှိပါဘူး။ ကျနော့်လိုပဲ သဘောထားရှိတဲ့လူတွေ မြန်မာပြည်မှာ သန်းငါးဆယ်ကျော်ထက်မနည်းရှိတယ်ဆိုတာ လည်း ကျနော်ယုံကြည်ပါတယ်။

ကျနော် ယခုလိုသဘောထားရှိရတာ ကိုတော့ နည်းနည်းတင်ပြပေးပါမယ်။ တကယ့်လက်တွေ့တွေပါ။ နအဖစည်းရုံးထားတဲ့ လူတွေဟာ တကယ်တော့ ပြည်သူထဲက ပြည်သူတွေပါ။ စစ်သားလည်း ပြည်သူပါ။ ရဲသား၊ မီးသတ်၊ ကြံ့ဖွံ့အစရှိတဲ့ အဖွဲ့အစည်းတွေဟာ ပြည်သူထဲကပေါက်ဖွားလာတဲ့ ပြည်သူတွေ ပါပဲ။ တကယ်တော့ နအဖဟာ တိုင်းပြည်ကို ဆင်းရဲမွဲတေအောင်လုပ်ပြီးတော့မှ သူ့ကို လက်မခံတဲ့ ပြည်သူပြည်သား၊ ရဟန်းရှင်လူ၊ ကျောင်းသူကျောင်းသား၊ ဝန်ထမ်းများကို သူ့အနေနဲ့ လှုပ်ရှားချင်တိုင်း၊ ပြောဆိုချင် တိုင်း၊ တောင်းဆိုချင်တိုင်း ပြုလုပ်၍မရ အောင် ပြည်သူတွေထဲကဘဲ လူမိုက်ရွေးပြီး အခကြေးငွေ၊ အခွင့်အရေးတချို့ပေးပြီး လက်သပ်မွေးမြူလိုက်တာပါ။ အဲဒီလို လူမိုက် ရွေး၊ လက်သပ်မွေးထားတဲ့အဖွဲ့တွေထဲမှာ တောင် တချို့က များများစားစားရကြသလို တချို့က မများမစား၊ တချို့ကအနည်းအပါး စသဖြင့် ခံစားခွင့်ခြင်းမတူကြတာကိုလည်း တွေ့ရပါသေးတယ်။ များများစားစားရတဲ့ လူက တကယ်တန်း အသက်အန္တရာယ်နဲ့ ပတ်သက်လာရင် ဝေးဝေးကနေရပြီး အ နည်းအပါး မစို့မပို့ရတဲ့လူက အသက်အန္တ ရာယ်နဲ့ပတ်သက်လာရင် ရှေ့ဆုံးက ကျဆုံး ခံရတဲ့လူ ဖြစ်ရပါတော့တယ်။ ဒီလိုဟာမျိုးက ဘာကြောင့်ဖြစ်ရသလဲဆိုတာကို သေသေ ချာချာလေ့လာရရင်တော့ နအဖဟာ သူ့ရဲ့ လက်အောက်ခံ ဘယ်အဖွဲ့အစည်းကိုမဆို တယောက်အပေါ်တယောက် ဗိုလ်ကျစိုးမိုး နိုင်ခွင့်မျိုးကို သေရာပါအကျင့်ဆိုးအနေနဲ့ တမင်လုပ်လာခဲ့တာကိုတော့ ငြင်းမရပါဘူး။ ဒါကြောင့် ကျနော်ပြောချင်တာ ထပ်ပြော ပါဦးမယ်။ နအဖက ဘယ်လောက်ဖွဲ့စည်း ဖွဲ့စည်း၊ တိုးချဲ့တိုးချဲ့ သူဖွဲ့စည်းတိုးချဲ့သမျှ အင်အားတွေဟာ ပြည်သူထဲကဘဲ ပေါက်ဖွား လာရတာပါ။

အချိန်တန်ရင် ပြည်သူ့အင်အားဟာ ပြည်သူထဲမှာဘဲ ရှိနေတာပါ။ ဒါကို သာဓက တခုလောက်ပြရရင်တော့ မဝေးသေးတဲ့ (၁၉၉၀) မေလ (၂၇) ရက်နေ့ မြန်မာပြည် တပြည်လုံးဆိုင်ရာ အထွေထွေရွေးကောက် ပွဲကြီးလုပ်ခဲ့တုန်းကပေါ့။ အဲဒီတုန်းက ဘာ ဖြစ်ခဲ့သလဲဆိုတော့ မြန်မာနိုင်ငံကြီးရဲ့မြို့ တော် မဟာရန်ကုန် (ရန်ကုန်တိုင်း) ထဲမှာ ပေါ့။ မြို့နယ်များစွာထဲက တခုအပါအဝင်ဖြစ် တဲ့ မင်္ဂလာဒုံမြို့နယ်မှာပါ။ အဲဒီ မင်္ဂလာဒုံမြို့ နယ်ဟာ (၉၀) ရာခိုင်နှုန်းလောက်ကို စစ် တပ်နယ်မြေကြီးပါ။ မြန်မာစစ်မှုထမ်းတွေ ချည်းသက်သက်နေထိုင်တဲ့ မင်္ဂလာဒုံမြို့နယ် ကြီးဟာ တကယ်တန်းရွေးကောက်ပွဲကြီးမှာ မဲပေးလိုက်ကြတော့ ပြည်သူတွေနဲ့ ထပ်တူ ထပ်မျှပါပဲလို့ပြောတာနဲ့ အတူတူပါဘဲ။ ပြည် သူတွေမဲပေးတဲ့ အဲန်အယ်လ်ဒီပါတီကိုပဲ ရာ နှုန်းပြည့်နီးပါး မဲပေးခဲ့တာ တွေ့ခဲ့ရပြီးပါပြီ။

ဒါဟာ စောစောက ကျနော်ပြောသလို ပါပဲ။ နအဖလက်တဆုပ်စာ ဗိုလ်ချုပ်ကြီး တစုတွေ အားကိုးလှပါတယ်ဆိုတဲ့ စစ်သား ပဲဖြစ်ဖြစ်၊ ရဲသားပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် သူတို့တွေဟာ ပြည်သူတွေထဲက ပြည်သူပါ ပဲဆိုတာကို လက်တွေ့ပြလိုက်တာပါ။ ဒါကို နအဖက လက်တွေ့ခံလိုက်ရတော့ ပြည်သူ တွေကို ပြည်သူတွေလို့မမြင်နိုင်တော့ဘဲ ရန်သူလိုဖြစ်လာပြီး ရုံခါမပြတ် ဖိနှိပ်မှုအ မျိုးမျိုးနဲ့ ဖိနှိပ်လာတော့တာပါဘဲ။ ဒါတင်မက အရာရာကို လိမ်လည်လှည့်ဖြားပြီး သူတို့တစု စာကောင်းစားရေးအတွက် ဥပဒေကိုပါ ချိုး ဖောက်ဖျက်ဆီး ကပြောင်းကပြန် လုပ်ချင်ရာ လုပ်ပြီး လိုရာလမ်းကို အတင်းဆွဲသွားနေ တာကိုလည်း ပြောင်ပြောင်တင်းတင်း မျက် ဝါးထင်ထင် တွေ့မြင်နေရပါပြီ။ ဒီလိုပါပဲ ကမ္ဘာပေါ်မှာ ဘယ်အာဏာရှင်တွေပဲ ကြည့် ကြည့် သူတို့ခံရမယ့်အလှည့်ကိုတော့ အလွန် ကိုကြောက်ကြပါတယ်။ ဒါကြောင့်မို့ ကျနော် ယုံကြည်ထားတဲ့အတိုင်းပြောရရင်တော့ အာ ဏာရှင်ဟာ ဘယ်တော့မှမတည်မြဲဘူး။ ကျ ဆုံးရစမြဲပါ။

နအဖလက်တဆုပ်စာ ဗိုလ်ချုပ်ကြီးတစုတွေ အားကိုးလှပါတယ်ဆိုတဲ့
စစ်သားပဲဖြစ်ဖြစ်၊ ရဲသားပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်
သူတို့တွေဟာ
ပြည်သူတွေထဲက ပြည်သူပါပဲဆိုတာကို လက်တွေ့ပြလိုက်တာပါ။
ဒါကို နအဖက လက်တွေ့ခံလိုက်ရတော့ ပြည်သူတွေကို ပြည်သူတွေလို့မမြင်နိုင်တော့ဘဲ ရန်သူလိုဖြစ်လာပြီး
ရုံခါမပြတ် ဖိနှိပ်မှုအမျိုးမျိုးနဲ့ ဖိနှိပ်လာတော့တာပါဘဲ။
ဒါတင်မက အရာရာကို လိမ်လည်လှည့်ဖြားပြီး သူတို့တစု စာကောင်းစားရေးအတွက်
ဥပဒေကိုပါ ချိုးဖောက်ဖျက်ဆီး ကပြောင်းကပြန် လုပ်ချင်ရာလုပ်ပြီး လိုရာလမ်းကို အတင်းဆွဲသွားနေ
တာကိုလည်း ပြောင်ပြောင်တင်းတင်း မျက်ဝါးထင်ထင် တွေ့မြင်နေရပါပြီ။

ခုဆိုရင် ကျဆုံးဖို့ သိပ်မဝေးတော့ပါ ဘူး။ လက်တကမ်းမှာ ရောက်နေပါတယ်။ ဒါကိုလည်း ထပ်ပြီး သာဓကပြပါဦးမယ်။ အဲဒါကတော့ မြန်မာပြည်ရန်ကုန်မြို့မှာ (၂၇) ရက် မေလ ၂၀၀၇ နေ့က ၈၈ မျိုးဆက် ကျောင်းသားများဦးဆောင်ပြီး (၁၈) နှစ် ပြည့်ရွေးကောက်ပွဲ အမှတ်တရဆုတောင်းပွဲ ကို ပြုလုပ်ကြပါတယ်။ အဲဒီမှာ ပြည်သူတွေ ဟာ အင်အားတထောင်ကျော် တက်ရောက် လာကြပါတယ်။ ဗဟန်းက ရေတာရှည်လမ်း မကြီးဟာ ပြည်သူလူထုတွေနဲ့ ပြည့်ကြပ်နေ ပါတော့တယ်။ ဘုရားပေါ်တက်ပြီး ဝတ်ပြု ဆုတောင်းဖို့ကိုတော့ အာဏာပိုင်တွေက လမ်းမပေါ်မှာ ကားလေးစီး ကန့်လန့်ဖြတ် ပိတ်ရပ်ထားပြီး အရပ်ဝတ်နဲ့ လက်နက်ကိုင် အဖွဲ့တွေချထားပါတယ်။ အဲဒီအချိန်မှာ ရှေ့ ကဦးဆောင်လာတဲ့ ၈၈ မျိုးဆက်ကျောင်း သားခေါင်းဆောင် ကိုမင်းကိုနိုင်က ဘာတွေ ပြောသလဲဆိုတာ RFA မှတဆင့်ကြား ရတာတော့ "ယခုကျနော်တို့နဲ့အတူ ချီတက် လာကြတဲ့ လုပ်သားပြည်သူတွေထဲမှာ မူလ တန်းကလေးတွေရော အသက်အရွယ်ကြီး ပြင်းလှတဲ့အဖိုးအို အဘွားအိုတွေရောကပါ တက်တက်ကြွကြွ ပါဝင်လာကြတာတွေ့ရ ပါတယ်"တဲ့။ ခုလိုရှေ့က ပိတ်ကာဆီးထားတဲ့ အတားအဆီးအနှောက်အယှက် တွေ့ရတော့ သူကဆက်ပြီးပြောတာက "ဒီအတားအဆီး တွေကို ဂရုမစိုက်ဘဲ ဖောက်ထွက်သွားကြ မလား''လို့မေးတော့ လူအုပ်ကြီးက "သွား မယ်၊ သွားမယ်''လို့ ပြန်ပြီးအော်ဟစ်တာကို ကြားရတဲ့အခါမှာ အလွန်ပဲ ဝမ်းသာကြည် နူးဖြစ်ရပြီး ဆက်ပြီးဖောက်သွားရင် အသေ အပျောက်တွေရှိချင်ရှိမယ်။ ရှိတယ်ဆိုရင် ကောလို့ ပြန်ပြီးပြောပြတော့ လူအုပ်ကြီးက ရှိလဲ "သေရဲတယ်၊ အသေခံမယ်''လို့ ပြန် ပြီးပြောပြန်ရောတဲ့။ အဲဒီအချိန်မှာဘဲ ဘေး မှာရှိနေကြတဲ့ လူအုပ်ထဲကပဲ တယောက်ပြီး တယောက်လာပြီးတော့ ဆက်မသွားဖို့၊ ရပ် ထားတဲ့ကားတွေနောက်မှာ အရပ်ဝတ်နဲ့ ရော၊ စစ်ဝတ်နဲ့ပါ လက်နက်အပြည့်ကိုင် ဆောင်ပြီး လူမမြင်အောင် နေရာယူထားကြ တာအများကြီးပဲလို့ လာပြောကြပါတယ်။ ဒါကိုလည်း ခေါင်းဆောင်ပိုင်းတွေက ပို၍ သေချာအောင် လူလွှတ်ပြီး စုံစမ်းလေ့လာ တော့လည်း ပြည်သူတွေလာပေးတဲ့သတင်း အတိုင်း မှန်နေတာတွေ့ရတယ်။ အဲဒီအခါကျ တော့ ကိုမင်းကိုနိုင်ကထပ်ပြီး ဆက်ပြော တာကတော့ ပြည်သူတွေဟာ တကယ်တန်း ကျတော့ သူထင်တာထက်တောင် ပို၍တက် ကြွ ပို၍အားမာန်ကြီးပြီး ပါဝင်လာတာကို တွေ့လိုက်ရပြီ။ ထို့နောက် သူတို့ဟာ ရှေ့မှာ နအဖရဲ့သတ်ကွင်းထဲကို လူမမယ်ကလေးတွေ၊ သက်ကြီး ရွယ်အိုတွေကို အဝင်မခံချင်တော့ ဘူး။ ဒီလူမမယ်နဲ့ သက်ကြီးရွယ်အိုတွေရဲ့ အသက်တွေနဲ့ မလဲနိုင်ဘူး။ မတန်ဘူးဆိုတာ ဆုံးဖြတ်ပြီး အဲဒီလမ်းမကြီးပေါ်မှာဘဲ ဘုရား ဖက်ကိုရည်စူးပြီး ဝတ်ပြုဆုတောင်းပွဲကို လုပ် လိုက်ရပါတယ်။''လို့ ပြောသွားတာကို ကျ နော်နားနဲ့ ဆတ်ဆတ်ကြားလိုက်ရပါတယ်။ အဲဒါ ကျနော်ထပ်ပြီးတင်ပြချင်တဲ့ သာဓက ပါပဲ။ အရေးဟဲ့ အကြောင်းဟဲ့လို့ဖြစ်လာ ရင်တော့ ပြည်သူတွေဟာ ပြည်သူတွေပါပဲ။ ဘယ်အာဏာရှင်ဘက်မှ မရပ်တည်ပါဘူး၊ နအဖက ဘာကြီးပဲ ဘယ်လောက်ပြောပြော၊ ဘယ်လောက်ကြီးပဲ ခြိမ်းခြိမ်းခြောက်ခြောက် မရပါဘူး။ ပြည်သူ့အားက ပြည်သူ့ဆီမှာပဲ ရှိပါတယ်။

အဲဒီ (၂၇၊ ၅၊ ၂၀၀၇) နေ့က RFA ကို ကိုပေါ်ဦးဆက်ပြီး နောက်ဆုံးပြောသွား တာလေးကတော့ "ဒီနေ့ပွဲဟာ ကျနော်တို့ အောင်ပွဲရတဲ့ပွဲပါ။ ကျနော်တို့နိုင်တဲ့ပွဲပါ။ ပြည်သူတွေဟာ ကျနော်တို့ဘက်က အပြည့် ရှိတယ်ဆိုတာကို ပြသလိုက်တာပါဘဲ။''လို့ ပြောသွားပါတယ်။ "ဟုတ်ပါတယ် ဦးပေါ် ဦးရယ်၊ မြန်မာပြည်သူတွေဟာ အမှန်အမှား ကို ခွဲခြားတတ်ပါတယ်။ အသိဉာဏ် အပြည့် ရှိပါတယ်။ အမှန်လမ်းကို ကောင်းကောင်း ကြီး ရွေးချယ်တတ်ပါတယ်။ အဲဒီထဲကမှ အသိဉာဏ်အလွန်တရာမှ ခေါင်းပါးလှတဲ့ စုန်းပြူးလေး တယောက်စ၊ နှစ်ယောက်စ လောက်ကိုတော့ စာဖွဲ့လောက်စရာ မရှိပါ ဘူးလို့ဘဲ ကျနော့်ရင်ထဲကပြောချင်တာလေး တွေကို ပြောလိုက်ပါရစေ ကိုပေါ်ဦးရေ့''

(မြန်မာပြည်ကြီးမှ ပြည်သူ့အောင်ပွဲကြီး မြန်မြန်ရရှိပါစေ။)

စောဝေ

(ခေတ္တ – နို့ဖိုးဒုက္ခသည်စခန်း)

၂၈၊ ၅၊ ၂၀၀၇ (၂၂ း ၀၁)

❖

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ၆၂ နှစ်မြောက် မွေးနေ့အတွက် ကမ္ဘာ့ခေါင်းဆောင်တချို့၏ဆုတောင်းသဝဏ်လွှာ



လော်ရာဘုရှ် (အမေရိကန်သမတကတော်)

"ဒီကနေ့ အသက် (၆၂) နှစ် ပြည့်တဲ့မွေးနေ့မှာ မြန်မာ့သူရဲကောင်း တဦးဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ နေအိမ်မှာ တဦးတည်း မွေးနေ့ ပွဲကိုဆင်နွှဲနေရမှာဖြစ်ပါတယ်။ သားတွေနဲ့လည်းဝေး၊ ခင်ပွန်းသည် ကင်ဆာရောဂါနဲ့ကွယ်လွန်ချိန်မှာလည်း မတွေ့လိုက်ရ။ ဒီကနေ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်ရသူတွေကတော့ သူမရဲ့နေအိမ်မှာ လက်နက်ကိုင်စောင့်နေတဲ့ လုံခြုံရေးအစောင့်တပ်သားတွေပါဘဲ။ ဒီလိုဘဲ လွန်ခဲ့တဲ့ (၁၇) နှစ်တာကာလအတွင်းမှာလည်း မွေးနေ့ကို သူမတဦးတည်းဆင်နွှဲခဲ့ရတာများပါတယ်။ မြန်မာနိုင်ငံသားတွေဟာ လူ့အခွင့်အရေးကျူးလွန်ချိုးဖောက်မှုတွေ ခံစားနေကြရပေမယ့်လို့ မြန်မာနိုင်ငံလွတ်မြောက်ရေးအတွက် ကြိုးပမ်းနေကြသူတွေကတော့ မျှော်လင့်ချက်တွေမပျက်ကြပါဘူး။ အထူးသဖြင့် မျိုးဆက်သစ်တွေရဲ့လှုပ်ရှားမှုတွေအပြင် မြန်မာနိုင်ငံအပေါ် အမေရိကန်ကချမှတ်ထားတဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေကိုလည်း နောက်တနှစ်သက်တမ်းတိုးဖို့ အထက်လွှတ်တော်ကတင်သွင်းခဲ့တဲ့ ဥပဒေကြမ်းကို သမတဘုရှ်က လက်မှတ်ရေးထိုးဖို့ စိတ်ဆန္ဒစောလျက်ရှိနေပါတယ်"

(*Wall Street* ဂျာနယ်သတင်းစာ ဒေါ်အောင်ဆန်းစုကြည် ၆၂ နှစ်မြောက်မွေးနေ့ ဂုဏ်ပြုဆောင်းပါးမှ)



တိုနီဗလဲ (အင်္ဂလန်ဝန်ကြီးချုပ်)

"ဒေါ်အောင်ဆန်းစုကြည်ဟာ သူမရဲ့မိသားစုတွေ၊ ပြင်ပကမ္ဘာအသိုင်းအဝိုင်းနဲ့ ထိစပ်ခွင့်မရဘဲနဲ့ ဒီကနေ့ကျရောက်တဲ့ သူ့ရဲ့မွေးနေ့ကို နေအိမ်မှာ အကျယ်ချုပ်ကျခံနေရတဲ့ဘဝနဲ့ နောက်တကြိမ်ထပ်ပြီးတော့ ဖြတ်သန်းနေရတဲ့အပေါ်မှာ ကျနော့်အနေနဲ့ အလွန်တရာကို စိတ်မကောင်းဖြစ်မိပါတယ်။ သူဟာ တိုင်းပြည်အတွက် စွန့်လွှတ်အနစ်နာခံမှုများစွာပေးထားပေမဲ့လည်း ဒီတိုင်းပြည်ကို သူမ ကုစားနိုင်ခွင့်မရသေးပါဘူး။ သူမကို ဖမ်းဆီးထိန်းသိမ်းထားတဲ့ကာလ ကြာမြင့်လာတာနဲ့အမျှ သူမကို ပြန်လွှတ်ပေးဖို့ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့တောင်းဆိုသံတွေဟာ ပိုပြီးတော့ကျယ်လောင်လာနေပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ တခြားနိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးမှသာ မြန်မာနိုင်ငံအနေနဲ့ တကယ့်ကို အစုအဖွဲ့အားလုံးပါဝင်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးရရှိပြီးတော့ ဒီမိုကရေစီဖော်ဆောင်တာ လူ့အခွင့်အရေးကို အပြည့်အဝလိုက်နာတာတွေဖြစ်လာမယ်လို့ ကျနော့်အနေနဲ့ အခိုင်အမာယုံကြည်ထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို အခုချက်ချင်း ပြန်လွှတ်ပေးဖို့ မြန်မာစစ်အစိုးရကို ကျနော် ထပ်ပြီးတော့တောင်းဆိုလိုက်ပါတယ်။ ဒါဟာ နှစ်ရှည်ကြာ ဒုက္ခဆင်းရဲခံစားနေရတဲ့ မြန်မာနိုင်ငံပြဿနာတွေကို ဖြေရှင်းဖို့လို့ ပထမဆုံးအဆင့်ဖြစ်ပါတယ်"

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •



ဘုန်းတော်ကြီး ဒက်စ်မွန်တူးတူး (နိုဗယ်လ်ငြိမ်းချမ်းရေးဆုရှင်)

"ချစ်လှစွာသော ညီမငယ်၊ အထူးသဖြင့် ဒီကနေ့လိုအချိန်မျိုးမှာ ကမ္ဘာက ညီမငယ်ကို သတိရနေကြပါတယ်။ ကမ္ဘာပေါ်မှာ လူသန်းပေါင်းများစွာက ညီမငယ်ကို ဂုဏ်ယူအားကျနေကြသလို ဘုရားသခင်ထံက လည်း ကောင်းချီးတွေပေးပါစေလို့ ဆုတောင်းပေးနေကြပါတယ်။ လက်နက်တွေအပြည့်တပ်ဆင်ထားကြတဲ့ ရက်စက်လှတဲ့ မြန်မာစစ်တပ်ဟာ ညီမငယ်ကိုကြောက်ကြပါတယ်။ ဒီအကြမ်းဖက်သူတွေဟာ သူတို့ရှေ့က ကျဆုံးခဲ့ ကြတဲ့ ဖိနှိပ်သူတွေလိုပဲ အရှုံးနဲ့ရင်ဆိုင်ကြရပါပြီ။ တနေ့ကျရင် ရန်ကုန်မှာ ညီမငယ်ကိုလာပြီး နိုဗယ်လ်ငြိမ်းချမ်းရေးဆုရှင်တွေ တွေ့နိုင်ကြမှာပါ။ ဘုရားသခင်ကောင်းချီးပေးပါစေ"



ပရော်ဖက်ဆာပေါ်လိုဆာဂျီရိုပင်ညဲရိုး (မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်)

"ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ သူမရဲ့မွေးနေ့ကို နေအိမ်အကျယ်ချုပ်ဘဝနဲ့ ဖြတ်သန်းနေရတာ အင်မတန်ဝမ်းနည်းစရာပါ။ ဒါပေမဲ့ အခြားတဖက်မှာတော့ သူမရဲ့သတ္တိနဲ့ရဲရင့်မှုဟာ မြန်မာနိုင်ငံပြည်သူတွေအတွက်တင်မကပါဘူး။ တကမ္ဘာလုံးက ဒီမိုကရေစီရေးလှုပ်ရှားမှုတွေအတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာ ခွန်အားတရပ်ပါ။ ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးပြီးတော့ သူမရဲ့အခန်းကဏ္ဍကို အသိအမှတ်ပြုဖို့ရာ အာဏာပိုင်တွေအနေနဲ့ ရှောင်လွှဲလို့မရပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးလိုက်ခြင်းအားဖြင့် တိုင်းပြည်အတွက်ရော မြန်မာနိုင်ငံအသွင်ကူးပြောင်းဖို့အတွက်ပါ အကျိုးဖြစ်စေလိမ့်မယ်လို့ ယူဆပါတယ်"

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •



မရိုမက်ဂွိုင်ယား
(၁၉၇၆ ခု နိုဗယ်လ်ငြိမ်းချမ်းရေးဆုရှင်)

"အခုလို မွေးနေ့မင်္ဂလာမှာ ဆုတောင်းမေတ္တာ အထူးပို့သလိုက်ပါတယ်။ ကျမနဲ့အတူ ရောင်းရင်း နိုဗယ်လ်ငြိမ်းချမ်းရေးဆုရှင်တွေ ကမ္ဘာတဝှမ်း ဒေါ်အောင်ဆန်းစုကြည်ကို ချစ်မြတ်နိုးကြသူတွေ ဂုဏ်ယူအားကျသူတွေအားလုံးက အထူးမွေးနေ့မင်္ဂလာဆုတောင်းပေးပို့လိုက်ပါတယ်။ ကျမတို့ရဲ့ အိုင်ယာလန်သမတ မယ်ရီမက်ဂလက်စ်ကလည်း ဒေါ်အောင်ဆန်းစုကြည်ကို လွန်စွာပဲအားကျဂုဏ်ယူပြီး မြန်မာနိုင်ငံမှာ ဒီမိုကရေစီနဲ့ငြိမ်းချမ်းရေး မကြာမီရရှိပါစေလို့ အိုင်ယာလန်သမ္မတနဲ့အတူ အိုင်ယာလန်ပြည်သူလူထုက ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် ဆုတောင်းပေးသလို အတူလည်းရပ်တည်ကြပါတယ်"



ဒေါက်တာစိန်ဝင်း
(အဲန်စီယူဘီဝန်ကြီးချုပ်)

"မတရားထိန်းသိမ်းခံထားရတဲ့ ဒေါ်အောင်ဆန်းစုကြည်လို နိုဗယ်လ်ငြိမ်းချမ်းရေးဆုရှင်၊ အမြဲတမ်းငြိမ်းချမ်းရေးနဲ့ တွေ့ဆုံဆွေးနွေးရေးကို ပြောနေတဲ့သူတဦး၊ တကယ်တမ်း မြန်မာပြည် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် အဓိကလိုအပ်တဲ့သူတယောက်။ သူ့လိုလူမျိုးကိုတောင် အခုလိုတရားမဲ့ ချုပ်နှောင်ထားတယ်ဆိုရင် မြန်မာပြည်ရဲ့အခြေအနေဟာ ဘာလဲဆိုတာ ကျနော်တို့သိနိုင်ပါတယ်"



ထရေစာကော့
(AIPMC မြန်မာ့အရေးဆိုင်ရာ အာဆီယံအမတ်များအဖွဲ့ အတွင်းရေးမှူး)

"ပျော်ရွှင်ဖွယ်မွေးနေ့ဖြစ်ပါစေလို့ ဒေါ်အောင်ဆန်းစုကြည်အတွက် ကျမဆုတောင်းပေးပါတယ်။ နေအိမ်အကျယ်ချုပ်ကျခံနေရပေမဲ့လို့ ဒေါ်အောင်ဆန်းစုကြည်ကို စိတ်ဓာတ်ကျသွားစေမှာမဟုတ်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာပြည်သူတရပ်လုံးနဲ့ မြန်မာနိုင်ငံ ဒီမိုကရေစီရေးကို ထောက်ခံအားပေးသူအားလုံးရဲ့ သင်္ကေတဖော်ပြချက်ဖြစ်ပါတယ်"



ဒေါက်တာစင်သီယာမောင်

"ကျမတို့မြန်မာနိုင်ငံမှာရှိနေတဲ့ မတူညီကွဲပြားခြားနားတဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေ၊ ဘာသာစကားကွဲပြားမှုတွေကြားထဲမှာ လက်ရှိ အမျိုးသမီးများအနေနဲ့ စုစည်းမှုအရှိန်အဟုန်က အများကြီးမြင့်လာတဲ့အတွက်ကြောင့် ကျမတို့မြန်မာနိုင်ငံရဲ့ ပြဿနာဖြေရှင်းရေးမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ အမျိုးသမီးများအားလုံးဟာ ဆက်လက်ပြီးတော့ မားမားမတ်မတ် တိုက်ပွဲဝင်နေပါတယ်လို့ပြောကြားချင်ပါတယ်။

# လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် (၆၂) နှစ်



ရွှေဂုံတိုင် အဖွဲ့ချုပ်ရုံးတွင် ကျင်းပသောဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့




မွေးနေ့တွင် ဒေါ်အောင်ဆန်းစုကြည်အား လွတ်ပေးရေးတောင်းဆိုနေစဉ်



အမေရိကန်ပြည်ထောင်စုတွင် ကျင်းပခဲ့သော မွေးနေ့အခမ်းအနား

စစ်အုပ်စုမှ အာဏာတကြီးစွာ အကျယ်ချုပ်ချထားခံနေရလင့်စကား၊ ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်၏ (၆၂) နှစ်မြောက် မွေးနေ့အခမ်းအနားကို ကမ္ဘာတဝှမ်းလုံး ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ကြကြောင်းသိရှိရသည်။

**စင်္ကာပူ** တွင် ဇွန်လ (၁၇) ရက်နေ့က ကြိုတင်ကျင်းပခဲ့သည့် ယင်းအခမ်းအနားသို့ အိုးဝေ (စင်္ကာပူ)၊ မြန်မာ့အရေးလှုပ်ရှားမှု (စင်္ကာပူ) လမ်းပြကြယ်စာကြည့်တိုက်၊ မြန်မာသူနာပြုများ၊ မြန်မာ့ဒီမိုကရေစီရေးထောက်ခံသူများမှ စုစုပေါင်းအင်အား (၅၀၀) ခန့် တက်ရောက်ခဲ့ကြသည်။ သံဃာတော်အရှင်သူမြတ်များထံမှ တရားနာယူခြင်း၊ ဆီမီးပူဇော်ခြင်း၊ ဆွမ်းကပ်ခြင်းတို့အပြင် အထိမ်းအမှတ်ကဗျာရွတ်ဆိုပွဲအား ကျင်းပခဲ့ကြောင်း၊ ပရိတ်သတ်ထဲမှ လူပုဂ္ဂိုလ် (၂) ဦးက အမှတ်တရစကားများပြောကြားခဲ့ကြသည်။

**ကိုရီးယားနိုင်ငံတွင်လည်း** ဇွန်လ (၁၇) ရက်နေ့က ယင်းအခမ်းအနားကို ပူချွန်းမြို့တော်ခန်းမရှေ့ ဂျူဟာန်းပန်းခြံအတွင်းကျင်းပခဲ့ရာ စုစုပေါင်းအင်အား (၂၀၀) ခန့် တက်ရောက်ခဲ့ကြသည်ဟုသိရှိရသည်။ အန်အယ်လ်ဒီလွတ်မြောက်နယ်မြေ ကိုရီးယားဌာနခွဲဥက္ကဋ္ဌ ဦးအောင်မြင့်ဆွေက အမှာစကားပြောကြားခဲ့ပြီး ပူချွန်းမြို့ ဘော (ဂ်) စွမ်ဘာ ဗုဒ္ဓဘာသာဘုန်းတော်ကြီးလင်ရောင်တန်နှင့် ပူချွန်းအလုပ်သမားရိပ်သာမှ မစ္စပတ်မြောင်ဂျာတို့က ဂုဏ်ပြုစကားပြောကြားခဲ့ကြသည်ဟု သိရှိရသည်။

**ဖင်လန်နိုင်ငံ** ဘူအိုပီအိုမြို့တွင်လည်း ကရင်၊ ကရင်နီတိုင်းရင်းသားများအပါအဝင် ဗမာတိုင်းရင်းသားများစုပေါင်းပြီး ဇွန်လ (၁၆) ရက်နေ့က ဒေါ်အောင်ဆန်းစုကြည် မွေးနေ့အခမ်းအနားကျင်းပခဲ့သည်ဟု သိရသည်။

**အမေရိကန်ပြည်ထောင်စု** ကွန်ဂရက်လွှတ်တော်တွင်လည်း (၁၉) ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်၏မွေးနေ့ပွဲအခမ်းအနားကို အမေရိကန်လွှတ်တော်နိုင်ငံခြားရေးရာကော်မတီအကြီးအကဲ *Ton Lantos* ဦးဆောင်လျက် *Burma Furmal* နှင့် *US Campaign for Burma* အမေရိကန်ကွန်ဂရက်လွှတ်တော်၏ လူ့အခွင့်အရေးတို့မှ *Ray burn* အဆောက်အဦးအခန်း (၂၂၀၀) တွင် ကျင်းပခဲ့သည်။ ယင်းအခမ်းအနားတွင် နယူးဂျာစီပြည်နယ် အောက်လွှတ်တော်အမတ် ရပ်ရှ်ဟိုလ်တ် ( *Rush Holt*)၊ ဒီမိုကရေစီထောက်ပံ့မှုအဖွဲ့ *NED* ဥက္ကဋ္ဌ ကာလ်ဂါ့ရှ်မန်းန် (*Carl Gershman*)၊ နိုင်ငံတကာရီပတ်ဘလီကန်အဖွဲ့ (*IRI*) ၏ဥက္ကဋ္ဌ လုံးခရိန်နာ (*Lorne Craner*)၊ ပဲန်ဆက်ဗေးနီးယားပြည်နယ် အောက်လွှတ်တော်အမတ် ဂျိုးဆက်ပစ်တ် (*Josepb Pitt*)၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (*AI*) ၏ အာရှတိုက်ဆိုင်ရာကျန်းမာရေးမှူး မစ္စတာတီးမားရ် (*T.Kumar*)၊ အမေရိကန်အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ *AFL_CIO* နိုင်ငံတကာသွေးစည်းညီညွတ်ရေးဌာန၏ ညွှန်ကြားရေးမှူးဖြစ်သူ တင်မ်ရိုင်ယန်နှင့် *NCGUB* ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းတို့မှ အသီးသီး ဂုဏ်ပြုအမှာစကားပြောကြားခဲ့ကြောင်း သိရှိရသည်။

အလားတူပင် ၂၀၀၈ ခုနှစ် အမေရိကန်သမတ ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ဖို့ ကြေငြာထားသည့် အထက်လွှတ်တော်အမတ် ဘားရက်စ်အိုဘားမား (*Barack Obama*) နှင့် အခြား ရီပါဗလစ်ကင်ပါတီ အထက်လွှတ်တော်အမတ်တဦးဖြစ်သူ မစ်ချ်မက်ကောနဲ (*Mitch Mcconel*) တို့ကလည်း တဦးချင်းမှ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့နှင့်စပ်လျဥ်း၍ ကြေငြာချက် အသီးသီးထုတ်ပြန်ခဲ့သည်။ လက်ရှိသမတကတော် လော်ရာဘုရှ်က *Wall street Journal* တွင် ဆောင်းပါးရှင်အာဘော်ကဏ္ဍမှာ ဒေါ်အောင်ဆန်းစုကြည် အကျဉ်းချခံထားရမှုနှင့်စပ်လျဥ်း၍ အကျယ်တဝံ့ရေးသားခဲ့ကြောင်းသိရှိရသည်။

အမေရိကန်နိုင်ငံ ပြည်နယ် (၄၂) ပြည်နယ်တွင် အစုအဖွဲ့ပေါင်း (၂၅၀) တို့က





နို့ဗိုးဒုက္ခသည်စခန်းတွင် ကျင်းပခဲ့သော မွေးနေ့အခမ်းအနား



ထိုင်း–မြန်မာနယ်စပ်တွင် ကျင်းပခဲ့သော မွေးနေ့အခမ်းအနား



ဗိလစ်ပိုင်နိုင်ငံမှ ဆုတောင်းပွဲ

# နှစ်မြောက်မွေးနေ့ ကမ္ဘာတဝှမ်းဖြိုင့်ဖြိုင့်သဲသဲ ကျင်းပ



(၂၄) နာရီကြာ နေအိမ်အကျယ်ချုပ်ကျခံပြီး အထိမ်းအမှတ်ပွဲများကျင်းပခဲ့ကြောင်း *USCB* ရဲ့ ကြေငြာချက်အရ သိရှိရသည်။

**ဟောလိဝုဒ်တွင်လည်း** *Creative Artists* အေဂျင်စီမှ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ အခန်းအနားကိုကျင်းပခဲ့သည်။ ဝစ္စကိုစင်ပြည်နယ်တွင် *Michael Bootzin* (*USCB*) က လေးရက်တိုင်တိုင် ဒေါ်အောင်ဆန်းစုကြည်၏မိန့်ခွန်းများ ဆက်တိုက်ဖတ်ကြားခဲ့သည်။ မြောက်ကယ်ရိုလိုင်းနားပြည်နယ်တွင်ကျင်းပသော အခမ်းအနားသို့ မြန်မာလူမျိုး (၁၅၀) ခန့်တက်ရောက်ခဲ့သည်။

*အလားတူပင်* **နယူးယောက်ပြည်နယ်၏** ယူတီဘာတွင် (၁၆) ရက်နေ့၌ ဘာသာပေါင်းစုံဆုတောင်းပွဲ၊ မြန်မာ့အရေးစကားဝိုင်းတို့ ကျင်းပခဲ့သည်။ ချီကာဂိုမြို့၌လည်း မွေးနေ့လှုပ်ရှားအဖြစ် ဇွန်လ (၁၅) ရက်နေ့ နေ့လည် (၁) နာရီက တရုတ်ကောင်စစ်ဝန်ရုံးရှေ့၌ ကျင်းပခဲ့သည်ဟုဆိုသည်။

**ဩစတြေးလျနိုင်ငံ** မဲလ်ဘုန်းမြို့တွင် (၁၉) ရက်နေ့ ညနေ (၇) နာရီ၌ အမှတ် (၅၂) *Queens Ave Springvale* တွင် အခမ်းအနားကျင်းပခဲ့ကြောင်း ဩစတြေးလျမှလာသောသတင်းများအရ သိရှိရသည်။

**မလေးရှားနိုင်ငံ**တွင် ကွာလာလန်ပူမြို့ *Jalan Maharajalela* ရှိ တရုတ်တန်းခန်းမတွင် ဇွန်လ (၁၉) ရက်နေ့ နံနက် (၁၀) နာရီမှ ညနေ (၃) နာရီအထိ ကျင်းပခဲ့သည်။

**ပြင်သစ်နိုင်ငံ** ပဲရစ်မြို့တော်၌လည်း နာမည်ကြီး *FNAC* စာအုပ်အရောင်းဆိုင်၏ ခန်းမတခုတွင် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အခမ်းအနားကျင်းပရာ ပြင်သစ်နာမည်ကြီး အဆိုတော်နှင့် ရုပ်ရှင်သရုပ်ဆောင် ဂျိန်းဘီကင်က ဦးဆောင်ဆွေးနွေးခဲ့သည်ဟု သိရှိရသည်။

**ကနေဒါနိုင်ငံ**အောက်လွှတ်တော်၏ မြန်မာမိတ်ဆွေ ကနေဒါပါလီမန်အဖွဲ့ဥက္ကဌ လွှတ်တော်အမတ် ဘက်စ်နဲ (*Larry Bagnell*) က ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ပွဲနှင့်စပ်လျဉ်း၍ ကြေငြာချက်တစောင်ထုတ်ပြန်ခဲ့သည်ဟု (၂၀) ရက်နေ့ထုတ် သတင်းများတွင် ဖော်ပြထားသည်။

**အင်္ဂလန်နိုင်ငံ** ဗြိတိသျှပါလီမန်ဗလီဟောတွင် (၁၉) ရက်နေ့ကကျင်းပသော ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့ပွဲအခန်းအနားသို့ ဗြိတိသျှပါလီမန်များအဖွဲ့ (*AAPPG*) မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေးအဖွဲ့မှ ပါလီမန်အမတ်များ၊ နိုင်ငံခြားရေးဝန်ကြီး အီရန်မက္ကာသီမစ္စတာဂျွန်ဘားကိုးအပါအဝင် ပါလီမန်အမတ် (၂၀) လောက် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**ထိုင်းနိုင်ငံ** ဘန်ကောက်မြို့တွင် (၁၇) ရက်နေ့၌တကြိမ်၊ (၁၉) ရက်နေ့၌ တကြိမ်ကျင်းပရာ အမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီး ဒေါက်တာစိန်းအောင်မှ ဦးဆောင်ကျင်းပခဲ့သည့်ယင်းပွဲသို့ *APIMC* မှလွှတ်တော်အမတ်များတက်ရောက်ခဲ့ကြသည်။ အလားတူပင် ထိုင်းမြန်မာနယ်စပ်တနေရာ၌ကျင်းပသော မြန်မာနိုင်ငံအမျိုးသမီးများနေ့အခမ်းအနားသို့ စုစုပေါင်း လူ (၂၅၀) ခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

❖



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှ မွေးနေ့ဆုတောင်းပွဲ အခမ်းအနား



စင်ကာပူနိုင်ငံမှ ရေစက်ချမွေးနေ့ဆုတောင်းအခမ်းအနား




မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သော မွေးနေ့အခမ်းအနား



မွေးနေ့ကိတ်လှီးနေစဉ်



အိန္ဒိယနိုင်ငံတွင် ကျင်းပခဲ့သော မွေးနေ့အခမ်းအနား




ဘန်ကောက်ရှိ မြန်မာကျောင်းသားများမှ မွေးနေ့အခမ်းအနားတွင် ဆုတောင်းနေစဉ်

**မိဘမဲ့ကလေးများဂေဟာမှပေးတဲ့ အသိတခု**

အခုတလော ဘောလုံးပွဲဆက်များကြောင့် ကျနော်အိပ်ရေးပျက်နေသည်။ နံနက်အာရုဏ်ဦး အမေ၏ ဘုရားဆွမ်းကပ်၊ အမျှဝေသံတွေ ကြားရသည့်တိုင် ကျနော်အိပ်ယာမှ မထချင်ခဲ့ပေ။ အမေကတော့ ကျနော် ဘောလုံးပွဲကိုက်နေလို့ အိပ်ရေးပျက်နေတာကိုသိသောကြောင့် အိပ်ယာစောစောမနှိုးပါ။ နံနက်ပိုင်း ဘီဘီစီအသံလာမှသာ ကျနော်အိပ်ယာမှ လူးလဲထပြီး အမေချက်ထားသည့် နွားနို့ခဲကြော်နှင့်ထမင်းကို စားရသည်မှာ မြိန်လှသည်။ ဒီအချိန်မှာပဲ သူငယ်ချင်းရောက်လာလို့ အပြင်ထွက်စရာအကြောင်းဖန်လာပါသည်။ ဒီနေ့ အမေများနေ့တဲ့။ ဒါကြောင့် သူငယ်ချင်းက ခရစ်ယာန်မိဘမဲ့ဂေဟာသွားပြီး အလှူလုပ်သည်။ အဲ့လိုပွဲမျိုးဆို ကျနော် လုပ်အားပေးလှူရမှာ ဝါသနာပါသည်။

မိဘမဲ့ဂေဟာ ဘုရားရှိခိုးကျောင်းမှ ခရစ်ယာန်ဓမ္မတေးများချီးမွမ်းနေချိန် ထမင်းစားဆောင်ထဲ ကျနော်အလုပ်များနေသည်။ "အမေ့ရုပ်ရည်" သီချင်းဖြင့် သီကျူးနေချိန် ကျနော်မနေနိုင်တော့ဘဲ ဝတ်ပြုဆုတောင်းခန်းမဆီသို့ ကူးခဲ့သည်။ ဒီသီချင်းက တောင်ကြီးသား စိုင်းထွန်းဦး၏ ကိုယ်ပိုင်သံစဉ် သီချင်းလေးမို့ ကျနော်ငယ်စဉ်ကတည်းက လွန်စွာနှစ်သက်သော သီချင်းဖြစ်သည်။ ခုလည်း အမေများနေ့မို့ ခရစ်ယာန်လူငယ်ကလေးက သီဆိုချီးမွမ်းနေလေပြီ။ သူ့သီချင်းသံမဆုံးမီ မိဘမဲ့ကလေးများဂေဟာမှ ကလေးကြီးများ မျက်ရည်ကိုယ်စီကျနေသည်။ နောက်တော့ ကလေးငယ်များ၏ ငိုရှိုက်သံများပေါ်ထွက်လာသည်။ ကြားရတဲ့သီချင်းသံနဲ့ အတူမြင်နေရတဲ့ ကလေးများမျက်ရည်တွေကြောင့် ကျနော်မခံစားနိုင်တော့ပါ။ ထမင်းစားဆောင်ဘက်သို့ ပြန်ကူးဦးလှည့်ခဲ့ရသည်။

မိဘမဲ့ဂေဟာမှအပြန် ကျနော်ပထမဆုံးတွေ့ချင်တဲ့သူဟာ "အမေ"ဆိုတာ သိလိုက်ရသည်။ အိမ်ပြန်ရောက်တော့ အမေကတော့ သူဝါသနာပါတဲ့ သစ်ခွပန်းတွေနဲ့ အလုပ်ရှုပ်နေသည်။ ကျနော့်အဖို့ အမေ့ကိုခေါ်လိုက်ရုံဖြင့် အမေ့ပြန်ထူးသံကို ချက်ချင်းကြားရမည်ဖြစ်သော်လည်း မိဘမဲ့ဂေဟာမှ ခလေးငယ်များ၊ အကြောင်းအမျိုးမျိုးကြောင့် အမေနှင့်ဝေးကွာနေသူများကို ကိုယ်ချင်းစာနာမိပါတော့သည်။

**ကျနော်အဖို့ သတင်းကောင်းတဲ့**

ညပိုင်းမှာ အလှူရှင်သူငယ်ချင်းက ဖုန်းဆက်သတင်းပေးပို့လာပါသည်။ စင်ကာပူဆေးရုံမှ ပူပူနွေးနွေးဆင်းလာတဲ့ ကျနော့်ပါတနာတယောက် အခြေအနေမကောင်း၍ ဆေးရုံပြန်တင်ရပြီတဲ့။ သူ့အကြောင်းကို စုံစမ်းထားတဲ့ကျနော့်ကို ဆောင်းပါးရှည်ရေးပါတဲ့။ သူလည်း မိဘမဲ့ခလေးတဦးဖြစ်ခဲ့တာကို မီးမောင်းထိုးပြပေးပါတဲ့။ စစ်ရာဇဝတ်ကောင်တဦး၏ နောက်ဆုံးဘဝနိဂုံးကို ပြည့်စုံသွားအောင် ဖော်ကျူးပေးပါတဲ့ စတဲ့ .... စတဲ့ .... တိုက်တွန်းချက်တွေနဲ့ သတင်းကောင်းပေးလာပါသည်။

**ပါတနာအကြောင်း တစေ့တစောင်း**

ပါတနာ့ကို ကျနော်စသိရသည်မှာ မဂ္ဂဇင်းများမှဖြစ်သည်။ စစ်ကိုင်းရှိ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှာရှိတဲ့ သူငယ်ချင်းက လစဉ်ထုတ် သူတို့ကျောင်းမဂ္ဂဇင်းများကို ပေးပို့သောကြောင့် စတင်မြင်ဖူးခဲ့ရသည်။ ထိုစဉ်က ပါတနာဟာ အနောက်မြောက်တိုင်းတိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်နေသောကြောင့် စစ်ကိုင်းဖွံ့ဖြိုးရေးတက္ကသိုလ်ကို မကြာခဏ လာရောက်စစ်ဆေးတတ်သည်။ (၉) မမ ပစ္စတိုကို ကျောင်းလာတိုင်း ချိတ်ဆွဲတတ်တာကြောင့် လုပ်ကြံမှာကို ကြောက်တတ်သူဟု ယူဆမိသည်။

၂၀၀၂ ခုနှစ်၊ နှစ်ဦးပိုင်းမှာ တိုင်းမှူးတွေရာထူးတက်တော့ သူလည်း လေကြောင်းရန်ကာကွယ်ရေးရာထူး ရသွားတယ်။ ဗိုလ်ရွှေမန်းကတော့ စပါးအစိုက်ကောင်းတာကြောင့် ဗိုလ်သန်းရွှေက ကျောသပ်ကာ ခြေတော်ရင်းသို့ခေါ်ထားသည်။ ၂၀၀၂ ခုနှစ်ဦးပိုင်းမှာ အမည်မသိ တိုက်လေယာဉ်နှစ်စီး မြန်မာ့လေပိုင်နက်ထဲ ဖြတ်သန်းသွားတာကြောင့် ဗိုလ်သန်းရွှေ၏ အဆူအဆဲကို ကောင်းကောင်းခံလိုက်ရသည်။ ဒါပေမဲ့ စိတ်ဓာတ်မကျသွားပါ။ ထိုနှစ် မတ်လ (၂၁)၊ (၂၃) ရက်များတွင် ရောဝတီတိုင်းအတွင်း ခရီးလှည့်လည်ကာ အဲန်အယ်လ်ဒီနှင့် ဒေါ်အောင်ဆန်းစုကြည်ကို ဘယ်တော့မှ အာဏာလွှဲမည်မဟုတ်ကြောင်း ညောင်တုန်းနှင့် ပုသိမ်မြို့များတွင် မိန့်ခွန်းချွေခဲ့သည်။ ဆုလဒ်အဖြစ် ရန်ကုန်ပြန်ရောက်တော့ လစ်ဟာနေတဲ့ ဗိုလ်ချုပ်တင်ဦး၏ အတွင်းရေးမှူး (၂) နေရာကိုရခဲ့သည်။ ဒီလိုနဲ့ အတွင်းရေးမှူး (၁)၊ ဝန်ကြီးချုပ်၊ အဆင့်ဆင့်ရာထူးတိုးခဲ့သလို 'ဒီပဲယင်းစစ်ရာဇဝတ်ကောင်' ဘွဲ့ကိုပါ ချီးမြှင့်ခံခဲ့ရသည်။

**မင်းလွင်**

**(ရှမ်းပြည်)**

**တော်လှန်ရေးသွေး ရဲရဲတောက်သော မိဘနှစ်ပါး**

ယနေ့တိုင် မိမိ၏မိဘ ဘယ်သူဘယ်ဝါ ဆိုတာကို မသိရှာသေးသော တောင်တန်းသားပါတနာဘဝကား သနားစရာပင်။ တကယ်တော့ မိဘနှစ်စလုံးမှာ အင်းလေးဒေသ၊ နမ့်ပန် (ရေလယ်) ရွာဇာတိဖြစ်သည်။ နမ့်ပန်ဆိုသည်မှာ အင်းလေးဒေသတွင် လက်သမားအတတ် ကျွမ်းကျင်သောရွာဖြစ်သည်။ အဖအမည်မှာ ကိုချမ်းသာနှင့် မိခင်အမည်မှာ မမြသီဖြစ်သည်။ နှစ်ဦးစလုံး အင်းတိုင်းရင်းသားများဖြစ်သည်။

မိခင်သည် ၁၉၄၄ ခုနှစ်၊ အာရှလူငယ်အစည်းအရုံး ကရင်နီပြည်တွင်ဖွဲ့စည်းသောအခါ ထင်ရှားတက်ကြွသော ကျောင်းသူခေါင်းဆောင်ဖြစ်သည်။ အင်းအမျိုးသမီးဖြစ်သော်လည်း ကရင်နီပြည်နယ် လွိုင်ကော်တွင် ကြီးပြင်းခဲ့သည်။ ထိုစဉ်က လွိုင်ကော်နှင့်အင်းလေးမှာ ဘီလူးချောင်းအတွင်း ရေကြောင်းသွားလာမှုရှိသောကြောင့် လွိုင်ကော်မြို့၏ သုံးပုံတပုံကို အင်းသားများက လွှမ်းမိုးထားသည်။ ထို့ပြင် ကရင်နီပြည်အုပ်ချုပ်ရေးကိုလည်း ရှမ်း (တောင်) နှင့် ကရင်နီပြည်မှ ဆက်စပ်မှုရှိသည်။

ရှမ်းပြည်နယ်၏ ပထမဆုံး နိုင်ငံရေးလုပ်ရှားမှုအစဟု ခေါ်တွင်ထိုက်သည့် ဦးတင်ဧ (တင်ဧ–ရှမ်းပြည်) ဦးဆောင်သည့် ညောင်ရွှေမြို့မှ 'အလင်းရောင်' စာကြည့်တိုက်သည် ရှမ်းပြည်နိုင်ငံရေး၏သန္ဓေဟု ခေါ်ဆိုလောက်ပေသည်။ အင်္ဂလိပ်အစိုးရ၏ ဖိနှိပ်မှုနှင့် ဒေသခံစော်ဘွားများ၏ အာဏာစက်ဓါးသွားအောက်တွင် မည်သူမျှ နိုင်ငံရေးဆိုတာကို လုပ်ဖို့နေနေသာသာ ပါးစပ်ပင်မဟရဲလောက်သောအခြေအနေတွင် စာကြည့်တိုက်ကလေးအကြောင်းပြကာ နိုင်ငံရေးကိုကြိတ်လုပ်ခဲ့သည်။ ကိုချမ်းသာလည်း ယင်းလုပ်ငန်းတွင် တစိတ်တဒေသအဖြစ် ပါဝင်လာသည်။ ရန်ကုန်ရှိ တို့ဗမာအစည်းအရုံးနှင့် နိုင်ငံရေးလုပ်ရှားမှုအဖွဲ့များမှ ပေးပို့သော စာအုပ်၊ ဂျာနယ်၊ စာစောင်များကို 'အလင်းရောင်'က လူငယ်ထုအတွင်း ဖြန့်ဝေလှုံ့ဆော်ခဲ့သည်။ တခါတရံ စော်ဘွားပုလိပ်တပ်က လာရောက်စစ်ဆေးသည့်အခါမျိုးတွင် ကိုတင်ဧအဖွဲ့မှ ကိုထွန်းဦးသည် စက်ဘီးကိုယ်စီဖြင့် နိုင်ငံရေးစာစောင်များကို ထုတ်ပိုးတင်ဆောင်ကာ ညောင်ရွှေမြို့ကို နှစ်ပတ်ခန့် ပတ်ရှောင်နေခဲ့ရဖူးသည်။ ဂျပန်ခေတ် အာရှလူငယ်အစည်းအရုံးဖွဲ့သောအခါ ကိုချမ်းသာတက်ကြွစွာပါဝင်ခဲ့ပြီး စော်ဘွားများကို ဆန့်ကျင်သမှုပြုခဲ့သေးသည်။ ထိုအကျိုးဆက်ကြောင့်လည်း နောင်အခါ စော်ဘွားများ၏ ညှိုငြင်မှုကိုခံရကာ တောခိုခဲ့ရသည်။

ဂျပန်အား တော်လှန်ရေးစတင်သောအခါ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်မှူးအောင်တို့ စေလွှတ်လိုက်သော ရဲဘော် ဗိုလ်ဘရီသည် ကိုယ်တင်ဇော်တို့နှင့်အတူ လက်တွဲကာ အင်းလေးတခွင် လှုပ်ရှားခဲ့သည်။ မဟာမိတ်များပေးပို့လိုက်သော လက်နက်ခဲယမ်းများကို ဂျပန်ခေတ်အတွင်း ဖောက်လုပ်ခဲ့သော တောင်လေးလုံးခေါင်တိုင် (ရေပူစမ်း) လမ်းအတိုင်း ပေးပို့လိုက်သည့်သတင်းရသောအခါ ကိုချမ်းသာတယောက်တည်း လှေဖြင့် သွားရောက်သယ်ဆောင်ပေးခဲ့သည်။ ကိုယ်တိုင်ကလည်း လက်သမားအတတ်ပညာကို ကောင်းမွန်စွာ တတ်မြောက်သောကြောင့် သေနတ်လက်ကိုင်ရိုးများကို တပ်ဆင်ပြုလုပ်ပေးခဲ့သည်။ နမ့်ပန်ရွာမှတဆင့် လွိုင်ကော်ဒေသရှိ ပြောက်ကျားရဲဘော်များထံ လက်နက်များကိုပေးပို့ရာတွင်လည်း အမိက ပါဝင်ကူညီခဲ့သည်။

ဖက်ဆစ်တော်လှန်းရေးအပြီး လွိုင်ကော်တွင် ကရင်နီလူငယ်ခေါင်းဆောင် ကိုထွန်းနွယ်နှင့်လက်တွဲခဲ့ပြီး လွတ်လပ်ရေးခရီးအတွက် ဆက်လက်တိုက်ပွဲဝင်ခဲ့သည်။ ၁၉၄၆ ခုနှစ်၊ မတ်လ (၂၃) မှ (၂၈) ထိ ကျင်းပသော ပထမပင်လုံညီလာခံတွင် ကရင်နီပြည်လူငယ်အဖွဲ့များအဖြစ် ကိုကျီးညို၊ မအေးနွဲ့၊ မမြသီတို့နှင့်အတူ တက်ရောက်ခဲ့သည်။ ပင်လုံညီလာခံမှအပြန် မိမိဘဝကို တိုင်းပြည်အတွက်ပေးလှူမည်ဟု စိတ်ဆုံးဖြတ်ခဲ့သည်။ မိမိနှင့် လူမျိုးချင်းလည်းတူ၊ လက်တွဲဖော်ရဲဘော်ရဲဘက်လည်းဖြစ်သော မမြသီနှင့် လွတ်လပ်ရေးရပြီးစတွင် လက်ထပ်လိုက်သည်။

● နောက်လတွင် ဆက်လက်၍ ဖော်ပြသွားပါမည်။

# အပယ်ခံ

# တောင်တန်းသား တယောက်အကြောင်း

**အပိုင်း (၁)**

ယနေ့တိုင် မိမိ၏မိဘ ဘယ်သူဘယ်ဝါ ဆိုတာကို မသိရှာသေးသော တောင်တန်းသား ပါတနာဘဝကား သနားစရာပင်။ တကယ်တော့ မိဘနှစ်စလုံးမှာ အင်းလေးဒေသ၊ နမ့်ပန် (ရေလယ်) ရွာဇာတိဖြစ်သည်။ နမ့်ပန်ဆိုသည်မှာ အင်းလေးဒေသတွင် လက် သမားအတတ် ကျွမ်းကျင်သောရွာဖြစ်သည်။



# ဗြိတိန်အထွေထွေအလုပ်သမားညီလာခံသို့ အက်ဖ်တီယူဘီမှတက်ရောက် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေကို နိုင်ငံတကာတရားရုံးတွင်တင်ပြ



အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်

မြန်မာနိုင်ငံအလုပ်သမားများ သမဂ္ဂအဖွဲ့ချုပ် (FTUB) အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်သည် ဗြိတိန်နိုင်ငံ Brighton မြို့တွင် ဇွန် လ (၁၇) ရက်နှင့် (၁၈) ရက်များ၌ကျင်းပသော ဗြိတိန်အထွေထွေအလုပ်သမားသမဂ္ဂညီလာခံသို့ တက်ရောက်ခဲ့သည်ဟု သတင်းရရှိခဲ့သည်။

ကိုယ်စားလှယ် (၂၀၀၀) ကျော် တက်ရောက်ခဲ့သော ယင်းညီလာခံကြီးတွင် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေအား နိုင်ငံတကာတရားရုံး၌ တင်ပြနိုင်ရေးနှင့် ဗြိတိန်နိုင်ငံအစိုးရအနေနှင့် စစ်အစိုးရအား ပိုမိုဖိအားပေးလာစေရေးတို့ကို အလုပ်သမားသမဂ္ဂခေါင်းဆောင်များက ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

ယူနက်ဆင်ခေါ် ယင်းအလုပ်သမားသမဂ္ဂအဖွဲ့ချုပ်ကြီးသည် မြန်မာနိုင်ငံအတွင်း စစ်အစိုးရကကျူးလွန်နေသည့် အဓမ္မလုပ်အားပေးစေခိုင်းမှုပပျောက်ရေးကို ထိရောက်စွာပံ့ပိုးနေသော အဖွဲ့အစည်းဖြစ်ကြောင်း FTUB အထွေထွေအတွင်းရေးမှူးက ရှင်းလင်းပြောကြားခဲ့သည်။ ယင်းညီလာခံတွင် မြန်မာပြည်ဒီမိုကရေစီရေးနှင့်စပ်လျဉ်း၍ လိုအပ်သော ကူညီပံ့ပိုးမှုများကို ဖြည့်ဆည်းပေးရန် ယူနက်ဆင်မှ ဗြိတိန်အစိုးရသို့ တိုက်ရိုက် တိုက်တွန်းတောင်းဆိုသွားမည်ဟုလည်း သိရှိရပါသည်။

မြန်မာစစ်အစိုးရသည် အိုင် အယ်လ်အိုမှ အရေးယူဆောင်ရွက်မှုများကို ကြောက်ရွံ့နေပြီး အဓမ္မလုပ်အားပေးခိုင်းစေမှုနှင့်စပ်လျဉ်း၍ အပေါ်ယံ ဟန်ပြပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ခဲ့သည်ဟု လေ့လာသူတဦးက ၎င်းအမြင်ကို မိုးကြိုးသို့ထုတ်ဖော်ပြောကြားခဲ့သည်။ ❖

# လူထုအခြေပြုအဖွဲ့အစည်းများထံမှ အကြံပြုချက်ရယူ အက်ဖ်စီဒီစီစီမှ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

FCDCC (ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးနှင့်ညှိနှိုင်းမှုကော်မတီ) မှ ထိုင်းမြန်မာနယ်စပ်အခြေစိုက် လူထုအခြေပြု လူ့အဖွဲ့အစည်းများနှင့်တွေ့ဆုံလျက် အကြံဉာဏ်များယူသော အလုပ်ရုံဆွေးနွေးပွဲတရပ်ကို ဇွန်လ (၁၆၊ ၁၇၊ ၁၈) ရက်များ၌ ထိုင်းမြန်မာနယ်စပ်တနေရာ၌ရာ စုစုပေါင်း (၅၆) ဦးတက်ရောက်ခဲ့ပြီး သဘာပတိအဖြစ် ယင်းကော်မတီ၏ဥက္ကဋ္ဌ ခွန်မားကိုဘန်က ဆောင်ရွက်ပြီး အခမ်းအနားမှူးများအဖြစ် ဇော်ဆိုင်းနှင့် ဦးထွန်းအောင်ကျော်တို့မှ တာဝန်ယူခဲ့ကြသည်ဟုသိရှိရသည်။

ကော်မတီဥက္ကဋ္ဌ NCGUB ဝန်ကြီး ဦးသိန်းဦးနှင့် ကော်မတီ၏ Co.ordinat team. In change အတွင်းရေးမှူး ဦးမျိုးဝင်းတို့မှ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ညီလာခံကြီးမှ အတည်ပြုထားသော ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ရှင်းလင်းဆွေးနွေးခဲ့ကြရာ တက်ရောက်လာသူများမှ ယင်းဆွေးနွေးချက်များအပေါ် စိတ်ပါဝင်စားစွာဆွေးနွေးခဲ့ကြသည်။ အထူးသဖြင့် ယင်းဖွဲ့စည်းပုံအား လူထုကို ကျယ်ကျယ်ပြန့်ပြန့် ချပြနိုင်ရေး၊ လက်တွေ့အသုံးချနိုင်မည့်အစီအစဉ်နှင့် နအဖဖွဲ့စည်းပုံနှင့် ကွာခြားချက်များအား အထူးအလေးပေးဆွေးနွေးခဲ့ကြသည်ဟု သိရှိရသည်။

အလားတူပင် ယင်းဖွဲ့စည်းပုံပါ ပုဒ်မ (၃၇) အမျိုးသမီး (၃၀) ရာခိုင်နှုန်း ပါဝင်ရေးနှင့် ၃၄ အပုဒ် (၁) ပါ ကိုယ်ဝန်ဖျက်ချခွင့်တို့ကို တက်ရောက်လာသူ အမျိုးသမီးကိုယ်စားလှယ်များမှ အလေးထားဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ကော်မတီဝင် ဦးထွန်းအောင်ကျော်အား တွေ့ဆုံမေးမြန်းရာ "အင်မတန်မှ စိတ်ဝင်စားစရာကောင်းတဲ့အစည်းအဝေးပါ။ အနာဂါတ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် စိတ်ပါဝင်စားစွာဆွေးနွေးညှိနှိုင်းကြတာမို့ မျှော်လင့်တာထက်အောင်မြင်ပါတယ်။" တက်ရောက်လာသူအများစုက လူထုနဲ့တိုက်ရိုက်ဆက်စပ်လုပ်ကိုင်နေသူများမို့ ကျနော်တို့ဘာတွေလုပ်နေတယ်ဆိုတာလဲ လူထုကသူတို့က တဆင့်သိသွားမှာပါဟု ပြောကြားသွားသည်။ ❖




ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းနှင့်ပတ်သက်၍ ဒေသဆိုင်ရာညှိနှိုင်းဆွေးနွေးပွဲကျင်းပနေစဉ်

## ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ

## NATIONAL COUNCIL OF THE UNION OF BURMA

### ဒေါ်အောင်ဆန်းစုကြည်၏ (၆၂)နှစ်မြောက် မွေးနေ့ဂုဏ်ပြုသဝဏ်လွှာ

ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာပြည်သူများ၏ ဒီမိုကရေစီအရေးတော်ပုံအတွက်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုအားလုံး၏ အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ စစ်မှန်သောပြည်ထောင်စုစနစ်တည်ဆောက်ရေး အရေးတော်ပုံကြီးအတွက်လည်းကောင်း ခိုင်ခိုင်မာမာရပ်တည်တိုက်ပွဲဝင်နေသည့် နိုင်ငံရေးခေါင်းဆောင်တဦးဖြစ်သည်။

သူမသည် (၁၉၈၈) ဒီမိုကရေစီအရေးတော်ပုံကြီးတွင်ပါဝင်ခဲ့ပြီး (၁၉၉၀) မေလရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ခေါင်းဆောင်တဦးလည်းဖြစ်သည်။ ထို့ထက်မက ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်တဦးလည်းဖြစ်သည်။ ထို့ကြောင့် ၎င်းကို ဖမ်းဆီးချုပ်နှောင်ခြင်း၊ ဘေးဖယ်ထားခြင်းမှာ လုံးဝလက်ခံနိုင်စရာမရှိချေ။

သူမသည် (၁၉၈၉)မှစ၍ ယနေ့အထိ နှစ်ပေါင်းများစွာ အကျဉ်းချခံနေရပြီး ထိုမတရားအကျဉ်းချခံရခြင်းကြောင့် ၎င်း၏ စိတ်ဓာတ်နှင့်နိုင်ငံရေးရပ်တည်ချက်သည်လည်း ယိမ်းယိုင်သွားခြင်းလုံးဝမရှိချေ။ လူမျိုးစုံပြည်သူအပေါ် မြန်မာပြည်၏ ဒုတိယလွတ်လပ်ရေး အရေးတော်ပုံကြီးအပေါ် လုံးဝသစ္စာခိုင်မြဲသူ၊ ရိုးသားဖြောင့်မတ်သူ၊ ပွင့်လင်းသူအဖြစ် ရှင်းလင်းပြတ်သားစွာရပ်တည်နေသူဖြစ်သည်။

ယနေ့မြန်မာပြည်အတွင်း တည်ရှိနေသည့် နိုင်ငံရေးပြဿနာအဝဝကို လူမျိုးစုံပြည်သူလူထု၏ဆန္ဒကိုအခြေခံ၍ တရားမျှတစွာ ဆွေးနွေးဖြေရှင်းရမည်ဖြစ်သည်။ ဤသို့ဆွေးနွေးအဖြေရှာရာတွင် လူမျိုးစုများကိုလည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကိုလည်းကောင်း ဖယ်ထား၍မဖြစ်ချေ။ ဤသို့ဆောင်ရွက်ရန်လိုအပ်ခြင်းသည် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ၁၉၉၀ မေလရွေးကောက်ပွဲတွင် လူထုကမဲပေးရွေးချယ်ခဲ့သည့် အဲန်အယ်လ်ဒီ၏ခေါင်းဆောင်၊ ဒီမိုကရေစီခေါင်းဆောင်၊ လူထုခေါင်းဆောင်ဖြစ်နေခြင်းကြောင့်ဖြစ်သည်။

ယခုအခါ တိုင်းပြည်၏အခြေအနေမှာ အလွန်ဆိုးဝါးနေပြီဖြစ်သည်။ တိုင်းပြည်၏ နိုင်ငံရေးပြဿနာများကို အမြန်ဆွေးနွေးဖြေရှင်းရန် လွန်စွာအရေးကြီးနေပြီဖြစ်သည်။ ဤသို့ ဆွေးနွေးဖြေရှင်းရာတွင် လူမျိုးစုခေါင်းဆောင်များနှင့် ဒေါ်အောင်ဆန်းစုကြည်မှုချပါဝင်စေရမည်ဖြစ်သည်။ ဤသို့မလုပ်ဆောင်ပါက တိုင်းပြည်၏အခြေအနေ ပို၍ဆိုးဝါးသည်ထက် ဆိုးဝါးလာပြီး ပေါက်ကွဲရေးဆီသို့ ရောက်ရှိသွားမည်ပင်ဖြစ်သည်။

နိဂုံးအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ (၆၂)နှစ်မြောက်မွေးနေ့တွင် ဒေါ်အောင်ဆန်းစုကြည်ကို အမြန်လွှတ်ပေးရန်၊ အခြားနိုင်ငံရေးအကျဉ်းသားအားလုံးကို အမြန်လွှတ်ပေးရန်၊ မြန်မာပြည်၏ နိုင်ငံရေးပြဿနာများကို ဘက် (၃) ဘက် တွေ့ဆုံဆွေးနွေးပြီး တရားမျှတစွာဖြေရှင်းရန် အလေးအနက်တောင်းဆိုလိုက်ပါသည်။ တဆက်တည်းတွင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ၎င်း၏မွေးနေ့ရက်တွင် ကျန်းမာရွှင်လန်းနိုင်စေရန်၊ အကျဉ်းသားဘဝမှ အမြန်လွတ်မြောက်စေရန် ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ
၂၀၀၇ ခုနှစ်၊ ဇွန်လ (၁၉)ရက်
ဆက်သွယ်ရန်– ဦးမြင့်သိဏ်း – ၆၆ ၈၇ ၈၀၈ ၃၅၅၂
ဦးမျိုးဝင်း – ၆၆ ၈၁ ၀၃၅ ၃၄၅၈

❖

ဝေံမေသုတံ – ကျွန်ုပ် ဤသို့ကြားလိုက်ရသည်။

“ ဦးခြိမ်းသူကြီး .... ဦးခြိမ်းသူကြီး .... ခြိမ်းထဲဝင်လာပြီခင်ဗျ”

ရင်းရင်းနှီးနှီး အော်ဟစ်နှုတ်ဆက်ပြီး ဝင်လာသော ထိုအသံရှင်ကို ကျနော်မှန်းဆ၍ မရပါ။ ထို့ကြောင့် အသံလာရာသို့ လှမ်းကြည့်လိုက်ပါသည်။ အား .... ခြိမ်းထဲဝင်လာသူမှာ သူစိမ်းတယောက်ဖြစ်နေပါလား။

“လာပါ ဧည့်သည်။ ထိုင်ပါခင်ဗျာ”

ကျနော်က အိမ်ရှင်ဝတ္တရားနှင့်အညီ နွေးထွေးစွာ ခရီးဦးကြိုဆိုလိုက်ပါသည်။ ဤတွင် ဧည့်သည်က ထိုင်ခုံတွင် ထိုင်ချလိုက်ရင်း သူ့ကိုယ်သူ မိတ်ဆက်သည်။

“ကျနော့်နာမည်က ကိုရွှေကျောက်ပုလဲစိန်”

ဂွတိဂွကျ .... ကပ်သီးကပ်သပ် နာမည်ပါကလား။ သူ့နာမည်ကို ကျနော် နားကြားပြင်းကပ်ပြီး ဘဝင်မခွေ့ဖြစ်နေစဉ် သူက စကားဆက်၏။

“ ရွှေသက်သက်ခေတ်က ကုန်သွားပြီ ဦးခြိမ်းသူကြီးရဲ့။ တလင်းလင်း တလက်လက်နဲ့၊ တဝင်းဝင်း တဖိတ်ဖိတ် တောက်ပနေတဲ့ ကျောက်မျက်တွေ၊ ကျောက်စိမ်းတွေ၊ ပုလဲတွေ၊ စိန်တုံးစိန်ခဲတွေကို အိနေတဲ့ရွှေနဲ့ အပြွတ်လိုက် အခိုင်လိုက်စီနိုင်မှ ရတနာလောကမှာ ဗိုလ်တကာတို့ရဲ့ဗိုလ်၊ ဗိုလ်အချုပ်ရဲ့ အင်္ဂါနဲ့ ညီညွတ်ပေတော့မှာပေါ့။ ဒါကြောင့် ကျနော့်နာမည်က နဝတ နအဖခေတ်နဲ့အညီ ကိုရွှေကျောက်ပုလဲစိန်”

အရှုပ်ဇာတ်လမ်းထဲကလို၊ အဲလေ တရုတ်ဇာတ်လမ်းထဲကလို စူ့ထက်စူ ပို၍ပို၍ စွမ်းသော အရှုတ်လူစွမ်းကောင်း၊ အဲလေ ယောင်လို့ပါခင်ဗျ။ တရုတ်လူစွမ်းကောင်းနဲ့ တွေ့နေပါပေါ့လား။

“ဦးခြိမ်းသူကြီးရဲ့ .... ကျနော်ပြောချင်တာက ဒီလိုပါခင်ဗျာ။ စကားအဆန်းအသစ် နအဖခေတ်ဆိုတဲ့ ဆောင်းပါးထဲက ဘဝင်မကျတဲ့အချက်ကို ဆွေးနွေးချင်တာပါ။ ဘယ့်နှယ်ဗျာ .... စစ်ဗိုလ်ချုပ်တွေရဲ့မီးဖိုချောင်ထဲကို ဆန်အကောင်းစားတွေပို့ပြီး လာဘ်ထိုးကြတာက စာမဖွဲ့လောက်ပါဘူး။ တကတည်းဗျာ .... ဦးခြိမ်းသူကြီးက ကလေးကလား၊ အသေးစားကို အလေးထားပြီး စာအရေး ‘ကား’နေလိုက်တာ”

နဘေတွေထပ်တဲ့ ကိုယ်တော်မြတ်ပါလား ....။ သူက ကျနော့်ကို ဝေဖန်နေပါပြီ ကောခင်ဗျား။ ဝေဖန်ရေး .... ကိုယ့်ကို ဝေဖန်ရေးကို အလေးထားရမည်မို့ သူ့ဝေဖန်ရေးကို ကြည်ကြည်ဖြူဖြူ လိုလိုလားလား ကျနော်အလေးထားရပါလိမ့်မည်။

“ဒီလိုပါ .... ဦးခြိမ်းသူကြီးရဲ့။ ကျနော်တင်ပြမှာက တကယ့်အကြီးစားခင်ဗျ။ အကြီးစား ....။ အင်း .... ဒါလည်း တကယ်တော့ အကြီးစားမဟုတ်သေးပါဘူးဗျာ။ အသေးစားထက် နည်းနည်းလေးသာ ပိုပြီးကြီးတာပါ။”

“ကိုရွှေကျောက်ပုလဲစိန်ရေ့ ....။ ကျနော်က မျက်စိကိုအမြဲဖွင့်ထားပါတယ်။ နားကို အမြဲစွင့်ထားပါတယ်။ ဒါကြောင့် ပြောချင်တာကို ရင်ထဲရှိတဲ့အတိုင်း ဒလဟော သွန်ချလိုက်ပါဗျာ”

ဤတွင် ကိုရွှေကျောက်ပုလဲစိန်က လောကဇာတ်ခုံပေါ်က ကန့်လန့်ကာတလိပ်ကို ဆွဲတင်လိုက်၏။ ဤတွင် ထူးထူးခြားခြား ဇာတ်ကွက်တကွက် ပေါ်ထွက်လာပါတော့သတည်း။

ဇာတ်ကွက်ခင်းကျင်းရာ နေရာကား စစ်တိုင်းမှူးတဦး၏ ဧည့်သည်လက်ခံခန်းမဆောင်။ ထိုခန်းမအဝင်တွင် ဆင်နားရွက် နှစ်ရွက်တပ်ထား၏။ ထိုဆင်နားရွက်တပ် အပေါက်၏ ရှေ့ဘက်ဝဲခြမ်းတွင် ဆိုဖာထိုင်ခုံ တန်းရှည်ကြီး တတန်း ....။ ယာခြမ်းတွင် အလားတူ ဆိုဖာထိုင်ခုံတန်းရှည်ကြီး တတန်း ....။

ထိုဆိုဖာတန်းရှည်ကြီး နှစ်တန်းစလုံးပေါ်တွင် တောက်တောက်ပြောင်ပြောင် စမတ်ကျကျ ဝတ်စားဆင်ယင်ထားသော အထက်တန်းလွှာ လူ့မလိုင် ကျား .... ကျား .... မ .... မ အတွဲလိုက် အတွဲလိုက် တန်းစီထိုင်နေ၏။ စစ်တိုင်းမှူးထံ အခစားဝင်ရန် အလှည့်စောင့်နေကြသူများဖြစ်တော့သကိုး ....။

တခုသော ဆိုဖာထိုင်ခုံတန်းရှည်၏ အစွန်းဆုံးတွင် ကိုရွှေကျောက်ပုလဲစိန်သည် တိုင်းမှူး၏ အရင်းခေါက်ခေါက် တူတော်သူ၊ မိမိ၏ အရင်းအခြာ မိတ်ဆွေရင်းနှင့် အတူ တွဲ၍ထိုင်နေသည်။ ထိုစဉ် ဧည့်ခန်းမ၏အဝင်အဝ ဆင်နားရွက်တံခါးပွင့်လာ၏။ ပွင့်လာသောဆင်နားရွက် လက်ဖြင့်အသာလေးကိုင်ထားသော တိုင်းမှူးကတော်ကို ကိုရွှေကျောက်ပုလဲစိန် ဘွားကနဲတွေ့လိုက်ရပြီ။ ခန်းမထဲမှ စုံတွဲတတွဲ ခေါင်းကိုင့် ခါးကိုညွတ်လျက် ပြန်ထွက်လာကြသည်။ ဆင်နားရွက်နှင့်အနီးဆုံးရှိ ဧည့်သည်စုံတွဲကို တိုင်းမှူးကတော်က သူမ၏ ယာဘက်လက်ချောင်းကလေးများဖြင့် မခို့တရို့လက်ယပ်ခေါ်ပြီး ခန်းမထဲသို့ သွင်းလိုက်သည်။

ထိုမြင်ကွင်းကြောင့် ကိုရွှေကျောက်ပုလဲစိန်သည် စပါယ်ရှယ်လစ် အထူးကုဆရာဝန်ကြီးများ၏ ဆေးခန်းအဝင်ဝ မြင်ကွင်းကို လှမ်းပြီးသတိရလိုက်၏။ တိုင်းမှူးကတော်က သူနာပြုဆရာမကြီးအလား ....။ ထွက်လာသူ ဝင်လာသူများက ဝေဒနာသည်များအသွင် ....။ မိမိသည်လည်း ဝေဒနာသည်တဦးဖြစ်နေပါပေါ့လား။ ထိုအတွေးဝင်နေစဉ် တိုင်းမှူးကတော်က တိုင်းမှူး၏ တူတော်မောင်ကို ခေါင်းငြိမ့်ပြရင်း လှမ်းခေါ်လိုက်သည်။

“မောင်တူတော် ရောက်နေတာကိုး .... ဝင်လိုက်လေ”

တိုင်းမှူးကတော်ခေါ်လိုက်ပုံက “မောင်တူတော်တဲ့”။ ထီးသုံး နန်းသုံး ကျဋ္ဌာန်းသုံး တော်ဝင်အသုံးအနှုန်းပါတကား။ မောင်တူတော်က သူ့မိတ်ဆွေ ကိုရွှေကျောက်ပုလဲစိန်ကို လက်တို့ခေါ်လိုက် တိုင်းမှူး၏ခန်းမဆောင်ထဲသို့ နှစ်ယောက်သား ဝင်လာခဲ့ကြသည်။

ကိုရွှေကျောက်ပုလဲစိန်နှင့် မောင်တူတော်တို့၏ မျက်စိရှေ့မှောက်မြင်ကွင်းကား ဤသို့ဖြစ်၏။

ခန်းမကြီး၏ထိပ်ရှိ အိစက်ညက်ညောသော ဖဲမွေ့ရာဆိုဖာကြီးပေါ်တွင် တိုင်းမှူးနှင့် တိုင်းမှူးကတော်စုံတွဲက ထိုင်နေ၏။ တိုင်းမှူးစုံတွဲ၏နောက်ကျောဘက် နံရံအထက်ပိုင်းတွင် တိုင်းမှူး၏ စစ်ဝတ်စုံပြည့်ဓာတ်ပုံ ရောမအကြီးကြီး ချိတ်ထား၏။ ထိုဓာတ်ပုံကြီး၏ ဝဲဘက်တွင် တိုင်းမှူးကတော်၏ ပုဝါနှစ်စ အသာချထားသော ဓာတ်ပုံ ရောမအကြီးကြီးကို ယှဉ်တွဲချိတ်ထားပြန်၏။ တိုင်းမှူးတို့စုံတွဲ၏ ရှေ့တည့်တည့်တွင် ဆက်သကန်တော့ပစ္စည်းများတင်ထားသော ခြေတိုစားပွဲရှည်ကြီးနှင့် ဧည့်သည်များထိုင်ရန် ချထားသော ဆိုပါခုံတန်းများကို တွေ့နိုင်သည်။

ကိုရွှေကျောက်ပုလဲစိန်တို့ရှေ့က ကပ်ပြီး ဝင်သွားတဲ့စုံတွဲမှ အမျိုးသားက ပါလာသော ပက်ကင်လှလှအထုပ်များကို ခြေတိုစားပွဲပေါ်တွင် သာသာလေးတင်လိုက်သည်။ ပြီးတော့ ဖင်ကောက်အောင် တအားကုန်သတိဆွဲပြီး တိုင်းမှူးကို အလေးပြုလိုက်သည်။ ထို့နောက် ဧည့်သည်ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ ခါးကို မတ်မတ်ထား၏။ လက်ဖဝါးနှစ်ဖက်ကို ပေါင်နှစ်ဖက်ပေါ်တင်ထားသည်။ ကိုယ်နေဟန်ထားမှာ ဆက်လက်ပြီး သတိဆွဲ ဆွဲထားသည့်အလား ....။ သည်တွင် ဧည့်သည်အမျိုးသားမှာ စစ်ဗိုလ်ဖြစ်နေသည်ကို ကိုရွှေကျောက်ပုလဲစိန် ရိပ်မိလိုက်သည်။

ဧည့်သည်အမျိုးသမီးကမူ ထိုင်ခုံတွင် ဝင်မထိုင်။ တိုင်းမှူးကတော်၏ရှေ့တွင် ကြမ်းပြင်ပေါ်ဒူးထောင်လျက် ပါလာသော ဗူးများထဲမှ ကတ္တီပါအနီရောင်ဗူးလေးနှင့် အပြာရောင်ဗူးကလေးကို ဦးစွာဖွင့်လိုက်သည်။ အထဲမှ အနီရောင်လက်စွပ်တကွင်းနှင့် အပြာရောင်လက်စွပ်တကွင်း .... စုစုပေါင်းလက်စွပ်နှစ်ကွင်းကို တိုင်းမှူးကတော်၏လက်ဝါးထဲကို ရိုရိုသေသေ ငြင်ငြင်သာသာ ထည့်လိုက်သည်။

“မိုးကုတ်ထွက်တွေချည့်ပါမမ ....။ ပတ္တမြားက ပျစ်ပျစ်နှစ်နှစ် ခိုသွေးအကောင်းစားပါမမ။ နီလာက ကတ္တီပါမြ အကောင်းစားပါမမ။ ဂေါ်ပြီး (၆) လုံးစီ ပါနေပါသေးတယ်မမ။ ညီမတို့ ကံကောင်းလို့ရခဲ့တာပါမမ ....”

ကိုရွှေကျောက်ပုလဲစိန်၏ မျက်စိအစုံသည် လက်စွပ်နှစ်ကွင်းဆီ၌သာ စူးစိုက်မိလျက်သားဖြစ်နေမိသည်။ သူ့နှုတ်မှလည်း တိုးတိုးလေး ရေရွတ်မိသည်။

“မမ .... မမနဲ့ မမတွေ လုံးချင်းထပ်နေပါလား။”

ကိုရွှေကျောက်ပုလဲစိန်အဖို့ မြင်ကွင်းက တမျိုးဖြစ်နေသည်။ တိုင်းမှူးကတော်က ဆိုဖာပေါ်ထိုင်လျက်၊ ဧည့်သည်အမျိုးသမီးက ဒူးထောက်လျက်။ ထိုစဉ် ဧည့်သည်အမျိုးသားက သတိဆွဲပြီးထိုင်နေရင်း တိုင်းမှူးအား အစီရင်ခံနေသည်။ လမ်းဖောက်သည်။ တံတားဆောက်သည်။ တိုက်တာကြီးများ၊ အိမ်ယာကြီးများ တည်ဆောက်သည်။ ရေကာတာကြီးများကိုလည်း တည်ဆောက်သည်။ ဘယ်မျှပြီးစီးနေပြီ။ ဘယ်အချိန် ဘယ်အခါ ဘယ်လုပ်ငန်းကို အပြီးသတ်မည်။ စီမံကိန်းက ဘယ်လို၊ စီမံချက်က ဘယ့်နှယ်။ ဤသို့အမျိုးမျိုး အစီရင်ခံနေပုံများကို ကိုရွှေကျောက်ပုလဲစိန် မြင်တွေ့ကြားသိနေရသည်။

ကိုရွှေကျောက်ပုလဲစိန်၏ နားအစုံ၊ မျက်စိအစုံမှာ တိုင်းမှူး၏ဧည့်သည်အမျိုးသားတို့ဝိုင်းကိုတလှည့်၊ တိုင်းမှူးကတော်နှင့် ဧည့်သည်အမျိုးသမီးတို့၏ဝိုင်းကိုတလှည့် ဟိုရွှေ့ဒီနိုက် မနားတမ်းအလုပ်အတော်ရှုပ်နေသည်။

“ဒါက ဆလုံတွေဆီကရတဲ့ ပုလဲစစ်စစ်ပါမမ”

ဧည့်သည်အမျိုးသမီး၏အသံက ထွက်လာပြန်သည်။ ထိုအသံလာရာဆီကို ကိုရွှေကျောက်ပုလဲစိန်သည် အာရုံကို ဖြတ်ခနဲ ရွှေ့လိုက်ရပြန်သည်။ သူတွေ့မြင်လိုက်ရသည်မှာ ဧည့်သည်အမျိုးသမီး၏လက်ထဲတွင် အဖြူရောင်ကတ္တီပါဗူးကလေး ....။ တိုင်းမှူးကတော်၏လက်ဝါးပေါ်တွင် ပုလဲလုံးကြီးကြီး နားကပ်တရံ ....။

● စာမျက်နှာ (၁၈) ကော်လံ (၃) သို့

# စစ်တိုင်းမှူး၏ ဧည့်သည်ခန်းမဆောင်

## (မယုံမရှိနဲ့ ကိုယ်တွေ့)



❑ ခန်းမကြီး၏ထိပ်ရှိ အိစက်ညက်ညောသော ဖဲမွေ့ရာဆိုဖာကြီးပေါ်တွင် တိုင်းမှူးနှင့် တိုင်းမှူးကတော်စုံတွဲက ထိုင်နေ၏။ တိုင်းမှူးစုံတွဲ၏နောက်ကျောဘက် နံရံအထက်ပိုင်းတွင် တိုင်းမှူး၏ စစ်ဝတ်စုံပြည့်ဓာတ်ပုံ ရောမအကြီးကြီး ချိတ်ထား၏။ ထိုဓာတ်ပုံကြီး၏ဝဲဘက်တွင် တိုင်းမှူးကတော်၏ ပုဝါနှစ်စ အသာချထားသော ဓာတ်ပုံရောမအကြီးကြီးကို ယှဉ်တွဲချိတ်ထားပြန်၏။ ❑

ခြိမ်းသူကြီး

# (၁၇) နှစ်အကြာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ရွေးကောက်ပွဲအပေါ် သဘောထား

❑ ကျနော်က ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အမှတ် (၁) မဲဆန္ဒနယ်မြေက လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါတယ်။ ရန်ကုန်တိုင်း စည်းရုံးရေးအဖွဲ့မှာလည်း ဒုဥက္ကဋ္ဌပါ။ ကျနော်တို့မဲဆန္ဒနယ်မြေက မဲဆန္ဒရှင်ပြည်သူလူထုက ကျနော်တို့ကို တခဲနက်မဲပေးလိုက်တာဟာ မဲဆန္ဒရှင်ပြည်သူတွေပေးအပ်တဲ့တာဝန်ကို လေးစားပြီးတော့ ဆက်ပြီးတော့ ကျေပြွန်အောင်ထမ်းဆောင်မယ်ဆိုတာကို မဲဆန္ဒရှင်ပြည်သူတွေကို (၁၇) နှစ်မြောက်ရွေးကောက်ပွဲနှစ်ပတ်လည်နေ့မှာ ကတိပေးလိုပါတယ်လို့ ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ပြန်လည်ထွန်းကားလာအောင် ပြည်သူလူထုရဲ့အကျိုးစီးပွားတွေ ဖော်ဆောင်နိုင်အောင် ကျနော်တို့က ဆက်ပြီးတော့ ကြိုးပမ်းဆောင်ရွက်မယ်ဆိုတာကို ကျနော်တို့ကတိပြုပါတယ်။ နှစ်ပတ်လည်နေ့မှာ ကတိပြုပါတယ်။

မြောက်ဥက္ကလာပ အမှတ် (၁) မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

❑ ကျနော်ကဦးပိုက်ကျုံပါ။ ရွှေတောင်မြို့နယ် အမှတ် (၂) မဲနှနယ်မြေက လွှတ်တော်ကိုယ်စားလှယ်ပါ။ ရွေးကောက်ပွဲဥပဒေအရ ဆောင်ရွက်ရမယ့်တာဝန်ဖြစ်ပါတယ်။ အဲဒါကို အခုထိ နအဖအစိုးရက မဆောင်ရွက်သေးတာဖြစ်ပါတယ်။ ဒီနှစ်ပတ်လည်မှာ ပြောချင်တာကတော့ ဒီတာဝန်ဟာ နအဖအစိုးရက မလွဲမသွေဆောင်ရွက်ရမယ့်တာဝန်ဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

ဦးပိုက်ကျုံ၊ ရွှေတောင်အမှတ် (၂) မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

❑ ကျနော်က ခွန်မြင့်ထွန်းပါ။ မွန်ပြည်နယ်သထုံမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ပါ။ ကျနော်ပြောချင်တာက ကျနော်ထောင်ထဲမှာ နေခဲ့တုံးက နိုင်ငံရေးသမားအကျဉ်းသားအများစုက ကျနော့်ကိုဝိုင်းပြီးတော့မှာလိုက်ပါတယ်။ ကျနော်တို့တွေကို (၉၀) ပြည့်နှစ် ရွေးကောက်ပွဲရလဒ်နဲ့ပတ်သက်လို့ရှိရင် ဘယ်လိုခြိမ်းခြောက်အကြပ်ကိုင်မှုမျိုးနဲ့ပဲ ကြုံကြုံ (၉၀) ပြည့်ရွေးကောက်ပွဲရလဒ်ကို လက်မလွှတ်လိုက်ပါနဲ့။ မလျော့လိုက်ပါနဲ့တဲ့။ (၉၀) ပြည့်ခုနှစ် ရွေးကောက်ပွဲရလဒ်ကိုရအောင် အကောင်အထည်ဖော်ပါလို့ အဲဒီလိုမှာကြားလိုက်ကြပါတယ်။ ဥပမာ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးမယ်။ (၉၀) ပြည့်ခုနှစ်ရွေးကောက်ပွဲရလဒ်ကိုဖျက်ပေးပါလို့ ဖြစ်ခဲ့ရင်တောင်မှ အဲဒီလိုအကြပ်ကိုင်မှုမျိုးကို လက်မခံပါနဲ့လို့မှာလိုက်ကြပါတယ်။ အဲဒီတော့ ပြည်သူလူထုကလည်း ဒီနေ့အခက်အခဲအကြပ်အတည်း ဘယ်လောက်ပဲကြုံကြုံ (၉၀) ခုနှစ်ရွေးကောက်ပွဲရလဒ်ကို ဆက်လက်အကောင်အထည်ဖော်ဖို့ဆန္ဒရှိမယ်လို့ ကျနော်ဒီလိုပဲယုံကြည်ထားတယ်။ အဲဒီတော့ (၉၀) ပြည့်ရွေးကောက်ပွဲရလဒ်အောင်မြင်သည်အထိ ကျနော်တို့ရပ်တည်ဆောင်ရွက်သွားမယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်ရင် (၁၉၉၀) ပြည့်ရွေးကောက်ပွဲကို တရားမျှတတယ်လို့ အားလုံးကအသိအမှတ်ပြုပြီးတော့မှ ရွေးကောက်ပွဲရလဒ်ကို ငြင်းပယ်နေတယ်ဆိုတာဟာ မြန်မာ့နိုင်ငံရေးမှာ မကောင်းတဲ့အစဉ်အလာတခုကို ဖော်ထုတ်နေတယ်လို့ ကျနော်တော့ အဲဒီလိုမြင်ပါတယ်။

ခွန်မြင့်ထွန်း၊ သထုံမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

❑ ကျမက ချောက်ကလွှတ်တော်ကိုယ်စားလှယ် အမှတ် (၂) ဒေါ်ခင်ဌေးကြွယ်ပါ။ (၁၉၉၀) ခုနှစ် ရွေးကောက်ပွဲဟာ ပြည်သူလူထုတရပ်လုံးက လွတ်လပ်ပြီး တရားမျှတတယ်ဆိုတဲ့အနေနဲ့ လိုက်လိုက်လှဲလှဲ တာဝန်ကျေပွန်စွာပေးခဲ့ပြီးဖြစ်ပါတယ်။ ဒီအပေါ်မှာ လက်ရှိတာဝန်ယူရတဲ့အစိုးရအနေနဲ့ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ပေးဖို့က ဒါစစ်အစိုးရရဲ့တာဝန်ဖြစ်တယ်။ ပြည်သူတွေက တာဝန်ကျေပြီးတော့မှ စစ်အစိုးရက တာဝန်မကျေလို့ရှိရင် စစ်အစိုးရအနေနဲ့ ပြည်သူလူထုအပေါ်မှာ စော်ကားရာကျတယ်လို့ ကျမအနေနဲ့ အဲဒီလိုပဲမြင်ပါတယ်။

ဒေါ်ခင်ဌေးကြွယ်၊ ရေနံချောင်း အမှတ် (၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

❑ ကျနော်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းကြိုင်ပါ။ ဥပဒေအရာမှာရော၊ ဒီမိုကရေစီမှာရော ဆိုစကားရှိပါတယ်။ *The heighest law in the way of the people.* အဲဒီလိုဆိုပါတယ်။ ဆိုလိုတဲ့သဘောကတော့ အမြင့်ဆုံးတရားဥပဒေဆိုတာ ပြည်သူလူထုရဲ့ဆန္ဒပါဘဲ။ ပြည်သူလူထုရဲ့ဆန္ဒကို မပယ်ကောင်းပါဘူး။ အစိုးရက ပြည်သူလူထုအပေါ်မှာ ငြိမ်းချမ်းချင်တယ်၊ သာယာချင်တယ်၊ ဖွံ့ဖြိုးချင်တယ်ဆိုရင် ထာဝရဖွံ့ဖြိုးချင်တယ်ဆိုရင် ပြည်သူလူထုရဲ့ဆန္ဒကို ဦးထိပ်ထားရပါတယ်။ ပြည်သူလူထုရဲ့ဆန္ဒအတိုင်း အကောင်အထည်ဖော်ရပါတယ်။ ကျနော်တို့အကောင်အထည်မဖော်နိုင်သေးတဲ့အလျောက် အခုထိအားမရသေးပါဘူး။ စိတ်မကောင်းပါဘူး။ ဒါပေမယ့် ကျနော်တို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်ပြီးတော့ ကြိုးစားသွားမယ်လို့ကျနော်ပြောချင်ပါတယ်။

ဦးအုန်းကြိုင် ----

❑ ရွေးကောက်ပွဲကို အာဏာပိုင်တွေက တာဝန်ယူကျင်းပပေးခဲ့တာမို့ ဒီရလဒ်ကို အာဏာပိုင်တွေကပဲ အကောင်အထည်ဖော်ပေးရမှာဖြစ်တယ်။

ဦးလွင် (အဲန်အယ်လ်ဒီပြောခွင့်ရပုဂ္ဂိုလ်)

❑ ရွေးကောက်ပွဲလုပ်ပေးတဲ့ နအဖက ဒိုင်လူကြီးပဲ၊ နိုင်တဲ့လူကိုပေးလိုက်ပေ့ါ။ မပေးရင်လိမ်တာပဲ။

စောတာဂူကူး (ဖားဆောင်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)

❑ တိုင်းပြည်အာဏာအရပ်ရပ်ရဲ့ မူလပိုင်ရှင်က ပြည်သူလူထုသာဖြစ်တယ်။ ၁၉၉၀ ပြည့်ရွေးကောက်ပွဲများကတဆင့် ပြည်သူလူထုဟာ သူတို့ ယုံကြည်စိတ်ချသူတွေကို သူတို့ကိုယ်စား အာဏာကျင့်သုံးဖို့လွှဲအပ်ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ နအဖအနေနဲ့ ပြည်သူ့လွှတ်တော်ကို အာဏာလွှဲပေးဖို့နည်းလမ်းကလွှဲလို့ တရားဝင်အခြားနည်းလမ်းမရှိပါ။

ခွန်ရိမားကိုဘန် (ဖယ်ခုံမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)

❑ ရွေးကောက်ပွဲဟာ ပြည်သူရဲ့ဆန္ဒကိုဖော်ထုတ်ပေးတာဖြစ်တဲ့အတွက် ပြည်သူ့ဆန္ဒကို ဘယ်သောအခါမှမပစ်ပယ်ဘဲ ပြည်သူ့ဆန္ဒနှင့်အညီ ဖြစ်အောင်ကြိုးပမ်းအားထုတ်သွားမယ်။

ဦးချစ်တင် (မင်းလှ၊ မကွေးတိုင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)

❑ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်ဘဲနေတာနဲ့အမျှ မြန်မာပြည်ရဲ့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး ဖြစ်ထွန်းမှုတွေအားလုံး ရပ်တန့်နေတယ်။ ကြာတော့ ရေစီးရေလာမရှိတဲ့ မြောင်းပုပ်ကြီးနဲ့မြန်မာပြည်က အလားတူဖြစ်နေတယ်။ ရေစီးရေလာကောင်းအောင် မြောင်းပုပ်ကြီးကိုဖောက်ထုတ်ပစ်ရသလို ရွေးကောက်ပွဲရလဒ်ကို မဖြစ်မနေအကောင်အထည်ဖော်ပါမှ မြန်မာပြည်ဟာ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်ကို ရောက်မယ်လို့ ယုံကြည်တယ်။

ဒေါက်တာမျိုးဝင်း၊ ကဝမဲဆန္ဒနယ်အမှတ် (၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

❖ ❖ ❖

## ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ

## NATIONAL COUNCIL OF THE UNION OF BURMA

### ၁၉၉၀ ပြည့်၊ မေလ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ (၁၇) နှစ်မြောက်နှစ်ပတ်လည်နေ့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ၏ ထုတ်ပြန်ကြေညာချက်

၁၉၉၀ ပြည့်၊ မေလ (၂၇) ရက်နေ့တွင် နဝတမှကြီးမှူးကျင်းပခဲ့သည့်ရွေးကောက်ပွဲသည် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီး၏ အောင်ပွဲအသီးအပွင့်ဖြစ်သည်။ သမိုင်းဆက်ထုံးလည်းဖြစ်သည်။ နအဖထုတ်ပြန်ခဲ့သောကြေညာချက်များနှင့် ဥပဒေများအရလည်းကောင်း၊ တရားအရလည်းကောင်း၊ ယင်းရွေးကောက်ပွဲသည် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲမဟုတ်ဘဲ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဖြစ်သည်။ ဆိုလိုသည်မှာ ယင်းရွေးကောက်ပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ရေးဆွဲရန်အတွက်မျှသာရည်ရွယ်၍ ကျင်းပခြင်းမဟုတ်ဘဲ နိုင်ငံတနိုင်ငံ၏အချုပ်အခြာအာဏာ (၃)ရပ်ကို ကျင့်သုံးပိုင်ခွင့်ရှိသည့် စစ်မှန်သောဒီမိုကရေစီအစိုးရတရပ်ပေါ်ထွန်းရေးအတွက်ရည်ရွယ်ကျင်းပခဲ့သော တမျိုးသားလုံးပါဝင်ဆင်နွှဲခဲ့သည့် နိုင်ငံရေးလှုပ်ရှားမှုကြီးဖြစ်သည်ဟု မိမိတို့မှအခိုင်အမာယုံကြည်လျက်ရှိသည်။

၁၉၇၉ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့တွင် နဝတဥက္ကဋ္ဌဖြစ်သူ ဗိုလ်ချုပ်မှူးကြီးစောမောင်က “ …. *ကျနော်တို့ ဒီနေ့လွှတ်တော်အာဏာကိုယူထားတဲ့အခါမှာ ကျနော်တို့ လုပ်ချင်တာလုပ်သွားတယ်ဆိုတာမျိုး မဖြစ်စေရဘူး။ ….လွှတ်တော်ပေါ်ပေါက်လာရင် ရွေးကောက်ပွဲပြီးရင် ကျနော်တို့ လွှတ်တော်ကိုတင်ပြမယ်။ ကျနော့်မှာတာဝန်ရှိတယ် ….*”ဟူ၍ပြောကြားသွားသော်လည်း ယခုတိုင် ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ်အဖြစ် ပြည်သူ့လွှတ်တော်ခေါ်ယူရေးကို ယနေ့တိုင် အကောင်အထည်မဖော်နိုင်ခဲ့ပေ။ ၁၉၉၈ ခုနှစ် မေလ (၂၈) ရက်နေ့တွင် အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က “*ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်ပေးတာဟာ ပြည်သူတရပ်လုံးကို လိမ်လည်လှည့်ဖျားစော်ကားရာရောက်ပါတယ်*”ဟု ၎င်း၏သဘောထားကို ထုတ်ဖော်ပြောဆိုခဲ့သည်။ အဖွဲ့ချုပ်မှ လွှတ်တော်ခေါ်ယူရေးအတွက် အကြိမ်ကြိမ်ကြိုးပမ်းအားထုတ်ခဲ့သော်လည်း နဝတတဖြစ်လဲ နအဖစစ်အစိုးရ၏နည်းမျိုးစုံဖြင့် ဟန့်တားပိတ်ဆို့မှု၊ အကြမ်းဖက်မှုများကြောင့် ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲမှတဆင့် ဖော်ပြခဲ့သည့် ပြည်သူလူထု၏လိုအင်ဆန္ဒများကို အကောင်အထည်မဖော်နိုင်ဘဲ ဖြစ်နေရပေသည်။

ယခုကာလတွင်နအဖသည် နိုင်ငံတော်အကြမ်းဖက်ဝါဒ (State Terrorism) စနစ်ကိုကျင့်သုံးလျက် ၁၉၉၀ပြည့်ရွေးကောက်ပွဲရလဒ်အား ဖျက်သိမ်းပြီး စစ်တပ်လက်ဝါးကြီးအုပ် အုပ်ချုပ်ရေးစနစ်တရပ် တရားဝင်ချမှတ်နိုင်ရန် လမ်းပြမြေပုံ (၇) ဆင့်ဖြင့် အကြီးအကျယ်ကြိုးပမ်းနေသည်ကို ထင်ထင်ရှားရှားတွေ့မြင်နေရသည်။ ယင်းလမ်းပြမြေပုံအဆင့် (၇) ဆင့်တွင် ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ်ကို လုံးဝလျစ်လျူရှုလျက် ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ်အား သေးသိမ်နိမ့်ကျစေမည့်လုပ်ငန်းများ ချမှတ်လုပ်ဆောင်လျက်ရှိသည်။ ဤလုပ်ရပ်သည် ၁၉၉၀ ပြည့်ရွေးကောက်ပွဲများမှတဆင့်ပြသခဲ့သည့် ပြည်သူလူထု၏ နိုင်ငံရေးလိုအင်ဆန္ဒများကို လုံးဝပစ်ပယ်ချလိုက်ခြင်းဖြစ်သဖြင့် မည်သို့မျှသည်းခံလိုက်လျောနိုင်ဖွယ်မရှိပေ။ ထို့အပြင် တိုင်းရင်းသားအဖွဲ့အစည်းများအပါအဝင် နိုင်ငံရေးအင်အားစုအားလုံးမှ တရားမျှတစွာ တိုက်တွန်းတောင်းဆိုနေသည့် တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို ခါးခါးသီးသီးငြင်းပယ်လျက်ရှိ၏။ စစ်တပ်လွှမ်းမိုးမည့် အုပ်ချုပ်ရေးတရပ်ရေးဆွဲလျက်ရှိခြင်း၊ လက်ကိုင်တုတ်အဖွဲ့အစည်းများကို အသုံးချ၍ အတိုက်အခံတို့အား နည်းပေါင်းစုံညှင်းပမ်းနှိပ်စက်လျက်ရှိခြင်းစသည့် နိုင်ငံရေးပြစ်မှုများကို ကျူးလွန်လျက်ရှိသည်။

နအဖ၏လမ်းပြမြေပုံ အဆင့် (၇) ဆင့်၏ သေနင်္ဗျူဟာရည်မှန်းချက်မှာ (၉၀) ပြည့်ရွေးကောက်ပွဲရလဒ်ကို ဖျက်သိမ်းလျက် စစ်အုပ်စုသက်တမ်းရှည်မည့် အခြေခံဥပဒေတရပ်ကို တရားဝင်ရေးဆွဲအတည်ပြုနိုင်ရေးပင်ဖြစ်သည်။ တနည်းအားဖြင့် ပြည်သူလူထုတရပ်လုံးအား စစ်ကျွန်အဖြစ် သွတ်သွင်းမည့်စီမံကိန်းဖြစ်သည်။ ထိုစီမံကိန်းအား ပြည်သူတို့မှလိုက်လျောမည်လော။ သို့တည်းမဟုတ် ပယ်ချမည်လောဟူသည့်အချက်မှာ အငြင်းပွားဖွယ်ရာမရှိ။ ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ်တွင်ပြသခဲ့သော လူထုစွမ်းပကားဖြင့် နအဖ၏ရုဒ်မက် (၇) ချက်စီမံကိန်းအား သမိုင်းရေးရာလိုအပ်ချက်အရ ဖျက်သိမ်းရမည်မှာ ယနေ့ကာလ ပြည်သူတရပ်လုံး၏ တာဝန်ဖြစ်သည်ဟု မိမိတို့မှယူဆသည်။ အထူးသဖြင့် ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်ဘဲ နောက်ရွေးကောက်ပွဲ အသစ်ကျင်းပရေးကို မိမိတို့မှ မည်သို့မှလက်ခံနိုင်မည်မဟုတ်ပေ။ သို့ပါ၍ ယနေ့ကာလ လတ်တလော အမျိုးသားနိုင်ငံရေးတာဝန်ဖြစ်သည့် နအဖရုဒ်မက် (၇) ချက်အား အဆင့်တိုင်းတွင် တိုက်ဖျက်ရေးနှင့် ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေးကို ပြည်သူတရပ်လုံး၏ စွမ်းပကားကိုရယူလျက် အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း NCUB မှ အလေးအနက်ထုတ်ဖော်ကြေညာအပ်ပါသည်။

(ဒါကြောင့် ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်ဘဲ နောက်ရွေးကောက်ပွဲအသစ်ကျင်းပရေးကို အဲန်အယ်လ်ဒီက လုံးဝလက်ခံမှာမဟုတ်ဘူးလို့ ဆုံးဖြတ်ထားတာဖြစ်ပါတယ်။)

ဒေါ်အောင်ဆန်းစုကြည် (၂၈/၅/၉၈)

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB)

နေ့စွဲ ။ ။ သက္ကရာဇ် ၂၀၀၇ ခုနှစ်၊ မေလ (၂၇) ရက်။

ဆက်သွယ်ရန်။ ။ ဦးမြင့်သိက်း - ဖုန်း-၆၆-၀၈၇-၈၀၈-၃၅၅၂

# လူထုလိုက်ပါနိုင်စွမ်းရှိတဲ့တိုက်ပွဲပုံစံဖော်ထုတ်၊ လူတိုင်းဟာမင်းကိုနိုင်တွေဖြစ်ဖို့လို

❑ လူထုက ဘယ်သူကလှုံ့ဆော်လို့မှမဟုတ်ဘဲနဲ့ သူတို့ကိုယ်တိုင် ဘဝပေးအသိနဲ့ ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်တောင်းဆိုလာကြတာတွေဟာ မျက်မြင်ထင်ရှားပါ။ တဖက်မှာလည်း လူထုထဲက ဦးဆောင်တိုက်ပွဲဝင်ရဲသူတွေပေါ်လာလို့ရှိရင် နောက်ကနေ လိုက်ပါရဲသူတွေ တိုက်ရဲသူတွေရှိတယ်ဆိုတာ ပြသနေတာပါ။ ❑



ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု (အဲန်ဒီဒီ) အလုပ်အမှုဆောင်အဖွဲ့ဝင်

*မေး॥ ॥ ရိုးရိုးရှင်းရှင်းနဲ့ အမေးများပြီး အများမေးနေတဲ့မေးခွန်းနဲ့ စ,ပါရစေ။ ပြည်တွင်းမှာ လူထုလှုပ်ရှားမှု၊ လူထုအုံကြွမှု ပေါ်ပေါက်လာနိုင်ပါသလား။*

လူထုလှုပ်ရှားမှု၊ လူထုတိုက်ပွဲ၊ လူထုအုံကြွမှုဆိုတာ မဖြစ်ဖြစ်အောင် ဖန်တီးယူလို့မရသလို အခြေအနေအချိန်အခါသင့်လို့ ပေါ်ပေါက်လာရင်လည်း တားဆီးနိုင်ဖို့ ခဲယဉ်းပါတယ်။ လူထုလှုပ်ရှားမှုတွေ လူထုအုံကြွမှုတွေ ပေါ်ပေါက်လာဖို့အတွက်ဆိုရင် ဘယ်သူ့မှာ တာဝန်ရှိတယ်။ ဘယ်သူ့အားနည်းချက်ကြောင့် မပေါ်ပေါက်သေးတာဆိုတာမျိုး အပြစ်ဖို့ ငြင်းခုံနေကြလို့ အကျိုးမများနိုင်ပါဘူး။ လူထုလှုပ်ရှားမှု၊ လူထုတိုက်ပွဲ၊ လူထုအုံကြွမှုလို့ ပြောကတည်းက လူတဦးတယောက်၊ တသင်းတဖွဲ့ထဲရဲ့ လှုပ်ရှားမှု မဟုတ်ပါဘူး။ မြန်မာပြည်ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် လူထုတိုက်ပွဲက အဓိကကျတယ်။ အဆုံးအဖြတ်ပေးနိုင်တယ်လို့ယူဆရင် အပြစ်ဖို့ ငြင်းခုံနေမဲ့အစား အားလုံး နိုင်ရာတာဝန်ထမ်းပြီး ကြိုးစားလုံးပမ်းကြဖို့လိုပါတယ်။ တဦးတယောက်၊ တသင်းတဖွဲ့ရဲ့ တာဝန်မဟုတ်ပါဘူး။ အားလုံးရဲ့တာဝန်ပါဘဲ။ အခုချိန်မှာ တပြည်လုံးအတိုင်းအတာဆောင်တဲ့ လူထုအုံကြွမှုကြီး ပေါ်ပေါက်မလာသေးပေမဲ့လို့ လူထုလှုပ်ရှားမှု၊ လူထုတိုက်ပွဲလို့ ပြောနိုင်တဲ့ အခြေအနေတွေကတော့ စတင်ပေါ်ပေါက်လို့လာနေပြီလို့ ပြောလို့ရပါတယ်။ ၂၀၀၄၊ ၂၀၀၅ ခုနှစ်လောက်ကနေစတင်ပြီး တဖြည်းဖြည်းအရှိန်ယူလာတဲ့ နိုင်ငံရေး နိုးကြားတက်ကြွသူတွေရဲ့လှုပ်ရှားမှုတွေကနေ ၂၀၀၆၊ ၂၀၀၇ မှာ အလွှာအသီးသီးကလူထုတွေပါ ပါဝင်လာတဲ့ ကိုယ့်အခွင့်အရေးအတွက် ကိုယ်ကိုယ်တိုင် တောင်းဆိုတိုက်ပွဲဝင်လှုပ်ရှားလာတဲ့ လူထုတိုက်ပွဲငယ်လေးတွေ ဖြစ်ပေါ်လာနေပြီလို့ ပြောလို့ရပါတယ်။

ဒီလူထုလှုပ်ရှားမှုတွေကိုကြည့်ရင် ၂၀၀၆ တခုနှစ်လုံးနဲ့စာရင် ၂၀၀၇ ခုနှစ် ပထမခြောက်လပတ်အတွင်းမှာကိုပဲ နှစ်ဆသုံးဆလောက် တိုးပွားလာတာတွေ့ရပါတယ်။ အကြိမ်အရေအတွက် များလာရုံသာမက အလွှာမျိုးစုံ၊ ဒေသမျိုးစုံ၊ နယ်ပယ်မျိုးစုံက အကြောင်းအရာမျိုးစုံအတွက် တောင်းဆိုတိုက်ပွဲဝင်လှုပ်ရှားလာနေကြတာ တပြည်လုံးအနှံ့တွေ့လာရပါတယ်။ ပြည်သူလူထုရဲ့ခံစားချက်တွေကို ကိုယ်စားပြုလက်ခံ လှုံ့ဆော်တိုက်ပွဲဝင်ပေးနေတဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေ အဲန်အယ်လ်ဒီလူငယ်တွေ၊ အမျိုးသမီးအဖွဲ့ဝင်တွေ၊ လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူတွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ ဝါရင့်နိုင်ငံရေးသမားကြီးတွေ၊ တာဝန်သိတဲ့ လူထုလူတန်းစားခေါင်းဆောင်တွေသာမကပဲနဲ့ လယ်သိမ်း၊ မြေသိမ်း၊ စားကျက်အသိမ်းခံရတဲ့ လယ်သမားတွေက အာဏာပိုင်တွေကို တရားပြန်စွဲတာ၊ စက်ရုံအလုပ်ရုံ အလုပ်သမားတွေက သူတို့ရဲ့ နစ်နာဆုံးရှုံးမှုတွေအတွက်၊ ခေါင်းပုံဖြတ်ခံရမှုတွေအတွက်၊ ဆန္ဒပြတောင်းဆိုလာကြတာတွေ အဓမ္မလုပ်အားပေးခေါ်ခံရတဲ့သူတွေက အိုင်အယ်လ်အိုကို တိုင်ကြားလာကြတာတွေ၊ ဒေသခံအာဏာပိုင်တွေကို တရားပြန်စွဲဆိုလာကြတာတွေ၊ ရိုက်နေ၊ နှက်နေ၊ ဖမ်းဆီးနေတဲ့ကြားထဲက ပြည်သူတွေကို မျက်စိဖွင့်နားဖွင့်ဖို့ လူ့အခွင့်အရေးအကြောင်း လှည့်လည်ဟောပြော စည်းရုံးနေသူတွေ၊ ကုန်ဈေးနှုန်းကျဆင်းရေး၊ (၂၄) နာရီ မီးလင်းရေး၊ အခမဲ့ဆေးကုသခွင့်ရရှိရေးအတွက် ဆန္ဒပြတဲ့လူထုတွေ၊ မတရားအခွန်အတုတ်တွေ တိုးကောက်တာကို ဆန္ဒပြတဲ့ပြည်သူတွေ၊ နောက်ဆုံး သူတို့ကို လူမှုရေးအရ အကူအညီတွေပေးနေတဲ့လူတွေ၊ မတရားအဖမ်းခံရတာကို မကျေနပ်တဲ့ HIV၊ AIDS ဝေဒနာရှင်တွေကပါ ဆန္ဒပြလာကြတာမျိုးဟာ အရင်က တခါမှ မကြုံဖူးပါဘူး။ လူထုက ဘယ်သူကလှုံ့ဆော်လို့မှမဟုတ်ဘဲနဲ့ သူတို့ကိုယ်တိုင် ဘဝပေးအသိနဲ့ ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်တောင်းဆိုလာကြတာတွေဟာ မျက်မြင်ထင်ရှားပါ။ တဖက်မှာလည်း လူထုထဲက ဦးဆောင်တိုက်ပွဲဝင်ရဲသူတွေပေါ်လာလို့ရှိရင် နောက်ကနေ လိုက်ပါရဲသူတွေ တိုက်ရဲသူတွေရှိတယ်ဆိုတာ ပြသနေတာပါ။

*မေး॥ ॥ လက်ရှိအခြေအနေမှာ လူထုတိုက်ပွဲတွေပေါ်ထွက်လာဖို့အတွက် ပြတ်သားတဲ့၊ စုစည်းညီညွတ်မှုရှိတဲ့ ခေါင်းဆောင်မှုမရှိဘူး။ Leadership crisis ဖြစ်နေတယ်လို့ ပြောနေဆိုနေသံတွေ ကြားနေရပါတယ်။ ဒီအပေါ်မှာ ဘယ်လိုအမြင်ရှိပါသလဲ။*

ကျနော်ကတော့ လူတိုင်းဟာ တချိန်တည်းမှာ နောက်လိုက်ဖြစ်သလို တချိန်တည်းမှာလည်း ခေါင်းဆောင်တွေဖြစ်တယ်လို့ ယူဆပါတယ်။ ဒီနေရာမှာ ကျနော်ကြိုက်တဲ့ 'အနိုင်မခံ' ဆိုတဲ့ ကဗျာလေးရဲ့ နောက်ဆုံးအပိုဒ်ထဲက 'ငါသာလျှင် .... ငါ့ကြမ္မာရဲ့အရှင်'၊ 'ငါသာလျှင် ငါ့ဘဝရဲ့သခင်ဖြစ်တော့သည်'ဆိုတဲ့ စကားလိုပါပဲ။ ကိုယ့်ကိုယ်ကို အရင်ဦးဆုံး ဦးဆောင်မှုပေးဖို့ လိုအပ်ပါတယ်။ (Self-initiatives, Self-leadership) ဖြစ်ဖို့ ကိုယ်ကိုတိုင်က ထထကြွကြွရှိဖို့လိုအပ်ပါတယ်။ ဦးဆောင်မယ့်သူ ခေါင်းဆောင်မယ့်သူမရှိသေးရင် လူတိုင်းက ကိုယ်ကိုတိုင်ကထပြီး ခေါင်းဆောင်ရဲတဲ့သတ္တိရှိဖို့လိုအပ်သလို၊ တိုက်ပွဲကြားထဲမှာ ကိုယ့်ထက်ဦးဆောင်နိုင်သူတွေ ပေါ်ထွက်လာခဲ့ရင်လည်း နောက်လိုက်ကောင်းတွေအဖြစ် ရဲရဲလိုက်ရဲဖို့လိုပါတယ်။ ဘယ်သူမှ ထာဝရခေါင်းဆောင်၊ ထာဝရနောက်လိုက်ဆိုတာ မရှိပါဘူး။ မွေးကတည်းက ခေါင်းဆောင်အဖြစ်မွေးလာတဲ့သူ မရှိသလို၊ မွေးကတည်းက နောက်လိုက်ဖြစ်ရမယ်ဆိုပြီး မွေးလာတဲ့သူတွေလည်း မရှိပါဘူး။ အားလုံးက ခေါင်းဆောင်ကိုသာထိုင်စောင့်နေလို့ကတော့ ဘာတိုက်ပွဲ၊ ဘာလှုပ်ရှားမှုမှ ပေါ်လာမှာမဟုတ်သလို၊ လှုပ်ရှားမှုမရှိရင်၊ တိုက်ပွဲမရှိရင်လည်း ခေါင်းဆောင်ကောင်းဆိုတာ ပေါ်ထွက်လာနိုင်စရာအကြောင်း မရှိပါဘူး။ တချို့လှုပ်ရှားမှုတွေဟာ မခံချင်စိတ်ကြောင့် အလိုအလျောက်ပေါက်ကွဲပြီး ထလုပ်ကြရာကနေ ခေါင်းဆောင်မရှိဘဲ ပေါ်ပေါက်လာနိုင်စရာမျိုးရှိတတ်ပေမယ့်လို့ ဒီတိုက်ပွဲတွေကို ဆက်လက်သယ်ဆောင်နိုင်ဖို့၊ လိုချင်တဲ့အောင်ပွဲရလဒ်ကို ရဖို့အတွက်ဆိုရင် ခေါင်းဆောင်မှုက မရှိမဖြစ် လိုအပ်လာပါတယ်။ တိုက်ပွဲရဲ့လိုအပ်ချက်အပေါ်မှာ မူတည်ပြီး ခေါင်းဆောင်ကိုရွေးချယ်လာကြရပါတယ်။ တဦး၊ တယောက်၊ တဖွဲ့နဲ့မရရင် တိုက်ပွဲတွေကြားမှာပဲ စုပေါင်းခေါင်းဆောင်ဖို့ဆိုတာ ဖြစ်လာရပါတယ်။ လက်ဆင့်ကမ်း ခေါင်းဆောင်မှု၊ လက်ဆင့်ကမ်းတိုက်ပွဲဝင်မှုဆိုတာ ဖြစ်လာရပါတယ်။

ဒီနေရာမှာ လှုပ်ရှားမှုပုံစံ၊ တိုက်ပွဲပုံစံပေါ်မှာ မူတည်ပြီး ခေါင်းဆောင်မှုပုံစံလည်း ပြောင်းလဲနိုင်ပါတယ်။ စစ်အေးကာလမှာ လှုပ်ရှားမှုမရှိဘဲ ငြိမ်သက်နေတဲ့ကာလမှာ၊ လှုပ်ရှားမှုမရှိဘဲ အေးဆေးနေတဲ့ကာလမှာ ခေါင်းဆောင်လုပ်ချင်သူတွေ၊ ခေါင်းဆောင်အမည်ခံသူတွေ ပေါများနိုင်ပါတယ်။ ဒါပေမယ့် မိုးထဲရေထဲမှာ တိုက်ပွဲကြားထဲမှာ ပေါ်ထွက်လာတဲ့ခေါင်းဆောင်တွေကိုပဲ နောက်ဆုံးတော့လူထုက တကယ့်ခေါင်းဆောင်တွေအဖြစ် ရွေးချယ်သွားတာချည်းပါပဲ။ ဥပမာ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်၊ ကိုကိုကြီးတို့၊ ကိုဌေးကြွယ်တို့ အစရှိတဲ့ ကျောင်းသားခေါင်းဆောင် (၅) ဦး အဖမ်းခံရစဉ်က ကျန်တဲ့ခေါင်းဆောင်တွေထဲက ကိုမြအေးတို့၊ ကိုဂျင်မီတို့၊ ကိုအံ့ဘွယ်ကျော်တို့ အစရှိတဲ့ခေါင်းဆောင်တွေဟာ တိုက်ပွဲအလံကို ဆက်လက်သယ်ဆောင်ပြီး ရဲရဲဝံ့ဝံ့ ဦးဆောင်ခဲ့ကြပါတယ်။ သူတို့ကို အဖမ်းခံရတဲ့ခေါင်းဆောင်တွေက 'ငါတို့မရှိရင် မင်းတို့ဆက်ပြီးဦးဆောင်ကြလို့' ပြောခဲ့တာမဟုတ်သလို၊ သူတို့ကလည်း 'ငါတို့ဘဲဦးဆောင်မယ်'လို့ ကြွေးကြော်ပြီး လုပ်ခဲ့ကြတာ မဟုတ်ပါဘူး။ အဲဒီအချိန်တုန်းက သူတို့လို အရည်အချင်းရှိသူတွေ၊ အခြားကျောင်းသားခေါင်းဆောင်တွေလည်း အများအပြားရှိကြမှာပါ။ ဒါပေမယ့်လို့ သူတို့ရဲ့လုပ်ဆောင်ချက်တွေကပဲ သူတို့ရဲ့ ခေါင်းဆောင်မှုကို ပြဌာန်းသွားတာပါ။ တနည်းပြောရရင် လူထုကပဲ သူတို့ရဲ့လုပ်ရပ်ကိုသိပြီး သူတို့ကို ခေါင်းဆောင်အဖြစ် ရွေးချယ်သွားကြတာပါပဲ။ နောက်သာဓကတခုပြောရင် ၂၀၀၃ ခုနှစ်၊ မေလ ဒီပဲယင်းလုပ်ကြံခံရမှုကြီးနဲ့ နှိုင်းယှဉ်ကြည့်လို့လဲရပါတယ်။ ဒီပဲယင်းလုပ်ကြံခံရမှုအပြီးမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ခေါင်းဆောင်အချို့ အဖမ်းခံသွားရအပြီးမှာ အထက်ကပြောခဲ့တဲ့ ကျောင်းသားခေါင်းဆောင်တွေလိုမျိုး လက်ဆင့်ကမ်းတိုက်ပွဲဝင်နိုင်တဲ့ ခေါင်းဆောင်တွေရှိခဲ့မယ်ဆိုရင် လူထုလှုပ်ရှားမှုတွေက အဲဒီကာလလောက် ကတည်းကစပြီး အရှိန်အဟုန်ပြင်းပြင်းနဲ့ ပေါ်ပေါက်လာတာမျိုး မဖြစ်နိုင်ဘူးလားလို့ ကျနော်တွေးကြည့်မိပါတယ်။ ဒီနေရာမှာ လူပုဂ္ဂိုလ်အရ၊ အဖွဲ့အစည်းအရ ဘယ်သူ့ကို သာစေ၊ နာစေဆိုပြီး အပြစ်မြင်ပြီးပြောနေတာမဟုတ်ပါဘူး။ ဖြစ်စဉ်ကိုသာ နမူနာအနေနဲ့ တင်ပြခြင်းမျှသာပါ။ စဉ်းစားတွေးခေါ်ကြည့်လို့ရအောင်ပေါ့ဗျာ။

နောက်တချက်က တိုက်ပွဲတပွဲချင်းအတွက် ခေါင်းဆောင်ကောင်းတွေ၊ ဝန်းရံလှုပ်ရှားဆောင်ရွက်သူတွေ လိုအပ်သလို၊ တိုက်ပွဲစဉ် တလျှောက်လုံးအတွက်ဆိုရင်လည်း ခေါင်းဆောင်နိုင်တဲ့ အဖွဲ့အစည်း၊ တပ်ပေါင်း စုစည်းဖြင့် လိုအပ်ပါလိမ့်မယ်။ တဦးကောင်း၊ တဖွဲ့ကောင်းလုပ်လို့ မရနိုင်ပါဘူး။ အများသိကြတဲ့အတိုင်း ဒီမိုကရေစီဆိုတာ ပန်းတိုင်မဟုတ်ပါဘူး။ ဖြစ်စဉ်တရပ်ပါ။ နအဖစစ်အုပ်စုပြုတ်ကျရုံနဲ့ ဒီမိုကရေစီချက်ချင်းမရပါဘူး။ လူ့အခွင့်အရေး ချက်ချင်းမရပါဘူး။ စစ်အာဏာရှင်စနစ်ကို အမြစ်ကဖြိုလှဲပစ်ဖို့၊ စစ်မှန်တဲ့လူထုကိုယ်စားပြုတဲ့ ဒီမိုကရေစီစနစ်တရပ် ပေါ်ပေါက်လာဖို့ဆိုတာ အဆင့်ဆင့်ကြိုးစားပြီး တောင်းဆိုတိုက်ပွဲဝင်သွားကြရမှာပါ။ ဒီမိုကရေစီကို လက်တွေ့ကျင့်သုံးဆောင်ရွက်သွားကြရမှာပါ။ ဒါကြောင့် တိုက်ပွဲစဉ်တလျှောက်လုံးအတွက် စုစည်းညီညွတ်တဲ့၊ စဉ်ဆက်မပြတ်ဦးဆောင်မှုပေးနိုင်မယ့် ခေါင်းဆောင်မှုအစုအဝေးလိုအပ်ပါတယ်။ လက်ဆင့်ကမ်းခေါင်းဆောင်မှုလိုအပ်ပါတယ်။ ဒီလိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ဆိုရင် ဘယ်သူ့ ဘယ်သူကိုမှ ထိုင်စောင့်နေလို့မရပါဘူး။ ခေါင်းမဆောင်ရကောင်းလားဆိုပြီး အချင်းချင်း အပြစ်ဖို့နေဖို့လည်း အချိန်မရကြပါဘူး။ ဘယ်လိုအကြောင်းကြောင့်ဘဲဖြစ်ဖြစ် ခေါင်းဆောင်မှု လေဟာနယ်ဖြစ်နေတယ်ဆိုရင် ဒီကွက်လပ်ကို ဖြည့်ဆည်းပေးဖို့ရာ လူတိုင်းမှာတာဝန်ရှိပါတယ်။ အထူးသဖြင့် ကိုယ့်ကိုယ်ကို အတိုင်းအတာတခုထိပဲဖြစ်ဖြစ်၊ ခေါင်းဆောင်အဖြစ် ယူဆထားသူတွေ၊ ခေါင်းဆောင်လို့ အခေါ်ခံနေရသူတွေမှာ ပိုပြီးတော့တာဝန်ရှိပါတယ်။ ဘုရားဟောဖြစ်တဲ့ 'အတ္တဟိ၊ အတ္တနော၊ နာထော'ဆိုတာနဲ့ မြန်မာစကားမှာ ထင်ရှားတဲ့ 'ဉစ္စာရင်လို၊ ဉစ္စာရင်ခဲ'ဆိုတဲ့ စကားတွေလည်း ရှိသားပဲမဟုတ်လား။ အစဉ်အလာ ခေါင်းဆောင်တွေကိုချည်း အားကိုးမနေဘဲ ကိုယ်အခွင့်အရေးတွေအတွက် ကိုယ်ကိုယ်တိုင် တောင်းဆိုတိုက်ပွဲဝင်ရင်း ကိုယ်လည်းခေါင်းဆောင်ဖြစ်တယ်ဆိုတာကို အားလုံးက နှလုံးသွင်းထားကြဖို့လိုတယ်လို့ မြင်ပါတယ်။

*မေး ॥ ॥ နောက်တချက်က ခေါင်းဆောင်မှုအပြင် လက်ရှိပြည်တွင်းလှုပ်ရှားမှုတွေကိုကြည့်ရင် လူထုဘဝနဲ့ နီးစပ်မှုမရှိဘူး။ လူထုလိုက်ပါနိုင်တဲ့ အကြောင်းအရာနဲ့ တိုက်ပွဲပုံသဏ္ဍာန်တွေ မရွေးချယ်နိုင်ဘူးလို့ ဝေဖန်သံတွေလည်းကြားနေရပါတယ်။ ဒီအပေါ်မှာကော ဘယ်လိုပြောချင်ပါသလဲ။*

ကျနော့်အနေနဲ့ အကျဉ်းချုံးပြီး ကျနော်မြင်တဲ့ အချက် (၅) ချက်လောက် တင်ပြချင်ပါတယ်။ ဒါတွေအားလုံး အမှန်ချည်းပဲလို့ မပြောချင်သလို ဒီအချက်တွေနဲ့တင် လုံလောက်ပြီလို့ မပြောနိုင်ပါဘူး။ ဝိုင်းဝန်းစဉ်းစားကြံဆကြဖို့ ကျနော်စဉ်းစားမိသလောက် တင်ပြလိုက်တာပါ။

နံပါတ် (၁) တချက်ကတော့ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးအတွက် တောင်းဆိုတိုက်ပွဲဝင်ရေးဟာ လူတဦးတယောက်တိုင်းရဲ့အရေး၊ လူအားလုံးရဲ့အရေးကိစ္စပဲ ဖြစ်တယ်လို့ ယုံကြည်ထားဖို့ လိုပါတယ်။ ဘယ်သူမဆို နအဖစစ်အာဏာရှင်စနစ်အောက်မှာ ဖိနှိပ်ညှဉ်းပန်းခံနေရတာ၊ နေ့စဉ်နှင့်အမျှ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ခံနေရတာ၊ အကြောက်တရားရဲ့ ဖိစီးမှုဒဏ်ကို ခံနေကြရတာပဲဖြစ်ပါတယ်။ ကုန်ကုန်ပြောရရင် တပ်မတော်သားတွေ၊ နအဖရဲ့လူထုဖိနှိပ်ရေးယန္တရားထဲမှာ အသုံးချခံနေရတဲ့ အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်ထဲကသူတွေလည်း မလွတ်ပါဘူး။ ကြံ့ဖွတ်တွေ၊ စွမ်းအားရှင်တွေလည်း ကိုယ့်အလှည့် ဘယ်တော့ရောက်မလဲ ကျီးလန့်စာစားနေရတဲ့ဘဝပါ။ ဒီတော့ အားလုံးရဲ့အရေးအတွက် အားလုံးက တောင်းဆိုတိုက်ပွဲဝင်ဖို့လိုပါတယ်။ ဒီစနစ်ဆိုးကို ပြောင်းလဲပစ်ဖို့အတွက်ဆိုရင် ဒီစနစ်ဆိုးထဲမှာ အသုံးချခံဖြစ်နေတဲ့သူတွေက ပိုပြီးတော့လုပ်ဖို့ တာဝန်ရှိပါတယ်။ ဒီနေ့ နိုင်ငံရဲ့သားကောင်းတွေလို့ ကိုယ့်ကိုယ်ကိုယ် ကြွေးကြော်ပြီး လူထုကို ဖိနှိပ်ညှဉ်းပန်းနှိပ်စက်နေသူတွေကိုယ်တိုင် သူတို့ အလုပ်အကျွေးပြုနေကြရတဲ့ စစ်အာဏာရှင်စနစ်ရဲ့ သားကောင်ဘဝကို အချိန်မရွေးရောက်ရှိသွားနိုင်တယ်ဆိုတာ သတိချပ်ဖို့လိုပါတယ်။ တချိန်က ဘုန်းမီးနေလတောက်ခဲ့တဲ့ ဦးခင်ညွန့်နဲ့ စစ်ထောက်လှမ်းရေးအုပ်စုတွေလို နိုင်ငံ့သားကောင်းဘဝကနေ ကိုယ်ဖန်တီးခဲ့တဲ့၊ ကိုယ်အလုပ်အကျွေးပြုခဲ့တဲ့စနစ်ဆိုးရဲ့ သားကောင်တွေဘဝကို အချိန်မရွေးရောက်သွားနိုင်တယ်ဆိုတာ သတိပြုကြဖို့ တိုက်တွန်းလိုပါတယ်။ အဲဒီတော့ လူတိုင်းအရေးအတွက် လူတိုင်းပါဝင်ဆောင်ရွက်ကြဖို့၊ လူတိုင်းပါဝင်တိုက်ပွဲဝင်ကြဖို့ လိုတယ်လို့ ပထမအချက်အနေနဲ့ တင်ပြချင်ပါတယ်။

ဒုတိယအချက်ကတော့ အထက်မှာ တင်ပြပြီးတဲ့အတိုင်းပဲ လူတိုင်းက ထထကြွကြွနဲ့ ကိုယ့်ကိုယ်ကိုယ်ခေါင်းဆောင်ဖို့ လိုအပ်ပါတယ်။ လူတိုင်းဟာ ဒေါ်အောင်ဆန်းစုကြည်တွေဖြစ်ဖို့ လိုပါတယ်။ လူတိုင်းဟာ မင်းကိုနိုင်တွေဖြစ်ဖို့ လိုပါတယ်။ လူတိုင်းဟာ ဦးဝင်းတင်၊ လူတိုင်းဟာ မစုစုနွေး၊ လူတိုင်းဟာ မဖြူဖြူသင်း၊ လူတိုင်းဟာ ဦးမြင့်အေး၊ လူတိုင်းက ဒေါ်ဝင်းမြမြ အစရှိသဖြင့် ဖြစ်ကြဖို့ လိုပါတယ်။ ဒေါ်အောင်ဆန်းစုကြည်တယောက်ကို ဖမ်းထားတိုင်း နောက်ထပ် ဒေါ်အောင်ဆန်းစုကြည်နှစ်ယောက် ပေါ်ပေါက်လာမယ်ဆိုရင်၊ ဦးဝင်းတင်တယောက်ကိုဖမ်းထားတိုင်း ဦးဝင်းတင်နှစ်ယောက် ဖြစ်လာမယ်ဆိုရင် နအဖအနေနဲ့ နောက်ဆုံးတော့ မတတ်သာဘဲနဲ့ ဖမ်းတာဆီးတာကို လက်လျှော့ရမယ့်ဘဝ ရောက်သွားနိုင်ပါတယ်။

တတိယအချက်အနေနဲ့ကတော့ အလွှာအသီးသီး၊ နယ်ပယ်အသီးသီး၊ ဒေသအသီးသီးမှာ

● စာမျက်နှာ (၃) ကော်လံ (၁) သို့ ...

# ဒေါ်စုနှင့်နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေးလှုပ်ရှားမှု ထိုင်းမြန်မာနယ်စပ်၌ ရက်ပေါင်း (၂၀) ကြာလုပ်ဆောင်



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ဥက္ကဋ္ဌ ဦးဝီတာလင်းပင်မှ စကားဝိုင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားစဉ်



လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ တွဲဘက်အထွေထွေအတွင်းရေးမှူး ဦးငွေလင်းမှရှင်းလင်းပြောကြားစဉ်



ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်ရေးအတွက် ဆုတောင်းနေစဉ်



ထိုင်း–မြန်မာနယ်စပ် နို့ဖိုးဒုက္ခသည်စခန်းတွင်းကျင်းပခဲ့သော ဆုတောင်းပွဲနှင့် ဂုဏ်ပြုစကားဝိုင်း

ထိုင်းနယ်စပ်အခြေစိုက် နိုင်ငံရေးအဖွဲ့အစည်းများနှင့် လူထုအခြေပြု လူ့အဖွဲ့အစည်းများ ပူးပေါင်းဖွဲ့စည်းထားသော ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးလှုပ်ရှားမှုကော်မတီသည် မေလ (၃၀) ရက်နေ့မှ ဇွန်လ (၁၉) ရက်နေ့အထိ ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများ၊ ထိုင်းမြန်မာနယ်စပ်ရှိ လူမျိုးပေါင်းစုံ ပြည်သူများနှင့် ဒူးတိုက်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြောင်း ၎င်းကော်မတီ၏ သတင်းထုတ်ပြန်အရသိရှိရသည်။

ယင်းကော်မတီသည် ဒေါ်စုနှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်ရေးလှုပ်ရှားမှု စကားဝိုင်းပေါင်း (၂၀) ကို ပြည်သူလူထုအတွင်းကျင်းပခဲ့သည်။ ဘာသာပေါင်းစုံ ဆုတောင်းပွဲ (၃၁) ကြိမ်နှင့် သွေးလှူရှင်ပေါင်း (၃၀၀) အား သွေးလှူဒါန်းနိုင်ရန် စီစဉ်ပေးခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းကောက်နှုတ်ချက်ပါ ဓာတ်ပုံ (၅,၀၀၀) ကိုပြည်သူလူထု အတွင်းဖြန့်ဝေပေးခဲ့ပြီး၊ ဆန္ဒပြုလက်မှတ်ပေါင်း (၁၇,၂၀၄) ခုကို စုဆောင်းရယူ နိုင်ခဲ့သည်ဟု သိရှိရသည်။

ထို့ပြင် ကော်မတီက နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန်နှင့် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး ချွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန် နအဖအား တောင်းဆိုလိုက်သည်။ ယင်းကော်မတီ၏ ညှိနှိုင်းရေးမှူးတဦးဖြစ်သူ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ တွဲဘက်အထွေထွေအတွင်းရေးမှူး ဦးငွေလင်းက ယင်းလှုပ်ရှားမှုကို ဦးတည်ချက် (၃) ရပ်ဖြင့် လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်သူလူထုက နိုးကြားလာပြီး နိုင်ငံတကာမိသားစုမှ မိမိတို့လှုပ်ရှားမှုအားထောက်ခံလာစေရန်နှင့် နအဖစစ်တပ်ထဲမှ တပ်မှူးတပ်သားများအား မိမိတို့၏ ရပ်တည်ချက်သဘောထားများအပေါ် ပိုမိုနားလည်သဘောပေါက်လာစေရန် ဖြစ်ကြောင်း မိုးကြိုးသို့ရှင်း လင်းတင်ပြသွားသည်။

❖



ပြည်သူလူထုအတွင်းဖြန့်ဝေခဲ့သော ပို့စကဒ်များ



## တိတ်ဆိတ်မြေ

တိတ်ဆိတ်မြေမှာ၊ ဘယ်သူမှ မပြောနိုင်တာက
တယောက်ယောက်ကများ ချောင်းနားထောင်နေမလား
လျှို့ဝှက်ချက်တွေ ပြန်ရောင်းနိုင်ဖို့လေ။
သတင်းပေးတို့ကို နိုင်ငံ့သွေးနဲ့ တန်ဖိုးသင့်ပေး
ဒီတော့ မင်းဆိုးတို့မကြိုက်တာကို ဘယ်သူမှမပြောရဲ။

မြန်မာနိုင်ငံဆိုတဲ့ တိတ်ဆိတ်မြေမှာလေ၊
ရယ်မောသံ တိတ် .... အတွေးအမြင် ဆိတ်။
ဟောဒီ မြန်မာနိုင်ငံဆိုတဲ့ တိတ်ဆိတ်မြေမှာ၊
ဆိတ်ငြိမ်နေတဲ့လူထုကြီးအတွင်းက တိတ်ဆိတ်ခြင်းအသံကို ကြားနိုင်

တိတ်ဆိတ်မြေမှာ၊ ဘယ်သူမှ မပြောနိုင်တာက
စစ်သားတွေ ဘယ်အချိန်လာပြီး မ,သွားမလဲ။
တရုတ်က လမ်းရချင်၊ ပြင်သစ်က ရေနံလိုချင်နဲ့၊
ယိုးဒယားက သစ်ယူ၊ နဝတက ခိုးရာပါပစ္စည်းတွေယူနဲ့ ....

တိတ်ဆိတ်မြေမှာလေ ....
တိတ်ဆိတ်မြေမှာ၊ ဘယ်သူမှမကြားနိုင်တာက
အသတ်ခံရသူတွေရဲ့ တိတ်သွားတဲ့အသံ
နောက်ပြီး အကြောက်တရားနဲ့ ပိတ်ဖုံးထားတဲ့အသံ။
ဘယ်လိုပင် ဇွတ်အတင်းလုပ်လုပ်၊ လွတ်လပ်မှုဆိုတဲ့အသံကို
*လူလိမ်လူညာတို့ မတုပနိုင် မှိန်ပျောက်သွားအောင် ဖုံးမပစ်နိုင်ပေ့ါ။*

အောင်ဆန်းစုကြည်

ဂါမဏိ ဘာသာပြန်ဆိုသည်။

## ဒေါ်အောင်ဆန်းစုကြည် မွေးနေ့ဆုတောင်းသဝဏ်လွှာ

လူထုခေါင်းဆောင်၊ ဒီမိုကရေစီမီးရှူးတန်ဆောင် အမျိုးသားညီညွတ်ရေး၏ ဗိသုကာ ဒေါ်အောင်ဆန်းစုကြည်၏ (၆၂) နှစ်မြောက်မွေးနေ့အခါသမယတွင် သူမ,ချစ်သော ပြည်သူလူထုကြီး၏ အနာဂတ်မျှော်မှန်းချက်များ ပြည့်ဝလျက်၊ ငြိမ်းချမ်းပြီး သာယာဝပြောသော၊ လူလူချင်း တန်းတူသော ခေတ်မှီမြန်မာနိုင်ငံတော်သစ်ကြီးအား သူမ၏ခေါင်းဆောင်မှုဖြင့် အမြန်ဆုံးတည်ဆောက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံလွတ်လပ်သော သတင်းအေဂျင်စီ
သက္ကရာဇ် ၂၀၀၇၊ ဇွန်လ (၁၉) ရက်



## ဘာကြောင့်တိုက်

မနှစ်တုံးက ငါ့အဖေကို သူတို့သတ်ခဲ့၊
ပြီးတော့ ငါ့တဲကို မီးရှို့
"ဘာကြောင့် ငါ့ကိုမှ ဒီလိုလုပ်ရတာလဲ"
မြို့ကြီးသားတွေကိုမေးလဲ သူတို့လှည့်မကြည့်
"မသိဘူး၊ ကိုယ့်ဟာကိုယ် အေးအေးနေ"တဲ့။
တနေ့ ငါ မူလတန်းကျောင်းက အိမ်ပြန်အလာ၊
ငါ့အမ အသက်မဲ့၊ သွေးအိုင်ထဲမှာ။

ဘာဖြစ်တာလဲ မေးဖို့လိုက်ရှာ၊ တယောက်ယောက်များ သိလေမလား
သွေးလွှမ်းတဲ့အိမ်ခန်းကလွဲပြီး ဘယ်သူမှမတွေ့
ရွာလယ်လမ်းပေါ် ငါတယောက်ထဲလျှောက်ပြေး
ဘယ်သွားရမှန်းမသိပေမဲ့ ဆရာမဆီခြေဦးလှည့်မိ
ငါ့အသိကို ရှင်းပေးနိုင်တာ သူတယောက်ထဲလို့ နားလည်ထား
သို့သော် ဒီတခါတော့ သူ မတတ်နိုင်၊
အထူးအဆန်းကိစ္စတွေ ကြောက်ရွံ့စွာပြောပြ။

ဘာဖြစ်လို့လဲ၊ ဆရာမရယ်၊ ဘာဖြစ်လို့လဲ .... ဘာ .... ဘာဖြစ်လို့လဲ ....
ငါ့မှာ အဖေလဲမရှိတော့၊ အမလဲမရှိတော့။
ဆရာမပြောတော့ ငါ့ကို ကောင်းရာညွှန်လတ် အတတ်သင်စေမယ်ဆိုတာ
ညာပြောတာလားဟင်။
ဒီတခါ မျက်ရည်တွေတွေကျရင်း ဆရာမထပ်ပြော ....
"ကြီးလာအောင်သာ လုပ်စမ်းပါ၊ သားရယ်၊
ဒို့အားလုံး အသက်ငင်နေကြတာ မတွေ့ဘူးလား။
မင်းကြီးလာတာနဲ့တခါတည်း ဒီဥစ္စာကို အင်နဲ့အားနဲ့တားပစ်လိုက်၊
ဘာလို့လဲဆိုတော့ ဒို့အားလုံး ခံနေရတာမို့။"

အောင်ဆန်းစုကြည်

ဂါမဏိ ဘာသာပြန်သည်။

● စာမျက်နှာ (၁၄) ... တိုင်းမှုး၏ ညှော်ခန်းမဆောင်ဆောင်းပါးမှ

"သဘာဝ ပုလဲစစ်ပါမမ။ ဖွေးဖွေးအိအိကြီးပါမမ။ ဒါလည်း ညီမတို့ကံကောင်းလို့ ရခဲ့တာပါမမ"

ကိုရွှေကျောက်ပုလဲစိန်၏မျက်စိအစုံမှာ မျက်တောင်မခတ်တော့ပဲ ပုလဲပွင့်များကိုသာ စူးစိုက်ကြည့်နေမိ၏။ ထိုညှော်သည် အမျိုးသမီးက အစိမ်းရောင်ကတ္တီပါဗူးထဲမှ ကျောက်စိမ်းလက်ကောက်နှစ်ကွင်းကို ဆွဲထုတ်လိုက်သည်။ ပြီးတော့ တိုင်းမှုးကတော်၏လက်ထဲ ရွရွလေးထည့်လိုက်ပြန်၏။

"ဂျေဒိုက်ကျောက်စိမ်းပါမမ။ အလင်းမှုန်မြစိမ်းရောင်ပါမမ။ အရည်က ရွှမ်းရွှမ်းအိစိုပါမမ။ ထိတ်တန်းအမျိုးအစားပါမမ။ ညီမတို့ ကံကောင်းလို့ရခဲ့တာပါမမ"

ညှော်သည်အမျိုးသမီး၏ အသံလေးမှာ ရွှမ်းရွှမ်းဝေ၍နေပါသည်။ တိုင်းမှုးကတော်ကတော့ ပြုံးပြီးရင်းပြုံးရင်း ပြုံး၍ မဆုံးဖြစ်နေ၏။

ထိုစဉ် ညှော်သည်အမျိုးသား၏ နောက်ထပ်အစီအရင်ခံသံက ကိုရွှေကျောက်ပုလဲစိန်၏ နားတွင်းသို့ ဝင်လာပါသည်။

"အဘရဲ့ လမ်းညွှန်ချက်အရ 'နဝင်းကျေ ရန်ပြေ' စေတီကို တည်နေပါတယ်၊ အုတ်မြစ်ချပြီးသွားပါပြီ။ နာမည်ကြီး ဆရာတော်တွေကိုချည်း ပင့်ဖိတ်ပြီး အုတ်မြစ်ချခဲ့တာပါ"

အဘဆိုတာ တိုင်းမှုးကို လက်အောက်ငယ်သားတွေက ခေါ်ဝေါ်သော အသုံးအနှုန်းဖြစ်၏။ တဖက်တွင် ညှော်သည်စစ်ဗိုလ်က တိုင်းမှုးထံလျှောက်ထားအစီအရင်ခံ ....။ အခြားတဖက်တွင် ညှော်သည်အမျိုးသမီးက တိုင်းမှုးကတော်ရှေ့မှောက် ဒူးထောက်ပြီး အစီအရင်လည်းခံ၊ အဖိုးတန်ပစ္စည်း တခုပြီး တခုကိုလည်း ဆက်သ ....။

"မမရယ် .... ဒါလေးကိုကြည့်ပါဦး"

ညှော်သည်အမျိုးသမီး၏အသံက ထွက်လာသည်။ ဤတွင် ကိုရွှေကျောက်ပုလဲစိန်၏အာရုံသည် အမျိုးသမီးဝိုင်းသို့ တမဟုတ်ချင်းကူးသွား၏။ တမဟုတ်ချင်း သူတွေ့လိုက်ရသည့်မှာ (၆ x ၄) ခန့် အဖြူရောင်ကတ္တီပါဗူးပြားပြား ....။ ထိုဗူးပြားလေးထဲမှ ဆွဲထုတ်လိုက်ပြီး တိုင်းမှုးကတော်လက်ထဲ ယုယုယယလေး ထည့်လိုက်သည်မှာ တဝင်းဝင်း၊ တလင်းလင်း၊ တဖိတ်ဖိတ်၊ တလက်လက်တောက်ပနေသော စိန်လည်ဆွဲ ....။

"အပြာရောင်လေးသန်းနေပါတယ်မမ။ အပြစ်အနာ စင်ပါတယ်မမ။ သဘာဝ စိန်စစ်စ်ပါမမ။ ညီမတို့ ကံကောင်းလို့ ရခဲ့တာ ပါမမ ...."

ကိုရွှေကျောက်ပုလဲစိန်စိတ်ထဲ ညှင်းညှင်းကလေး ရေရွတ်မိပြန်သည်။

"ညီမတို့ ကံကောင်းလို့ရခဲ့တာပါ ဆိုတာတော်ကလည်း ဆက်တိုက်ကိုထပ်ပြီး လုံးချင်းထပ်နေပြန်ပါလား .... "

အဲဒီလိုစိတ်ထဲက ရေရွတ်မိရင်း ကိုရွှေကျောက်ပုလဲစိန်ခမျာ ....

"ဟာ .... ဒါ ဥစ္စာစောင့်အပျိုခုနစ်ဖော်စောင့်ရှောက်နေတဲ့ သိုက်နန်းထဲများ ရောက်နေရလား"ဟု စိတ်ထဲ ဇဝေဇဝါထင်စိုးထိတ်သွားသည်။ ထိုစဉ် တိုင်းမှုး၏ ခပ်ဟိန်းဟိန်အသံက သူ့နားထဲ ဒိုင်းကနဲဝင်ဆောင့်လိုက်သည်။

"နဝင်းကျေ ရန်ပြေစေတီ ထီးတင်းရင် ကြီးကြီးကျယ်ကျယ်ပွဲစည်ပါစေ။ နာမည်ကြီးပေ့ဆိုတဲ့ ဘုန်းကြီးတွေကိုချည်း များများပင့်။ ကြွချင်လာချင်အောင် အလှူပစ္စည်းများများကြီးလှူ။ အဲ့လိုများများကြီး လှူမယ့်အကြောင်း ဘုန်းကြီးလောကထဲနှံ့အောင်ကြိုပြီးသတင်းလွှင့်ထား။ နာမည်ကြီးဘုန်းကြီးတွေ များများကြွလာလေ ပရိတ်သတ်များများစည်လေ။ အကျိုးဆက်က တပ်မတော်နဲ့လူထု နီးစပ်လေ။ ဒီလိုစည်ရုံးရေးကောင်းလေ မောင်မင်းလည်း ရာထူးတက်လေ။ အဲ့ဒါကို ကြပ်ကြပ်သတိထားလုပ်။"

တိုင်းမှုးအမိန့်ကြောင့် ကိုရွှေကျောက်ပုလဲစိန်၏စိတ်ထဲ ဤသို့တွေးမိ၏။

"ဒီစစ်ဗိုလ်တွေဟာ ခုတုံးလုပ် အသုံးချတဲ့နေရာမှာ ဘုရားကိုတောင် ချမ်းသာမပေးဘူး။ ဘုန်းကြီးတွေလည်း အလွတ်မထား။ ပက်စက်လွန်းလှချည်လား။ ဘုရားရိုက်တော့မှာပဲ။ ဘုန်းကြီးလည်းရိုက်တော့ ...."

ကိုရွှေကျောက်ပုလဲစိန်၏ အတွေးမဆုံးခင် တိုင်းမှုး၏ "ကဲ ....ဒါပဲ" ဆိုတဲ့ ခပ်ပြတ်ပြတ် ပွဲသိမ်းသံထွက်လာသည်။ ထိုပွဲသိမ်းသံဆုံးသည်နှင့် ညှော်သည်အမျိုးသားနှင့် ညှော်သည်အမျိုးသမီးတို့စုံတွဲသည် ကြမ်းပြင်တနေရာသို့ ပြောင်းရွှေ့နေရာယူပြီး တိုင်းမှုးစုံတွဲကို ဦးကုန်းချပါတော့သည်။ ဤတွင် ကိုရွှေကျောက်ပုလဲစိန် ထိတ်လန့်သွား၏။

"ဟိုက် .... ဒုက္ခပါပဲ။ ငါက စစ်တပ်က သိမ်းထားတဲ့ ငါ့မြေကို ပြန်ရအောင် မောင်တူတော်အားကိုးနဲ့လာပြီး အကူအညီတောင်းတာ။ ငါ့မှာပါလာတာက မိသားစုတံဆိပ်မုန့်ဗူးကတဗူး၊ ဗုဒ္ဓဟူးနာမ်၊ ကြာသာပတေးနာမ်၊ သောကြာနာမ်၊ နေ့နာမ်အစဉ်လိုက်မို့ အညွန့်ခုတ်ပါတဲ့ လိမ္မော်သီးက (၉) လုံး၊ ဒီကြားထဲ ဟိုစုံတွဲ ဦးကုန်းချသလို လိုက်မလုပ်ရင် အပူလာကပ်တဲ့ကောင်က လူပါးဝလိုက်တာလို့ ထင်တော့မယ်။ ဟာ .... ဘယ်နှယ့်လုပ်ရပါ့။ ဆက်ထိုင်နေလည်း အခက်။ ထပြေးလည်းအခက် ...."

ကိုရွှေကျောက်ပုလဲစိန် ဇောချွေးတွေပြန်လာ၏။ ဒိတ် ဒိတ်ခုန်လာသော ရင်ဝကို ယာလက်ဖြင့် ဖိထားလိုက်၏။ သူ့မျက်နှာမှာလည်း ဖြူဖတ်ဖြူရော်ဖြစ်လာသည်။ သတိလက်လွတ်သွား ငိုချင်းတေးတပုဒ်ကို ယောင်ပြီးဟစ်လိုက်မိ၏။

"အကြိုရခက်ပါသနော်၊ တိုင်းမှုးနဲ့ တိုင်းမှုးကတော်ရယ်၊
ဒီဖေမယ် ဒုက္ခတွေများ ....
အား .... ဟား .... ဟား ....
အား .... ဟား .... ဟား ...."

ဤငိုချင်းသံနှင့်အတူ ပြည်ဖုံးကားခေါ်ကန့်လန့်ကာကားလိမ်ကကျလာပြီး ဇာတ်ကွက်တကွက်ပွဲသိမ်းသွားပါတော့သည်။

ဇာတ်ကွက်ပွဲသိမ်းသွားတော့ ဦးခြိုသူကြီးကမေး၏။

"ကိုရွှေကျောက်ပုလဲစိန်ရယ်။ ဒါဟာ အဟုတ် အဟုတ်လား၊ လုပ်ဇာတ်လား"

ဤတွင် ကိုရွှေကျောက်ပုလဲစိန်က ဤသို့နိဂုံးသတ်လိုက်၏။

"ဒီလိုဆိုရင် နဝတ နအဖစစ်ဗိုလ်ချုပ်တွေကို စိန်ခေါ်လိုက်မယ်။ ငြင်းရဲရင်ငြင်း။ နာမည်နဲ့ကိုဖော်ထုတ်လိုက်မယ်။ ဟဲ .... ဟဲ ...."

ဦးခြိုသူကြီး
(ပုန်းခဲ့ရာခြံ၊ ပြည်တွင်း)

❖

> စာရေးသူထံသို့ မေတ္တာရပ်ခံချက်
>
> အခက်အခဲအမျိုးမျိုးကြောင့် စာရေးသူရေးဆွဲခိုင်းသော တိုင်းမှုး၏ ညှော်ခန်းမဆောင် သရုပ်ဖော်ပုံအား မရေးဆွဲနိုင်သည့်အတွက် အနူးအညွတ်တောင်းပန်အပ်သည်။
>
> အယ်ဒီတာအဖွဲ့

အနီးခေတ် ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုသမိုင်းအကျဉ်း ၁၉၄၈–၂၀၀၀




စာအုပ်အမည် – အမှောင်ကြားက ဗမာပြည်
ပြုစုရေးသားသူ – ဝင်းတင့်ထွန်း
ထုတ်ဝေသည့်ခုနှစ် – ၂၇၊ ၅၊ ၂၀၀၇
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၁၀ ဒေါ်လာ (စာပို့ခမပါ)

ဆက်သွယ်ရန်
P.O.Box 50
AP Mae Sot
Tak 63110
Thailand.

| | | | | | |
|---|---|---|---|---|---|
| [redacted] | | ၇၀။ ညီညီဦး | NLD | ၈၅။ ထိန်ဝင်း | NLD |
| | | ၇၁။ သန်းထွဋ် | NLD | ၈၆။ အောင်သိန်း | NLD |
| ၅၇။ တင်ရီ | – | ၇၂။ ထွန်းထွန်း | NLD | ၈၇။ ဂစ်သန်းမနီး | NLD |
| ၅၈။ ဒေါ်ရှု | – | ၇၃။ ခင်မြတ်သူ | – | ၈၈။ ဗလ | NLD(MP) |
| ၅၉။ စုစုနွေး | – | ၇၄။ သူဇာ | – | ၈၉။ ဇင်မမထွန်း | NLD |
| ၆၀။ ကျော်စိုးဦး | NLD | ၇၅။ မြင့်ဇော် (ခ) ဇော်မင်း | – | ၉၀။ ကျော်ဦး | NLD |
| ၆၁။ မျိုးမြင့်ငြိမ်း | NLD | ၇၆။ ဆန်နီ (ခ) ဆင်မြူရယ်ထွန်း | – | ၉၁။ သန်းအောင် | NLD |
| ၆၂။ မျိုးမင်းစိုး | NLD | ၇၇။ ဥမ္မာမြင့် | – | ၉၂။ သောင်းမြင့် | NLD |
| ၆၃။ မျိုးမင်းအေး | NLD | ၇၈။ မြင့်အေး | – | ၉၃။ ကိုပေါက် | NLD |
| ၆၄။ အေးမင်းစိုး | NLD | ၇၉။ မင်းဇော် | – | ၉၄။ ဝင်းနိုင် | NLD |
| ၆၅။ နေစိုး | NLD | ၈၀။ တင်တင်မော် | NLD | ၉၅။ အောင်သန်း | NLD |
| ၆၆။ စန်းထွန်း | NLD | ၈၁။ ဖြူဖြူသင်း | NLD | ၉၆။ အောင်ငွေး | NLD |
| ၆၇။ ခင်ဝင်း | NLD | ၈၂။ ခင်ထွန်း | NLD | ၉၇။ N/A | NLD |
| ၆၈။ မွန်းနိုင် | NLD | ၈၃။ ထွန်းလွင် | NLD | ၉၈။ N/A | NLD |
| ၆၉။ သန်းနိုင် | NLD | ၈၄။ ရီရီမြ | NLD | ၉၉။ ထွန်းထွန်း | NLD |




> သမိုင်းက ကိုယ့်ကိုပုံပေးလာတဲ့တာဝန်ကို ကိုယ်ကမထမ်းဆောင်ပဲ နောင်မျိုးဆက်တွေကိုချန်ပေးမယ်။ ပိုခက်အောင်တောင် ဖန်တီးပေးခဲ့မယ်ဆိုရင် ကိုယ့်သမိုင်းဘာဖြစ်သွားမလဲ၊

**ဗညြ**

အဲဒီလူတွေဟာ စစ်ဦးဘီလူးဆိုပြီး ကြမ်းလေ့ရမ်းလေ့ရှိတယ်။ အကြပ်အတည်း တွေ့ရင်လည်း ချောင်ပိတ်မိတဲ့ခွေးလို တွေ့ရာထိုးဟပ်တတ်တယ်။ ရှက်ရမ်းရမ်း၊ ရှက်ကန်ကန်တတ်တယ်။ အရေးကြီးတဲ့လုပ်ငန်း တခုလုပ်မယ်ဆိုရင် အားလုံးကိုကြောက်လန့်နေအောင် ကြိုတင်ပြီး အမြောက်နဲ့ထုတာမျိုးလုပ်တတ်တယ်။ လူတယောက်မိဖို့အတွက် လူတရာကို ဖမ်းချင်ရင် ဖမ်းရပါစေဆိုတဲ့ မှုကို အမြဲကိုင်စွဲထားတယ်။

အဲဒါ ဖက်ဆစ်လုပ်ဟန်ပဲ။ ဗမာပြည်မှာ ဖက်ဆစ်စစ်ဝါဒ အခြေကျသွားမယ့်အန္တရာယ် တကယ်ကျရောက်နေပြီ။ သဘောတရားအရမဟုတ်ဘူး။ လက်တွေ့အရပြောနေတယ်။ နအဖရဲ့လမ်းပြမြေပုံ (၇) လှမ်းကိုသာ လုပ်ကိုင်ခွင့်ပေးလိုက်ရင် ၂၀၀၇ ကနေ ၂၀၁၀ ခုနှစ်ဟာ ဗမာပြည်မှာ ဖက်ဆစ်စစ်ဝါဒအခြေချတဲ့ကာလဖြစ်လာမှာပဲ။ ဒင်းတို့အခြေချနိုင်မလား၊ အခြေမချနိုင်ဘူးလားဆိုတာ မကြာလှတော့တဲ့အချိန်အတွင်း အဖြေပေါ်တော့မှာပဲ။

ကမ္ဘာ့သမိုင်းမှာ ဖက်ဆစ်စစ်ဝါဒီတွေ အကြာကြီး အာဏာရတဲ့အဖြစ်အပျက်တွေ အများကြီးရှိတယ်။ အဲဒီဖက်ဆစ်တွေဟာ အရှေ့အနောက်နိုင်ငံကြီးတွေနဲ့ ပုံမှန်သံတမာန်ဆက်ဆံရေးထားရှိခဲ့ယုံမက တစားပွဲထဲထိုင်ဒူးနှန့်နေခဲ့ကြတယ်။ သေတော့လည်း သဘာဝနည်းအရပဲ သေသွားခဲ့တယ်။ ဒါ ဗိုလ်နေဝင်း တယောက်ထဲမဟုတ်ဘူး။ စပိန်က ဖရန်ကို၊ ချီလီက ပင်နိုရှေး၊ ပါကစ္စတန်က စစ်အာဏာရှင်အဆက်ဆက်၊ အင်ဒိုနီးရှားက ဆူဟာတို၊ အာဖရိကမှာလည်း တပုံတခေါင်းကြီး၊ စာရင်းဟာ ကုန်ပဲမကုန်နိုင်ဘူး။ ဆိုလိုတာ စစ်ဖက်ဆစ်တွေ အခြေကျသွားပြီဆိုရင် အကြာကြီးမြဲနေတတ်တယ်ဆိုတာပဲ။ တဆက်ထဲမှာ ပြောသင့်တာကရမှာက စစ်အာဏာရှင်တွေရဲ့အုပ်စိုးမှုကို လူထုနည်းနဲ့ သာဖယ်ရှားနိုင်တယ်။

ဗမာပြည်မှာ စစ်ဖက်ဆစ်တွေစိုးမိုးတာကို ၁၉၄၀ ခုနှစ် အစောပိုင်းကတည်းက ကြုံခဲ့ဖူးပြီ။ ဒါပေမဲ့ အဲဒီတုန်းကနဲ့အခု မတူတာတွေရှိနေတယ်။ ဟိုတုန်းက ဗမာပြည်ကို အုပ်စိုးတဲ့စစ်ဖက်ဆစ်ဟာဂျပန်။ တိုင်းတပါးကလူတွေ။ နောက်ပြီး သူ့မဟာမိတ်တွေဖြစ်တဲ့ ဂျာမဏီနဲ့အီတလီက ဟိုအဝေးကြီးမှာ။ ဗမာပြည်ရဲ့အိမ်နီးနားချင်းတွေက အားလုံးလိုလို ဂျပန်ကိုဆန့်ကျင်ကြတယ်။ သူတို့နဲ့ စစ်ရေးအရပါ လက်တွဲလို့ရတယ်။ နောက်ပြီး ပြည်သူလူထုဟာ ကိုယ့်ပြည်တွင်းမှာပဲ ဂျပန်ဆန့်ကျင်တဲ့အင်အားအဖြစ် ခိုင်ခိုင်မာမာ စုစုစည်းစည်း တည်ရှိနေကြတယ်။ ဒါကြောင့် အဲဒီ ဂျပန်ဖက်ဆစ်တွေကို လွယ်လွယ်ကူကူပဲ တွန်းလှန်နိုင်ခဲ့ကြတယ်။

အခု အဲဒီလိုမဟုတ်ဘူး။ အခုအခြေချမယ့် ဖက်ဆစ်စစ်ဝါဒီဆိုတာ နိုင်ငံခြားသား မဟုတ်ဘူး။ ကိုယ့်တိုင်းပြည်ထဲက လူမျိုးကြီး။ သူ့မှာ မချစ်သော်လည်း အောင့်ကာနမ်းနေကြတဲ့ အိမ်နီးချင်းတွေရှိတယ်။ သူ့ကိုဆန့်ကျင်တယ်ဆိုတဲ့လူကလည်း အားကိုးလောက်တာမဟုတ်ဘူး။ မန္တလေးကစည်တော်ကြီးလိုပဲ။ ဝေ့ကာဝိုက်ကာ အကြာကြီးပြောဆိုလှည့်ပတ်နေပြီး၊ နောက်ဆုံးကျမှ စည်ကြီးကို အသာလေးလက်ဝါးလေးနဲ့ သပ်လိုက်တာ။

ဒီလိုအချိန်မှာ နအဖဟာ သူ့အတွက် နိုင်ငံတကာရေးရာမှာ အသက်ရှုပေါက်ရယုံမက တခြားနိုင်ငံတွေရဲ့ ပဋိပက္ခအကြားမှာ ကစားနိုင်တာ၊ လူလည်လုပ်နိုင်တယ်လို့ ယူဆနေတယ်။ ကမ်းလွန်ရေနံကိစ္စမှာ တရုတ်နဲ့ အိန္ဒိယအကြား ကစားနေတာကိုပဲကြည့်။ ဒီနေ့ကာလဟာ နိုင်ငံအားလုံး ကိုယ့်ကိစ္စနဲ့ကိုယ်အလုပ်တွေရှုပ်နေကြတဲ့အချိန်ဖြစ်တယ်။ သူများတိုင်းပြည်အရေးဝင်လိုက်လို့ ထမင်းရည်ပူလောင်နေတဲ့သာဓကတွေ နေရာအနှံ့တွေ့နေရတယ်။ ဒါကြောင့် ကယ်တင်ရှင် ထိုင်မျှော်နေလို့မဖြစ်ဘူး။ နိုင်ငံတကာအခြေအနေကို မှန်မှန်ကန်ကန် အကဲဖြတ်ဖို့လိုတယ်။

ပြည်ပကိုအားကိုး၊ ပြည်ပမှာချည်း လှုပ်ရှားနေရင် ပြည်တွင်းမှာ နအဖထင်သလိုလုပ်နိုင်သွားလိမ့်မယ်။ ပြည်တွင်းမှာ နအဖထင်သလိုမလုပ်နိုင်ဖို့ အရေးကြီးတယ်။ ဒါအဓိကဖြစ်တယ်။

သမိုင်းက ကိုယ့်ကိုပုံပေးလာတဲ့တာဝန်ကို ကိုယ်ကမထမ်းဆောင်ပဲ နောင်မျိုးဆက်တွေကိုချန်ပေးမယ်၊ ပိုခက်အောင်တောင် ဖန်တီးပေးခဲ့မယ်ဆိုရင် ကိုယ့်သမိုင်း ဘာဖြစ်သွားမလဲ။

ပြည်တွင်းလုပ်ငန်းကို ပုံစံမျိုးစုံနဲ့ ဖော်ကြရမယ်။ မြေပေါ်၊ မြေအောက်၊ ဥပဒေတွင်း၊ ဥပဒေပ၊ နည်းနာအားလုံး အသုံးပြုရမယ်။ မြေအောက်လုပ်ငန်းကို မလုပ်တတ်လို့မလုပ်ပဲနေလို့မဖြစ်ဘူး။ ဒီနေ့လိုကာလမှာ အခြေခံအဆောက်အအုံတွေ၊ မြေအောက်ဆက်သွယ်မှုတွေမရှိဘဲ ကျန်တာတွေ သွက်သွက်လက်လက် လှုပ်ရှားနိုင်ဖို့မလွယ်ဘူး။ ဒီသဏ္ဌာန်မျိုးစုံကို ပေါင်းစပ်ဖို့ဆိုတာမှာ မြေအောက်လုပ်ငန်းဟာ အင်မတန်အခရာကျတယ်။ မလုပ်တတ်ရင်သင်ပဲ။ အရေးကြီးတာ မြေအောက်လုပ်ငန်းအပေါ် ဘယ်လိုသဘောထားနဲ့ လုပ်တယ်ဆိုတာပဲ။ လေးနက်မှု ဘယ်လောက်ရှိသလဲ။ သေရေးရှင်ရေးလို့ သဘောထားရဲ့လား။ ဒီအတွက် အဆုံးစွန်စွန့်လွှတ်ဖို့ ပိုင်းဖြတ်မှုရှိရဲ့လားဆိုတာတွေ သေချာစဉ်းစားထားရမယ်။ မြေအောက်လုပ်ငန်းရဲ့ အဓိကချတ်ယွင်းချက်ဟာ မလုပ်တတ်တာဆိုတာထက် မလေးနက်တာလို့ဆိုရင် ပိုမှန်လိမ့်မယ်။ မလေးနက်တော့ မြေအောက်စည်းကမ်းတွေကိုလည်း ဖောက်ဖျက်တတ်တာပဲ။

ဗမာပြည်မှာ အင်္ဂလိပ်နယ်ချဲ့ကိုဆန့်ကျင်တဲ့ မြေအောက်လုပ်ငန်းဟာ ၁၉၃၀ ခုနှစ် နောက်ဆုံးပိုင်းလောက်မှာမှ ပေါ်တာပဲ။ ဒီအယင်က မလုပ်တတ်ဘူး။ မလုပ်ခဲ့ဘူး။ ဒီလိုပဲ မုဆိုးစိုင်သင်လုပ်ရင်း နောက်ဘာမှမကြာခင်မှာ ဂျပန်ဖက်ဆစ်တော်လှန်ရေးကြီးကို ဆင်နွှဲနိုင်ခဲ့တာပဲ။ အဲဒီတုန်းက မြေအောက်လုပ်ငန်းသာမရှိရင် ဂျပန်ဖက်ဆစ်ကိုမတော်လှန်နိုင်ဘူး။ ဂျပန်ဖက်ဆစ်ကိုသာမတော်လှန်နိုင်ခဲ့ရင် တိုင်းပြည်ဘာဖြစ်မလဲ။ မတွေးဝံ့စရာပဲ။ ဗမာ့မြေပြင်ပေါ်မှာ အင်္ဂလိပ်နဲ့ဂျပန်ထပ် တိုက်နေကြမလား။ ဟီရိုရှီးမားတို့လို အမေရိကန်က အနုမြူဗုံးလာချမလား။ ဗမာပြည်သူလူထုပဲ တုတ်၊ ဓားဆွဲပြီး ရေရှည်တော်လှန်ကြရမလား။ ဘာမဆိုဖြစ်နိုင်တယ်။ ပြန်ကြည့်လိုက်ရင် ကမ္ဘာမှာ ဘယ်နိုင်ငံက ဘယ်လိုတော်လှန်ရေးမဆို မြေအောက်လုပ်ငန်းရယ်လို့ ရှိကြတာချည်းပဲ။

ဒီနေ့အခြေအနေအရ ယူဂျီရဲ့အဓိကကျတဲ့နောက်တာဝန်တခုဟာ မျိုးဆက်သစ်တွေ မွေးမြူရေးဖြစ်တယ်။ ဒီနေ့လို နအဖရဲ့စစ်ထောက်လှမ်းရေး အားချိန့်ချိန်မှာ ပိုလှုပ်ရှားရမယ်။ ထပ်ပြောရရင် မျိုးဆက်သစ်မွေးမြူဖို့ဆိုတာလည်း အဓိကအားဖြင့် ပြည်တွင်းမှာပဲဖြစ်ရမယ်။

ဗညြ

❖

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
ဇော်ဝဇိုး

**တာဝန်ခံအယ်ဒီတာ**
နေသွင်

**သတင်းအယ်ဒီတာ**
စောသမင်းထိုက်ကျော်၊ ကျော်ဦးညို၊
ဘုန်းမြင့်၊ ခွာညို

**စာမျက်နှာဖွဲ့စည်းမှု**
အောင်ထက်

မိုးကြိုးသတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
www.binamojo.org
binamojo@cscoms.com

ပြည်တွင်းလှုပ်ရှားမှု ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအံတုမှုကော်မတီ
နှင့်
နိုင်ငံရေးအကျဉ်းသားများ
ကူညီစောင့်ရှောက်ရေးအသင်း
(မြန်မာနိုင်ငံ)
တို့အား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

- ကိုယ့်အခွင့်အရေးအတွက် ကိုယ်တိုင်တိုက်ပွဲဝင်ကြ။
- ကောင်းတဲ့ကိစ္စ၊ တရားတဲ့ကိစ္စမှန်သမျှ ရဲရဲလုပ်ကြ။
- မတရားတဲ့အမိန့် အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ။

# ရွေးကောက်ပွဲနှစ်ပတ်လည်နေ့ အမြို့မြို့ အနယ်နယ်၌ အဲန်အယ်လ်ဒီကကျင်းပ ပြည်သူ့လွှတ်တော်ခေါ် ယူရေး စစ်အစိုးရအား တောင်းဆို




ရွှေဂုံတိုင် အဖွဲ့ချုပ်ရုံးတွင်ကျင်းပခဲ့သော (၁၇) နှစ်မြောက် ရွေးကောက်ပွဲနှစ်ပတ်လည်နေ့အခမ်းအနား

၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် (၈၂) ရာခိုင်နှုန်းကျော် အနိုင်ရခဲ့သည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ မေလ (၂၇) ရက်နေ့က ရွေးကောက်ပွဲနှစ်ပတ်လည် အခမ်းအနားတွင် ထုတ်ပြန်ကြေညာရာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကော်မရှင်အား ပြည်သူ့လွှတ်တော် ခေါ်ယူဖွဲ့စည်းပေးနိုင်ရန် သီးသန့်အစီရင်ခံစာကို လူသိရှင်ကြား အမြန်ဆုံးထုတ်ပြန်ပေးရန်နှင့် နအဖကိုလည်း ပြည်သူ့လွှတ်တော်ကို အမြန်ဆုံးခေါ်ယူပေးရန် တောင်းဆိုလိုက်သည်။

နေ့လည် (၁၂) နာရီတိတိ၌ အဖွဲ့ချုပ်ဌာနချုပ်ရုံးတွင်ကျင်းပသော ယင်းအခမ်းအနားတွင် သဘာပတိအဖြစ် ဦးလွင် (CEC) နှင့် အခမ်းအနားမှူးအဖြစ် ခွန်မြင့်ထူး (သထုံလွှတ်တော်ကိုယ်စားလှယ်) တို့က ဆောင်ရွက်သည်။ ရန်ကုန်အခြေစိုက် အမေရိကန်၊ ပြင်သစ်၊ ဂျာမဏီနှင့် ဩစတြေးလျသံရုံးများမှ သံတမန်များ၊ ဝါရင့်နိုင်ငံရေးသမားများအဖွဲ့မှ သခင်သိန်းဖေဦးဆောင်သော အဖွဲ့ဝင်များ၊ CRPP အဖွဲ့ဝင်အားလုံး၊ ကိုမင်းကိုနိုင်၊ ကိုကိုကြီးခေါင်းဆောင်သော ရှစ်ဆယ့်ရှစ် ကျောင်းသားများအပါအဝင် ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်းနှင့် ကရင်ပြည်နယ်တို့မှ အဖွဲ့ချုပ်ကိုယ်စားလှယ်များအပါအဝင် ပြည်သူ (၃,၀၀၀) ခန့် စုံစုံညီညီတက်ရောက်ကြကြောင်း သတင်းရရှိသည်။

အခမ်းအနားမတိုင်မီ "ဒေါ်အောင်ဆန်းစုကြည်အားလွှတ်ပေး"စာတန်းပါ တီရှပ်များကို ဝတ်ဆင်ထားကြသော ကျောင်းသားများက "လူထုခေါင်းဆောင် .... ဒေါ်အောင်ဆန်းစုကြည် .... ချက်ခြင်းလွှတ် .... ချက်ခြင်းလွှတ်" ဟူသော ကြွေးကြော်သံများကိုတိုင်ကြားပြီး ဒေါ်အောင်ဆန်းစုကြည်၏ ဓာတ်ပုံပါ မိုးပျံပူပေါင်းများကို လွှတ်တင်ကြ သည်ဟုဆိုသည်။ အခမ်းအနားတွင် အဲန်အယ်လ်ဒီ၏ကြေညာချက်နှင့် ရှစ်ဆယ့်ရှစ် ကျောင်းသားများ၏ ကြေညာချက်များကို ဖတ်ကြားကြသည်။

အခမ်းအနားအပြီးတွင် စီစဉ်ထားသည့်အတိုင်း ရွှေတိဂုံဘုရား၌ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးဆုတောင်းပွဲကျင်းပရန် အဖွဲ့ချုပ်အဖွဲ့ဝင်များမှ ချီတက်လာစဉ် နအဖလက်ကိုင်တုတ် စွမ်းအားရှင်အဖွဲ့မှ အင်အားသုံး၍ လမ်းများကိုပိတ်ဆို့ကာ ဟန့်တားခဲ့သည်။ ယင်းအုပ်စုထဲမှ ဗဟန်းမြို့နယ် မယကဥက္ကဋ္ဌဟုဆိုသူက "ခင်ဗျားတို့လုပ်တာတွေဟာ ပြည်သူတွေကို အလန့်တကြားဖြစ်စေတယ်။ ဒါကြောင့် ခင်ဗျားတို့ အမြန်ဆုံးပြန်ပြီးတော့နောက်ဆုတ်ပါ။ လူစုခွဲပါ"ဟု ပြောဆိုကြောင်း ကျောင်းသားများက "ဒါဆိုဟုတ်ပြီ .... ခင်ဗျားပြောသလို ပြည်သူတွေကို အလန့်တကြားဖြစ်စေတယ်ဆိုရင် တကယ့်ပြည်သူအစစ်တွေကို တအိမ်တက်ဆင်းကျနော်တို့လိုက်မေးမယ်။ သူတို့အလန့်တကြားဖြစ်သလား။ မဖြစ်ဘူးလားဆိုတာ ကိုယ်တိုင်လိုက်မေးမယ်"ဟု ပြန်ပြောကြောင်း။ သို့သော် ၎င်းကလူစုခွဲရန်သာပြောပြီး ဝိုင်းဝန်းပိတ်ဆို့သော နအဖမှစုဆောင်းထားသည့် လူမိုက်တစုက ရိုင်းရိုင်းစိုင်းစိုင်းအော်ဟစ် ပြောဆိုကြကြောင်း သတင်းများအရ သိရှိရသည်။

ကျောင်းသားခေါင်းဆောင်ကိုကိုကြီးမှ ကျောင်းသားများကိုယ်စားပြု၍ ကြံ့ဖွတ်များနှင့်စကားပြောသော်လည်း အပြောမခံတော့ပဲ ရိုင်းရိုင်းစိုင်းစိုင်းနှင့် ဆဲဆိုရန်စပြီး ဝင်ရိုက်မည့်ပုံစံတွေ အမျိုးမျိုးပြုလုပ်နေကြောင်း နောက်ထပ် အင်အားငါးရာခန့် ကားများနှင့် ထပ်ရောက်လာပြီး၊ လမ်းများကို ကန့်လန့်ဖြတ်ပိတ်ဆို့ကြောင်း၊ ယင်းအဖွဲ့ကို ရန်ကုန်တိုင်း တိုင်းမှူးကိုယ်တိုင်ကွပ်ကဲ၍ ဒုတိုင်းမှူးမှ ဓမ္မာရုံထဲမှစောင့်ပြီး စီမံနေကြောင်း မျက်မြင်ပုဂ္ဂိုလ်များပြောကြားချက်များအရ သိရှိရသည်။

ယင်းသို့ ငြိမ်းချမ်းစွာ ဝတ်ပြုဆုတောင်းရန် လမ်းလျှောက်လာသူ အဖွဲ့ချုပ်ဝင်များအား မိုက်ရိုင်းစွာ အကြမ်းဖက် ရန်လုပ်ဆောင်မှုကို အာဏာပိုင်များက ကျောထောက်နောက်ခံပြု စီစဉ်ခြင်းမဟုတ်ဘဲ မည်သို့မျှဖြစ်နိုင်ဖွယ်မရှိကြောင်း ရန်ကုန်မြို့နေ ပုဂ္ဂိုလ်တဦးကပြောကြားခဲ့သည်။

ငြိမ်းချမ်းစွာဝတ်ပြုဆုတောင်းသည့် အဖွဲ့တွင် အသက်အရွယ်ကြီးရင့်သူ အဖွားအိုများ၊ နုနယ်ငယ်ရွယ်သည့် ကလေးသူငယ်များ ပါဝင်နေသည့်အတွက်လည်းကောင်း၊ ရှေ့ဆက်တိုးမည်ဆိုပါက သူတို့ထောင်ချောက်ထဲ ရောက်မည်ဖြစ်သည့်အပြင် ပြည်သူလူထုကလည်း စွန့်စွန့်စားစား လာရောက်

● စာမျက်နှာ (၇) ကော်လံ (၁) သို့ ...

## မေလအတွင်း ဖမ်းဆီးခံရသူများစာရင်း

| | |
|---|---|
| ၁။ အောင်ကျော်စိုး | HRDP |
| ၂။ အေးလွင် | HRDP |
| ၃။ ယဉ်ကြည် | HRDP |
| ၄။ သူရိန်အောင် | – |
| ၅။ ညီညီဇော် | – |
| ၆။ ကျော်ကျော် | – |
| ၇။ အောင်နိုင်ထွန်း | – |
| ၈။ ရွှေချိုး | – |
| ၉။ ဝေလင်း | – |
| ၁၀။ ရဲထွန်းတောက် | – |
| ၁၁။ စိုးထိုက်ကျော် | – |
| ၁၂။ မြင့်လှိုင် (ခ) ကိုမြင့်နိုင် | HRDP |
| ၁၃။ ကျော်လွင် | HRDP |
| ၁၄။ မြစိန် | HRDP |
| ၁၅။ လှရှိန် | HRDP |
| ၁၆။ ကိုမြင့် | HRDP |
| ၁၇။ ကိုဝင်း | HRDP |
| ၁၈။ စန်းဝင်း | NLD |
| ၁၉။ ဝင်းမြင့် | NLD |
| ၂၀။ တင်ယု | Retailer |
| ၂၁။ စန်းနိုင် (ခ) မောင်စန်း | NLD |
| ၂၂။ ရန်နိုင်ထွန်း | Student |
| ၂၃။ အောင်မင်းနိုင် | Seller |
| ၂၄။ ကျော်စိုးဝင်း | Carpenter |
| ၂၅။ လှလှမော် | – |
| ၂၆။ သန့်ဇင်မျိုး | NLD |
| ၂၇။ မျိုးကျော်ဇင် | – |
| ၂၈။ စိုးမင်း | NLD |
| ၂၉။ သစ်လွင်ဦး | – |
| ၃၀။ မြင့်ကျော် | – |
| ၃၁။ သန့်ဇင် | Seller |
| ၃၂။ မြမြစန်း | – |
| ၃၃။ မြလှိုင် | – |
| ၃၄။ အေးမင်းထွန်း | – |
| ၃၅။ နေလင်းအောင် | – |
| ၃၆။ မြင့်ကျော်ဦး | – |
| ၃၇။ ရဲမြတ်ဟိန်း | Student |
| ၃၈။ ရဲအောင် | – |
| ၃၉။ နေထွန်း | – |
| ၄၀။ ကြည်မြင့် | – |
| ၄၁။ ကျော်စိုး (ခ) သော်တာ | – |
| ၄၂။ ဘိုဘိုဝင်းလှိုင် | – |
| ၄၃။ မင်းအောင်လင်း | – |
| ၄၄။ ရဲသိန်းနိုင် | – |
| ၄၅။ ဖြိုးဝေလင်း | – |
| ၄၆။ စောကျော်ကျော်မင်း | – |
| ၄၇။ အေးလွင် | – |
| ၄၈။ ရှိုင်းထက်အောင် | – |
| ၄၉။ ကျော်သူဝင်း | – |
| ၅၀။ ဖြိုးဝေအောင် | – |
| ၅၁။ အေးနိုင် | – |
| ၅၂။ ရဲထွဋ်အောင် | – |
| ၅၃။ ကြည်ဖြူ | – |
| ၅၄။ ရဲမင်းသူ | – |
| ၅၅။ ထွန်းထွန်းနိုင် | Taxi Driver |
| ၅၆။ အောင်တင် | Carpenter |

● စာမျက်နှာ (၁၆) ကော်လံ (၃) သို့

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အင်္ဂလန်ဌာနခွဲ ဖွဲ့စည်း၊ ဒေါက်တာဝင်းနိုင်က ဥက္ကဋ္ဌအဖြစ်တာဝန်ယူ



လန်ဒန်မြို့တွင်ကျင်းပသော အင်္ဂလန်ဌာနခွဲ ဖွဲ့စည်းခြင်းအခမ်းအနား

၂၀၀၇ ခုနှစ်၊ မေလ (၂၈) ရက်နေ့တွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အင်္ဂလန်ဌာနခွဲကို ဖွဲ့စည်းလိုက်ကြောင်း သတင်းရရှိသည်။ ယင်းဖွဲ့စည်းသည့် အစည်းအဝေးတွင် အင်္ဂလန်ဌာနခွဲ၏ ဖွဲ့စည်းပုံအခြေခံဥပဒေစည်းမျဉ်းအား ဆွေးနွေးအတည်ပြုခဲ့သည့်အပြင် အောက်ဖော်ပြပါ နာယက (၃) ဦးနှင့် အဖွဲ့ဝင် (၁၂) ဦး ပါဝင်သည့် လုပ်ငန်းကော်မတီကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်ဟု သိရှိရသည်။

နာယကများမှာ....

ဒေါက်တာခင်ဝင်းနွယ်၊ ဦးလှမျိုး၊ Puscal Khoohtwe။

အဖွဲ့ဝင်များမှာ ....

ဒေါက်တာဝင်းနိုင် (ဥက္ကဋ္ဌ)၊ ဦးလွင်မောင် (ဒုဥက္ကဋ္ဌ)၊ ဒေါက်တာတေဇ (အထွေထွေအတွင်းရေးမှူး)၊ ဒေါက်တာနှင်းနန္ဒာဦး (တွဲဘက်အထွေထွေအတွင်းရေးမှူး – ၁)၊ ကိုရှမ်းကလေး (တွဲဘက်အထွေထွေအတွင်းရေးမှူး– ၂)၊ ဒေါ်နီတာရင်ရင်မေ (သတင်းနှင့်ပြန်ကြားရေး)၊ ကိုအောင်ကျော် (စည်းရုံးရေး)၊ ကိုထွန်းထွန်း (ဘဏ္ဍာရေး)၊ မစုစုကြည် (စာရင်းကိုင်)၊ မသန္တာလွင် (အမျိုးသမီးရေးရာ)၊ ဒေါက်တာနှင်းနန္ဒာဦး (နိုင်ငံခြားဆက်ဆံရေး)၊ ကိုထွန်းသောင်း (ပြည်တွင်းလုပ်ငန်း) တို့ဖြစ်သည်။

❖